.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၀ -

သက်လတ်ပိုင်းအမျိုးသား၏

မျက်လုံးများ အနည်းငယ်

ကျဉ်းမြောင်းသွားပြီး
“သွေးမျိုးဆက် နိုးထခြင်းလား”

သွေးမျိုးဆက် …။

ယန်ယဲ့၏အော်ရာက
အရှုးစိတ်ကြောင့်မဟုတ်ဘဲ
သွေးမျိုးဆက်ကြောင့်သာ

မြင့်တက်လာသည်ကို
သဘာဝအတိုင်း
မြင်တွေ့လိုက်သည်။

သူက
သွေးမျိုးဆက်၏စွမ်းအားကို
ကောင်းကောင်းသိထားပါသည်။
၎င်းက

နတ်ဘုရားနည်းစနစ်တစ်ခုလိုပင်။
ထိုလူ၏ဘိုးဘေးများ
သန်မာလေလေ
သွေးမျိုးဆက်စွမ်းအားကကြော
က်စရာကောင်းလေလေပါ။
မှန်သည်၊ ၎င်းကလည်း
အသုံးပြုသူ
ဘယ်လောက်နိုးထခဲ့ကြောင်းအ
ပေါ်မှာ မူတည်နေသည်။

လက်ရှိတွင် ယန်ယဲ့က
သွေးမျိုးဆက်ကိုအပြည့်အဝ
အသက်သွင်းနိုင်ခြင်းမရှိသေးပေ။

သက်လတ်ပိုင်းအမျိုးသား က သူ့
အတွေးတွေကို ထိန်းပြီး လက်ကို

ဆန့်ကာ ပေါ့ပေါ့ပါးပါး
ပျော့ယမ်းလိုက်သည်။

ဆူး...

ယန်ယဲ့ ရှေ့ရှိ အာကာသဟာ
ရေပြင်လို လှိုင်းထလာသည်။
ထိုနေရာမှ ပြင်းထန်သော

စွမ်းအင်လှိုင်းများ
ဖြာထွက်လာသည်။

သယ်ဆောင်လာသော ဖိအားက
အလွန်ပြင်းထန်လှသည်။
ပြင်ပကမ္ဘာတွင် ပေါ်လာပါက
ထာဝရမြစ်တစ်လျှောက်ရှိ
ကီလိုမီတာ

ထောင်ချီကျယ်ပြန့်သော
အာကာသကို
ချေဖျက်ပစ်လိုက်ပေမည်။

ယန်ယဲ့သည်
ရုတ်တရက်ခေါင်းမော့လာသည်။
ဒီအချိန်မှာ သူ့လက်မောင်းက

သွေးကြောများ
ဖောင်းကြွလာသည်။

ထို့နောက် ညာခြေကို
ဆောင့်နင်းလိုက်သည်။

အုန်း...

အလယ်အလတ်အဆင့်ကမ္ဘာ

သည် ပြင်းထန်စွာ

တုန်ခါသွားသည်။ ယန်ယဲ့ သည်

ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက်

ခုတ်ပိုင်းလိုက်သည်။

ဆူး....

ဓားပိုင်းချက်လိုက်သည့်အချိန်မှာ ကမ္ဘာကိုထက်ခြမ်းကွဲသွားစေနိုင် လောက်ပါသည်။

ဓားချက် ဆင်းလာသည်နှင့် တပြိုင်နက်

သက်လတ်ပိုင်းအမျိုးသား၏
တိုက်ခိုက်မှုဟာ ကြေမွသွားသည်။

သက်လတ်ပိုင်းအမျိုးသား က
မျက်မှောင်ကြုတ်လိုက်သည်။
ယန်ယဲ့၏ခွန်အား က
သူ့မျှော်လင့်ချက်ထက်
ကျော်လွန်သွားလေပြီ။

စဉ်းစားနေတုန်း သူ့ရှေ့မှာ အလင်းတန်းတစ်ခုရောက်လာသဖြင့် လက်နှစ်ချောင်းဆန့်ကာ ဆုပ်ကိုင်လိုက်ပါသည်။ ထို့နောက် သူ့ခန္ဓာကိုယ်ကို ဘေးတိုက်လှည့်ပြီး ယန်ယဲ့အား ရိုက်ချလိုက်သည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး
ယန်ယွဲ့သည် လွင့်ထွက်သွားသည်

သွေးမျိုးဆက်ကို
အသက်သွင်းထားသည့်တိုင်

သူ့ခွန်အားက
သက်လတ်ပိုင်းအမျိုးသား
နှင့်ယှဉ်ရင်
နိမ့်ကျနေပါသေးသည်။

သို့သော်လည်း ယန်ယဲ့ သည်
ချက်ချင်းပင်ရပ်တန့်လိုက်သည်။
ထို့နောက်

ခြေတစ်ချက်ဆောင့်ကာ

သက်လတ်ပိုင်းအမျိုးသားထံခုန်ဝ

င်လိုက်သည်။ ဒီအချိန်မှာ

သူ့လက်နှစ်ဖက်က

ဓားတစ်ချောင်းစီဆုပ်ကိုင်ထားသ

ည်။

ဓားနှစ်လက်နည်းစနစ် ။

အရှုးဆေဘာနည်းစနစ် ။

လျှပ်စီးကြောင်းများကဲ့သို့
စားလှိုင်း ၂၀၀
ဆင်းသက်လာသည်။

သက်လတ်ပိုင်းအမျိုးသားက
ထိတ်လန့်သွားပုံမရပေ။
သူ့ခွန်အားကို
အပြည့်အဝယုံကြည်ထားပုံပါ။

သို့သော် ယန်ယွဲ့သည်
လွင့်ထွက်သွားသည့်တိုင်

အကြိမ်ကြိမ်ပြန်ထပြီးတိုက်ခိုက်နေသည်။

သက်လတ်ပိုင်းအမျိုးသား၏ မျက်လုံးများမှ လေးနက်သော အမူအရာ ပေါ်လာသည်။

ယန်ယဲ့ က

ဓားနှစ်လက်တင်မဟုတ်ဘဲ

ဓားသုံးချောင်းစလုံးကို

အသုံးပြုလိုက်သည်။

ဘူးသီးနက်ထဲမှ ဓားပျံကိုပါ

ပစ်ခတ်လိုက်သည်။

ဤအချိန်တွင်
သက်လတ်ပိုင်းအမျိုးသားက
ယန်ယဲ့အား
အဆင့်တူအဖြစ်သတ်မှတ်လာသ
ည်။

မူလစေတီထဲမှာတော့ ...။

ကောင်းကင်ဓားစင်မြင့်ထက်၌
နှင်းပွင့်၊ ဝမ်အရှူးမလေး တို့အပြင်
မှူလနတ်ဆိုးအားလုံးစုရုံးနေခဲ့သ
ည်။ အခြေအနေမဟန်ပါက
အပြင်ထွက်ပြီး
တိုက်ခိုက်ရန်အသင့်ပြင်ထားပုံပါ။

ဝမ်အရှုးမလေး က နှင်းပွင့်ကို

ညင်သာစွာ

ပွတ်သပ်ပြီး “မကြောက်ပါနဲ့။

အစ်ကိုကြီးစယန်၊ သူ

အဆင်ပြေပါတယ်”

နှင်းပွင့်က သူမကို

စိုက်ကြည့်ပြီးနောက်

လက်သည်းများကို
ဝှေ့ယမ်းလိုက်သည်။ အဓိပ္ပါယ်က
ဝမ်အရှူးမလေးကို
ယန်ယွဲ့အားသွားကူညီဖို့ပြောနေ
တာပါ။

ဝမ်အရှူးမလေး က ခါးသက်သက်
ရယ်မောရင်း "နှင်းခဲလေး၊

ငါလည်း အပြင်မထွက်ရဲဘူး။
အစ်ကိုကြီးယန် က ရှူးသွားပြီ။
သူ့ကိုကူညီဖို့ကြိုးစားရင် သူ
ငါ့ကိုတောင် တိုက်ခိုက်နိုင်တယ်”

နှင်းပွင့်လေး က တစ်ခုခုကို
တွေးနေပုံရပြီး
ဖျတ်ခနဲပျောက်သွားသည်။

မြောက်ပိုင်းဓားဂိုဏ်း၏
အနောက်ဖက်တောင်တန်း ။

နှင်းပွင့်လေးက အန်နန်ကျင်း
နေထိုင်သည့်နေရာကိုရောက်လာ
ပါသည်။ ဤအခိုက်အတန့်တွင်
အန်နန်ကျင်းက

အမည်မဲ့လုံကိုကိုင်ထားရင်း
အပြင်ဖက်ရှိ တိုက်ပွဲကို
စောင့်ကြည့်နေလေသည်။

အချိန်မရွေး
အပြင်ထွက်ပြီးတိုက်ခိုက်ရန်အသ
င့်ပါ။

နှင်းပွင့် က အန်နန်ကျင်းကို
စိုက်ကြည့်ပြီး စိုးရိမ်တကြီးဖြင့်
အပေါ်ကို ညွှန်ပြလိုက်သည်။

အန်နန်ကျင်း က နှင်းပွင့်ကို
တစ်ချက်ကြည့်လိုက်ပြီး
"သူ့အဆင်ပြေပါတယ်။
သွားပြီးကစားလို့ရတယ်"

ကစားရမလား ..

နှင်းပွင့်၏မျက်နှာသေးသေးလေး

မှာ

ခါးသီးသောအမူအရာတစ်ခုရှိနေ

သည်။ လက်ရှိမှာ

ဘာမှကစားချင်စိတ်မရှိပေ။

ဤအချိန်တွင် အန်နန်ကျင်း က

နှင်းပွင့်၏

ခေါင်းကို ရုတ်တရက်

ပုတ်လိုက်ပြီး "သူက

အရမ်းသန်မာတယ်လေ၊ အခု ပို

တောင်သန်မာလာနိုင်ပါတယ်။

သူ့ကိုယုံပါ"

အရမ်းသန်မာတယ် ။

နှင်းပွင့်လေးက ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

ယန်ယွဲ့၏ဝမ်းဗိုက်အား

လက်သီးနဲ့ဆောင့်ထိုးလိုက်တာကို
မြင်တွေ့သွားလေသည်။

ထို့နောက် ချက်ချင်း
ငိုပါတော့သည်။

...

ဤအတောအတွင်း
ဝမ်အရှူးမလေးကတော့
ကောင်းကင်ဓားစင်မြင့်ထက်မှာထို
င်ကာ နဂါးနက်အသားကို
စားသောက်နေတုန်းပင်။ သို့သော်
အပေါ်ဖက်ကို ခဏခဏ
မော့ကြည့်လေ့ရှိသည်။
ယန်ယွဲ့သာ
အသက်အန္တရာယ်နီးလာရင်တော့

ချက်ချင်းအပြင်ထွက်ပြီးတိုက်ခို
က်မှာပါ။

...

မူလစေတီ အပြင်ဖက်။

ယန်ယွဲ့ သည် နောက်တစ်ကြိမ်

လွင့်ထွက်သွားသည်။

သို့သော်လည်း သူက ချက်ချင်းပင်

သက်လတ်ပိုင်းအမျိုးသားကိုခုန်

အုပ်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားသည်

ယန်ယွဲ့၏ခန္ဓာကိုယ်မှ

သွေးမျိုးဆက်မြင့်တက်လာတာ
ကို သတိမထားမိလိုက်ပေ။

ဤအချိန်တွင်
ယန်ယဲ့၏ခွန်အားက ပို၍
အားကောင်းလာသည် ။

ထိုအခါမှသာ

သက်လတ်ပိုင်းအမျိုးသား က

သတိပြုမိသွားသည်။

ဤအတိုင်းသာ

ဆက်သွားနေရင်တော့

နောက်ဆုံးအသတ်ခံရမှာက

သူကိုယ်တိုင်သာဖြစ်ကြောင်းသိ

လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

ခြေထောက်ကိုတစ်ချက်ဆောင့်၍

နောက်သို့ခုန်ဆုတ်လိုက်သည်။

သူ့လက်ကိုဝှေ့ယမ်းလိုက်ရာ

လက်ထဲမှာ

ရွှေရောင်ချပ်ပြားအပိုင်းတစ်ခု

ပေါ်လာသည်။

တလက်လက်တောက်ပလျက်

ပုစဉ်းရင်ကွဲအတောင်များကဲ့သို့

အလွန်ပါးလွှာသည်။

တစ်ချိန်တည်းမှာပင်

သူ့လက်နှစ်ဖက်ကို မြှောက်၍

ထူးဆန်းသော တံဆိပ်တစ်ခုကို

ဖန်တီးလိုက်သည်။

ရွှေရောင်ချပ်ပြားမှ

အလင်းတန်းများ
ဖြာထွက်လာသည်။

သေသေချာချာကြည့်လိုက်ရင်
တော့
ရွှေရောင်အလင်းတန်းများဟာ
ဓားအလင်းတန်းမြောက်များစွာဖြ
စ်နေကြောင်းမြင်ရမှာပါ။

ဓားအလင်းတန်းများသည်
မုန်တိုင်းကဲ့သို့ ယန်ယဲ့ထံ
ပစ်ခတ်လိုက်သည် ။

အထွတ်အမြတ်အဆင့်
နတ်ဘုရားရတနာ။

ရွှေရောင်ချပ်ပြားက
အထွတ်အမြတ်နတ်ဘုရားရတနာ
ဖြစ်သည်။

မူလစေတီထဲမှာ ရှိနေသော
အန်နန်ကျင်း က
ဤမြင်ကွင်းကြောင့်

အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်။ သူမ၏လက်ထဲမှ အမည်မဲ့လုံ့ဟာအနည်းငယ်တုန်ခါသွားသည်။ လုံ့က ပိုင်ရှင်၏တိုက်ခိုက်လိုသော ဆန္ဒကို ခံစားမိပုံရသည်။

ဤအတောအတွင်း
ဝမ်အရှုးမလေး က
ဆက်မစားတော့ဘဲ
ခြေဖျားများကို ညင်သာစွာ
ပွတ်တိုက်နေသည်။

မူလစေတီအပြင်ဖက် ။

ဤအချိန်တွင် ယန်ယဲ့က

အန္တရာယ်ကို အလိုလို

ခံစားလိုက်ရသည်။

ခြေတစ်လှမ်းပြန်ဆုတ်ပြီးနောက်

ဓားနှစ်ချောင်းကို ဖြည်းညှင်းစွာ

မြှောက်လိုက်သည်။

တစ်ချိန်တည်းမှာပင်

သူ၏ပုံရိပ်က

အသွင်သဏ္ဌာန်ပြောင်းလာပြီး

ဓားနှစ်လက်လုံးကို ပိုင်းချလိုက်လေသည်။

ဓားလှိုင်း ၁၀ ဆင့်တိုက်ခိုက်မှု ။

ထပ်ထားတာမဟုတ်ပေ၊ ဓားလှိုင်း ၁၀ ဆင့်

ပြိုင်တူဆင်းသက်လာသောကြော
င့် သယ်ဆောင်လာတဲ့ ဖိအားက

လုံးဝကို

ကြောက်စရာကောင်းလှသည်။

ဆူး... ဆူး...

တစ်စုံတစ်ခုကို

ဆုတ်ဖြဲလိုက်သော အသံများ

ထွက်ပေါ်လာသည်။

အာကာသသာမကဘဲ

လေထုပင်လျှင်

အပိုင်းပိုင်းပြတ်တောက်သွားခဲ့သ

ည်။

အုန်း…

အစီအရင်ထဲရှိ
ယာယီအလယ်အလတ်အဆင့်က
မှာသည် တစ်လက်မချင်းစီ
ပြိုကျလာသည်။ ထို့နောက်တွင်
အက်ကြောင်းများစွာ
ပေါ်လာခဲ့သည်။

ဤမြင်ကွင်းကြောင့် ကျိုးဝူကျိနှင့်
အပေါင်းအပါတစ်သိုက်
မျက်နှာများပျက်သွားကြသည်။
လုံးဝ ထိတ်လန့်သွားကြသည်။

အဆင့် ၅ ပညာရှင် တောင်မှ
မတားဆီးနိုင်ဘူးလား။

ဒါဆို ယန်ယဲ့ က

ဘယ်လောက်တောင်

သန်မာနေတာလဲ ။

မိုလျန်ရှန်းက ရုတ်တရက် “ငါတို့

ထွက်သွားရမှာလား”

"ထွက်သွားမလား"

ကိုးဝူကို၏မျက်နှာက

ဖြူဖျော့နေပြီး

"ဘယ်သွားမလို့လဲ။

ထာဝရနတ်ဘုရားနိုင်ငံတော်က

ငါတို့ကိုဝင်ခွင့်ပေးမယ်လို့သဘော

တူထားပေမယ့်

မင်းသတိမထားမိဘူးလား။

သူတို့က စကြဝဠာတံတိုင်းကို

ဖွင့်ဖို့ အစီအစဉ်မရှိဘူး၊

တံတိုင်းကိုဖွင့်ဖို့ ငါတို့ရဲ့ခွန်အားက

လုံလောက်တယ်လို့

မင်းထင်လား။ မဖြစ်နိုင်ဘူး၊

ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့

ပညာရှင်သာ

ယန်ယွဲ့ကိုမသတ်နိုင်ခဲ့ရင်

ငါတို့ကိုယ်တိုင် လုပ်ရလိမ့်မယ်”

သူ့နောက်ကွယ်ရှိ
အခြားလူတိုင်းလည်း
ခေါင်းညိတ်ပြီး
သဘောတူဟန်ပြကြသည်။

ယခုအချိန်တွင် ယန်ယဲ့က
အကန့်အသတ်သို့ရောက်နေပုံပါ။

အကယ်၍ အဆင့် ၅ ပညာရှင်ကို
အနိုင်ရခဲ့ရင်တောင်
ဒဏ်ရာအပြင်းအထန်ရမှာသေချာ
ပါသည်။ ထိုအချိန်မှာ
ယန်ယဲ့ကိုသတ်ဖို့က
အကောင်းဆုံးအခွင့်အရေးပင်။

လူတိုင်း အခြေအနေကို
စောင့်နေရင်းနဲ့ အချိန်မရွေး
တိုက်ခိုက်ရန်
အသင့်ပြင်ထားလိုက်ကြသည်။

အစီအရင်ထဲရှိ ကမ္ဘာသည်
ပြိုကျသွားသော်လည်း
အစီအရင်က

ကျန်ရှိနေပါသေးသည်။ သို့သော်
အစီအရင်ပေါ်မှာ
အက်ကြောင်းများစွာ
ထပ်နေခဲ့သည်။

နှစ်ယောက်စလုံး လည်း
ဒဏ်ရာအပြင်းအထန်
ရနေကြသည်။

ထိုအပြင် တိုက်ပွဲက
ပြီးလုနီးပါးဖြစ်နေပြီ။

အစီအရင်ထဲမှာ
သက်လတ်ပိုင်းအမျိုးသားက
နံရံကို မှီနေကာ ယန်ယဲ့ကတော့

မြေပြင်ပေါ်တွင် လှဲနေ၏။
သူ့ခန္ဓာကိုယ်အနှံ့ ဒဏ်ရာဗရပွပါ။

ယန်ယွဲ့ သည် လှဲနေရာမှ
ရုတ်တရက်ကုန်းထလာသည်။
သက်လတ်ပိုင်းအမျိုးသား၏မျက်
လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပင်
လက်နှစ်ဖက်ကို
တင်းတင်းဆုပ်ထားလိုက်
လေသည်။

ယန်ယဲ့ သည် ဓားနှစ်လက်ကို
ဆုပ်ကိုင်လျက်
သက်လတ်ပိုင်းအမျိုးသား ဆီသို့

လျှောက်လာခဲ့သည်။
သူ့ကိုယ်ပေါ် ရှိ အရှူးစိတ်က
မတည်ငြိမ်ဘဲ
ဆက်လက်မြင့်တက်နေပုံရသည်။

သက်လတ်ပိုင်းအမျိုးသားသည်
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

“မင်းအသက်ရှင်နေသေးရင်
ငါ့ရဲ့ထာဝရနိုင်ငံတော်က
အန္တရာယ်ရှိတယ်”

ထိုသို့ ပြောပြီးသည်နှင့်
တပြိုင်နက် ရုတ်တရက်
ထရပ်လိုက်သည်။ သူ့ထံမှ
အစွမ်းထက်အော်ရာတစ်ခု

ထွက်လာသည်။ ထို့နောက်
ယန်ယဲ့ထံခုန်ဝင်လိုက်သည်။

ခလွပ်…

သူတို့ပတ်လည်ရှိ
အစီအရင်ပေါ်ကနေ

အက်ကွဲကြောင်းများဟာ
ချက်ချင်းကြီးမားလာသည်။

ဒီအချိန်မှာ
သက်လတ်ပိုင်းအမျိုးသား၏ခန္ဓာ
ကိုယ်က
ပြင်းထန်စွာတုန်ခါသွားသည်။
သူ့ကိုယ်သူ

စတေးပြီးလျှို့ဝှက်နည်းလမ်းကို
ထုတ်သုံးလိုက်ပုံရသည်။

ဤအချိန်တွင် ယန်ယဲ့က
ဒေါသတကြီး အော်လိုက်သည်။

ဘုန်း...

သူ့ထံမှ စူးရှသော
သွေးနီရောင်အလင်းတန်းများ
ပေါက်ကွဲထွက်လာသည်။

နောက်ဆုံးတွင်
သူ၏သွေးမျိုးဆက်က
အပြည့်အဝ
အသက်ဝင်လာခဲ့သည်။

ဤအခိုက်အတန့်တွင်
မူလစေတီထဲရှိ ဓားစာလိပ်က
ယန်ယဲ့ကို လှမ်းကြည့်ကာ
“ယန်မျိုးနွယ်စုရဲ့
တည်ထောင်သူဘိုးဘေးက
ဘယ်လောက်သန်မာလဲဆိုတာ
ကြည့်ပါရစေ”

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၁ -

ယန်ယဲ့၏ခန္ဓာကိုယ်ထဲရှိ
သွေးများဟာ ချော်ရည်များကဲ့သို့
တဟုန်ထိုး တက်လာသည်။
သူ့ခန္ဓာကိုယ် အနှံ့ သွေးများ
လျှံတက်လာသည် ။ ထို့အပြင်
သူ့လက်ထဲမှာဆုပ်ကိုင်ထားသည့်
ဓားနှစ်လက်ဟာ
သွေးနီရောင်အလင်းလွှာပါးပါးဖြင့်
ဖုံးလွှမ်းထားသည်။

“သေလိုက်စမ်း....” အစီအရင်ထဲမှ ဒေါသတကြီးကြုံးဝါးသံ ထွက်ပေါ်လာပြီးနောက် ယန်ယဲ့သည် ဓားနှစ်ချောင်းကို ရှေ့သို့ ခုတ်ချလိုက်သည်။

ဆူး...

သူ့ပတ်ဝန်းကျင်ရှိ အစိအရင်သည်
ချက်ချင်း
ပေါက်ကွဲထွက်သွားသည်။

အစိအရင် မရှိတော့ပေ။

သက်လတ်ပိုင်းအမျိုးသား
ထုတ်လွှတ်လိုက်တဲ့
စွမ်းအင်လှိုင်းများကတော့

ယန်ယဲ့၏ဓားချက်အောက်မှာကြေ

မွသွားသည်။ တစ်ချိန်တည်းမှာပင်

ဓားစွမ်းအင်တစ်စင်း

လင်းလက်လာပြီး သက်လတ်ပိုင်း

အမျိုးသား၏ ရင်ဘတ်ကို

ဖြတ်သွားသည်။ သူ့ခန္ဓာကိုယ်က

တောင့်တင်းလာသည်။

ဒီအချိန်မှာ ယန်ယဲ့က
သက်လတ်ပိုင်းအမျိုးသား၏နော
က်မှာရပ်နေသည်။ သို့သော်လည်း
သူက အောက်ကို
ပြုတ်ကျသွားသည်။

သက်လတ်ပိုင်းအမျိုးသားကို
သတ်နိုင်လိုက်သည့်တိုင် သူလည်း
အားကုန်လုနီးပါးဖြစ်သည်။

ဤအချိန်တွင် ပတ်ဝန်းကျင်မှ
လူဒါဇင်အနည်းငယ်ခန့်
ပေါ်လာပြီး
ယန်ယဲ့ကိုတိုက်ခိုက်လိုက်သည်။

အခွင့်အရေးကို စောင့်နေသော
ကျိုးဝူကျိုတို့တစ်သိုက်ပင်။

ယန်ယဲ့က သူ့မျက်လုံးများကို

မှိတ်ထားသည်။ သူ့အား

တိုက်ခိုက်လာကြောင်း

မြင်နေသည့်တိုင်

သူလုပ်နိုင်တာဘာမှမရှိပေ။

ဤအချိန်တွင် ကျိုးဝူကျို

တို့အုပ်စုဟာ မြေပြင်ပေါ်မှာ

လဲကျနေသော ယန်ယဲ့ကို

စိုက်ကြည့်ပြီး မျက်လုံးထဲကနေ
စိတ်လှုပ်ရှားမှုနှင့် ရက်စက်မှုတို့
ပြည့်လာကြသည်။ ယန်ယဲ့က
သူတို့ရှေ့မှာ ရှိနေပါပြီ။
အားကုန်နေသည့်အတွက်
ဘာအခက်အခဲမှမရှိဘဲ
သတ်ပစ်နိုင်ပါသည်။

ယန်ယဲ့ သေသွားတာနဲ့

သူတို့အတွက် ဘာစိုးရိမ်စရာမှ

မကျန်တော့ပေ။ ထို့အပြင်

ယန်ယဲ့ပိုင်ဆိုင်ထားတဲ့

နတ်ရတနာများကိုပင်ရနိုင်သေး၏

။

ထိုအကြောင်းကို ပိုတွေးလေ

ပိုစိတ်လှုပ်ရှားလေလေ ဖြစ်သည်။

သိပ်မကြာလိုက်ပေ၊ လူအုပ်က ယန်ယဲ့အနားကိုရောက်လာကြသည်။

သို့သော် ယန်ယဲ့၏နံဘေးမှာ အမျိုးသမီးတစ်ယောက် ရုတ်တရက်ပေါ်လာသည်။

အန်နန်ကျင်း ပင်ဖြစ်သည်။

အန်နန်ကျင်း က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး "လာကြ။ နင်တို့အားလုံးကို ငါသတ်ပေးမယ်"

ဤအတောအတွင်း ဝမ်အရှူးမလေး က လောဘတက်နေသော အပြုံးဖြင့်

"မိုက်မဲတဲ့နဂါး၊ နင်တို့အားလုံး
အစ်ကိုကြီးယန် နဲ့အတူ
နေကြတာကြာပြီ။ ဒီတော့
တစ်ခုခုလုပ်ရမယ့်
အချိန်ရောက်ပြီ။
ဒီပျော့ညံ့တဲ့လူသားလေးတွေကို
ငါစိတ်မဝင်စားဘူး၊ ဒါကြောင့်
နင်တို့အားလုံးကို
ငါလက်လွှဲပေးလိုက်မယ်"

ထိုစကားပြောလိုက်သည်နှင့်
မျှုလနတ်ဆိုးအုပ်လိုက်ကြီး
ချက်ချင်းထွက်ခွာသွားကြသည်။

မှုလနတ်ဆိုးအားလုံး
အပြင်ဖက်ရောက်သည့်အခါ
ကျိုးဝူကျီ တို့တစ်ဖွဲ့လုံး
အံ့အားသင့်ကာထိတ်လန့်သွားသ

ည်။ အထူးသဖြင့် သူတို့ရှေ့တွင်
စစ်မှန်သော
မူလနဂါးတစ်ကောင်ပါရှိနေ၏။

ဤအချိန်တွ နှင်းပွင့်လေးက
ယန်ယဲ့၏အခြေအနေကိုမြင်ပြီး
ငိုပါတော့သည်။
ဒေါသတကြီးအကြည့်များဖြင့်
ကျိုးဝူကျိ တို့အဖွဲ့ကို

စူးစိုက်ကြည့်လိုက်သည်။
ထို့နောက် မူလနတ်ဆိုးအုပ်ကို
လှည့် ကြည့်ကာ ခေါင်းဖြတ်သည့်
အမူအရာလုပ်ပြသည်။

ထိုအခါ နွားနတ်ဆိုးက
အရင်ဦးဆုံး
ခုန်ဝင်သွားလေသည်။

၎င်းက အမြဲတမ်း နှင်းပွင့်၏
အဓိကနောက်လိုက်တစ်ဦးဖြစ်နေ
ပုံပါ။

မူလနဂါး နှင့်
အခြားမူလနတ်ဆိုးအုပ်လည်း
တုံ့ဆိုင်းမနေကြပေ။ အားလုံးက
ပြိုင်တူခုန်ထွက်သွားကြသည်။

မူလနတ်ဆိုးအုပ်ကြီး

တိုက်ခိုက်လာတာကိုမြင်တဲ့အခါ

ကျိုးဝူကျိ တို့တစ်ဖွဲ့လုံး

မျက်နှာများ ဖြူဖပ်ဖြူရော်

ဖြစ်သွားသည် ။ သို့သော်လည်း

ယခုအခါ ထွက်လမ်းမရှိတော့ဘဲ

ထိပ်တိုက်ရင်ဆိုင်ရုံသာ

တတ်နိုင်တော့သည်။

ဝမ်အရူးမလေးက

ယန်ယဲ့၏နှာခေါင်းရှေ့မှာ

လက်ညှိုးကပ်လိုက်သည်။

ခဏအကြာတွင် နှင်းပွင့်လေး နှင့်

အန်နန်ကျင်းဖက်လှည့်ကာ

ပြုံးပြရင်း "သူ

အသက်ရှူနေတုန်းပဲ"

နှင်းပွင့်လေး က

ဝမ်အရှုးမလေးကို

စိုက်ကြည့်နေသည်။ အန်နန်ကျင်း

ကလည်း သူမကို

တစ်ချက်ကြည့်လိုက်သည်။

ဒီအချိန်မှသာ ဝမ်အရှုးမလေး က

စကားများသွားမှန်း

သတိထားမိပုံဖြင့် "ငါ

နောက်တစ်ခါ ဒီလိုဟာသတွေ

ထပ်မလုပ်တော့ပါဘူး"

ထိုစကားပြောပြီးသည်နှင့်

အန်နန်ကျင်း၏နောက်မှာ

ကမန်းကတန်း ရပ်နေလိုက်သည်။

အန်နန်ကျင်းက သဘာဝအားဖြင့်

စိတ်ထဲသိပ်မထားပေ။

ဝမ်အရှူးမလေးက

ကလေးသာရှိသေးရာ
စနောက်တာက သာမန်ပင်။

အန်နန်ကျင်းက ယန်ယဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီး
သူမ၏မျက်နှာက အနည်းငယ်
သက်သာရာရသွားသည်။
ထို့နောက်
သက်လတ်ပိုင်းအမျိုးသားကို

လှည့်ကြည့်လိုက်၏။
၎င်း၏ခန္ဓာကိုယ်က
ပျောက်ကွယ်သွားခြင်းမရှိသေးပါ။

သက်လတ်ပိုင်းအမျိုးသားက
စကားပြောရန်ပြင်နေသော်လည်း
လှံတစ်ချောင်း က သူ့ခေါင်းကို
ထိုးဖောက်သွားလေသည်။

သက်လတ်ပိုင်းအမျိုးသားကို
သတ်ပြီးနောက် အန်နန်ကျင်းက
ထိုင်ချလိုက်ပြီး
ယန်ယဲ့ကိုပွေ့ချီရန်ပြင်သည်။
သို့သော် ထိလိုက်တာနဲ့
ယန်ယဲ့ဆီကနေ
သွေးနီရောင်အလင်းတန်းများ
ထွက်လာသည်။ ထို့နောက်

အန်နန်ကျင်း ကို ပြန်တွန်းထုတ်လိုက်သည်။

အန်နန်ကျင်းက သူ့လက်ကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ သူ့လက်ဝါးက အနည်းငယ်ကွဲထွက်သွားသည်။

ခဏာအကြာတွင် ယန်ယဲ့ကို စိုက်ကြည့်ရင်း "သူ့ရဲ့သွေးမျိုးဆက်က..."

"ဒါအမှန်ပဲ" ပြန်ဖြေသံ နှင့်အတူ ဓားစာလိပ် က သူ့နံဘေးမှာ ရုတ်တရက်ပေါ်လာသည်။

အန်နန်ကျင်း က ဓားစာလိပ်ကို စူးစိုက်ကြည့်နေသည်။ သူက "သူ့ရဲ့သွေးမျိုးဆက်ကို နိုးထလိုက်ပြီ။ မဟုတ်သေးဘူး၊ အဲဒါကို အပြည့်အဝ အသက်သွင်းလိုက်ပြီလို့ ငါပြောရမယ်။ ဒါ့အပြင် သူက ယန်မျိုးနွယ်ရဲ့ အသန့်စင်ဆုံးအရှုးနတ်ဆိုးသွေး

မျိုးဆက်ဖြစ်အောင်
ပြောင်းလဲလိုက်ပြီ။
သူ့သွေးသားက သူ့ခန္ဓာကိုယ်ကို
ပြုပြင်နေတယ်။
အခုတွန်းထုတ်လိုက်တာက
ပိုင်ရှင်ကို အလိုလို
ကာကွယ်ပေးထားလို့ပါ။
သူဘယ်လိုပြောင်းလဲသွားလဲဆို
တာ အတိအကျသိရအောင်လို့

ငါတို့ကဆက်ပြီးစောင့်ကြည့်ကြတာပေါ့”

အန်နန်ကျင်း က ခေါင်းညိတ်ပြီး ညာဖက်ကို လှမ်းကြည့်လိုက်သည်။ မူလနတ်ဆိုးအုပ်က ကျိုးဝူကျိုတို့အဖွဲ့နှင့် တိုက်ခိုက်နေကြသည်။

သို့သော် တိုက်ပွဲက
တစ်ဖက်သက်ပါ။

သိပ်မကြာခင်မှာပဲ
လူသားပညာရှင်အများကို
အဆက်မပြတ်သတ်ဖြတ်ပစ်လို
က်ကြသည်။ သို့မဟုတ်
အရှင်လတ်လတ်
ဝါးမျိုခံလိုက်ရသည်။

အန်နန်ကျင်း က သူ့အကြည့်ကို ရွှေ့လိုက်ပြီး ဘေးဖက်သို့ လှမ်းကြည့်လိုက်သည်။ တံတား၏အဆုံးတွင် ထူးဆန်းသော အလင်းနံရံကြီးတစ်ခုရှိနေလေသည်။ ၎င်းက စကြာဝဠာတံတိုင်း ဖြစ်သည်။

ဓားစာလိပ်က

“အဲဒီအလင်းနံ့ရှိကိုဖြတ်ပြီးတာနဲ့

ထာဝရနတ်ဘုရားနိုင်ငံတော်ဆီ

ရောက်လိမ့်မယ်”

အန်နန်ကျင်းက “ဒါက အစ

ဒါမှမဟုတ် အဆုံးဖြစ်မှာလား”

ဟူ၍ ဂရုမစိုက်ဘဲ ပြန်ဖြေသည်။

ဆိုလိုရင်းက
ယန်ယဲ့၏ပြဿနာများကိုမေးနေ
တာပါ။

ခေါ်းစာလိပ်က
“အစပဲရှိသေးတယ်။ အဆင့် ၅
ပညာရှင် ပြောခဲ့တဲ့စကားကို
အခြေခံရရင် ထာဝရနိုင်ငံတော်

က နှင်းပွင့်ကိုလိုအပ်နေတယ်။

သူတို့က

ထာဝရနိုင်ငံတော်အတွက်

အဆုံးအစမဲ့တဲ့ဝိညာဉ်စွမ်းအင်ကို

သုံးချင်နေတာထင်တယ်။ ဒါဟာ

ထာဝရနိုင်ငံတော်ရဲ့

ရေရှည်တည်တံ့မှုနဲ့ဆက်စပ်နေလို့

လက်လျှော့မယ်မထင်ဘူး။

ဒါပေမဲ့ အခုလက်ရှိ ယန်ယဲ့က

အဆင့် ၅ ပညာရှင်ကိုတောင်

သတ်လိုက်ပြီ၊ ဒီတော့ သူတို့က

နောက်ထပ်

အလျင်စလိုပို့ဦးမှာမဟုတ်သေး

ဘူး။ လုပ်မယ်ဆိုရင်တောင်

သူတို့က ပိုသန်မာတဲ့သူကို

ပို့လိမ့်မယ်”

အန်နန်ကျင်းက ယန်ယဲ့၏
နံဘေးမှာ လဲလျောင်းနေသည့်
နှင်းပွင့်ကို
တစ်ချက်ကြည့်လိုက်သည်။
သူ့အကြည့်တွေက နူးညံ့လာပြီး
"ဒါဆို ငါတို့ သူ့ကို ရောင်းရင်
ဘယ်လောက်တန်တယ်လို့
နင်ထင်လဲ"

ဓားစာလိပ်က ဘာကိုဆိုလိုမှန်း
မသိသဖြင့်
အံ့အားသင့်သွားသည်။

ဝိညာဉ်ဖန်ဆင်းရှင် ကို
ရောင်းမလား။

ဝိညာဉ်ဖန်ဆင်းရှင် က
အဖိုးမဖြတ်နိုင်သော

လောကရတနာတစ်ပါးပင်မဟုတ်ပါလား။

“အား…” ဤအချိန်တွင် အဝေးကနေ အော်ဟစ်သံကိုကြားလိုက်ရသည်။

နှစ်ယောက်စလုံး

လှမ်းကြည့်လိုက်၏။ ထိုအခါ

မူလနဂါးက ကျိုးဝူကျိ အား

အရှင်လတ်လတ်မျိုချလိုက်သည်

ကိုတွေ့လိုက်ရလေသည်။

ဒီအချိန်မှာ တိုက်ပွဲကလည်း

ပြီးသွားပါပြီ။

ကျိုးဝူကို အပါအဝင်
အခြားလူတိုင်း
တစ်ယောက်မကျန်
သေဆုံးသွားကြသည်။

အန်နန်ကျင်းက မူလနဂါးနှင့်
အခြားနတ်ဆိုးသားရဲများကို
တစ်ချက်ကြည့်လိုက်ပြီး "သူတို့

တိုက်ပွဲအတွေ့အကြုံလိုသေးတယ်"

ဓားစာလိပ်က

ခေါင်းညိတ်လိုက်သည်။

အန်နန်ကျင်းက ဝမ်အရှူးမလေးကို စိုက်ကြည့်ရင်း "အခုချိန်ကစပြီး သူတို့နှင့်လက်အောက်မှာ

ရှိနေလိမ့်မယ်။ သူတို့ကို
သင်ပေးလိုက်ပါ။ ဟုတ်တယ်၊
အဲဒါက အခြေခံအားဖြင့် သူတို့ကို
ရိုက်နှက်လိုက်တာပဲ၊
သေတော့မသေစေနဲ့ ”

ဝမ်အရူးမလေးက
အံ့အားသင့်သွားပုံရသည်။

သို့သော် အခြားနတ်ဆိုးများကို
သင်ပေးရမည်ဟုတွေးမိလိုက်ရာ
ပျော်ရွှင်သွားလေသည်။

အထူးသဖြင့်
မူလတော်ဝင်နတ်မိကျောင်း ကို
အမြင်ကပ်နေလို့ပါ။
အခုနောက်ဆုံးတော့
မူလတော်ဝင်မိကျောင်းကို

ရိုက်နှက်ရန်
အကြောင်းပြချက်ရှိလာပေသည်။

ထိုအကြောင်း တွေးမိတာနဲ့
ဝမ်အရှုးမလေး ဟာ
ပျော်ရွှင်သွားသည်။ ထို့နောက်
နတ်ဆိုးအုပ်စုကို ခေါ်၍
မူလစေတီထဲကိုပြန်ဝင်သွားလေ
တော့သည်။

ကောင်းကင်ဓားစင်မြင့်ထက်...

ဝမ်အရှူးမလေး က
လက်နှစ်ဖက်ကို
နောက်ပစ်ထားလျက်
နတ်ဆိုးအုပ်စုရှေ့သို့
လျှောက်သွားကာ "နင်တို့အားလုံး
ကြားလိုက်မယ်ထင်တယ်။

ဟုတ်တယ်၊ အစ်မကြီးအန်း က

ငါ့ကို

တာဝန်တစ်ခုပေးလိုက်တယ်၊

အဲဒါက နင်တို့အားလုံးကို

အနိုင်ယူဖို့ပဲ။ အိုး... မဟုတ်ဘူး၊

နင့်တို့အားလုံးကို

လေ့ကျင့်ပေးဖို့ပြောလိုက်တာ။

ဘာသင်တန်းလဲ သိလား။

မလုပ်ရင်လည်း

အရေးမကြီးပါဘူး။ ဘာပဲဖြစ်ဖြစ် ငါ့လိုပဲ နင်တို့တွေအကုန်လုံး အခုကစပြီးလေ့ကျင့်ရမယ်လို့သိထားကြ။ အစ်မကြီးအန်းက ငါ့ကိုလေ့ကျင့်ပေးမှာ၊ ငါက နင်တို့အားလုံးကို လေ့ကျင့်ပေးမယ်။ နင်တို့ အဲဒါကို ကန့်ကွက်စရာ မရှိဘူး မဟုတ်လား။ ရှိရင် ကြိုပြောပါ။

ငါ နှင်တို့ကို မသတ်ဘူးလို့

အာမခံတယ်။ အိုး၊

ငါပြောချင်တာက

တစ်ယောက်ယောက်နဲ့

အကြောင်းပြချက်ပေးမယ်။

ငါ၀မ်အရှုးလေးက

ကျိုးကြောင်းဆီလျော်တဲ့

လူတစ်ယောက်ပါ"

မူလနတ်ဆိုးအားလုံး

အကြည့်ချင်းဖလှယ်ကြသည်။

ဤအချိန်တွင်

မူလတော်ဝင်နတ်မိကျောင်း က

"လှေကျင့်ဖို့ မလိုအပ်ပါဘူး"

ရှူး...

အခြားနတ်ဆိုးများအားလုံး
မိကျောင်းကို စိုက်ကြည့်ကြသည်။

မိကျောင်းက
ကျောရိုးတစ်လျှောက်
အေးစက်သွားကာ
တစ်ခုခုမှားနေပြီဟု
ခံစားမိလိုက်တော့သည်။

နွားနတ်ဆိုး က မသိမသာ ခေါင်းခါသည်။ တကယ့်ကို မိုက်မဲတဲ့ မိကျောင်းပါ။

ဒီအချိန်မှာ ဝမ်အရူးမလေး က မိကျောင်းဆီသို့ လျှောက်သွားပြီး "ဘာလို့ လေ့ကျင့်စရာ မလိုတာလဲ"

မိကျောင်းက သူမကို
အလွန်ကြောက်နေပုံရသည်။
ခဏလောက် တုံ့ဆိုင်းသွားပြီး "ငါ
အဲဒါကို မလိုဘူး..."

ဝမ်အရူးမလေး က
စကားမပြောဘဲ
မိကျောင်းခေါင်းကို
လက်သီးဖြင့်ထိုးချလိုက်သည်။

ဘုန်း...

မိကျောင်းက

တုံ့ပြန်ချိန်မရလိုက်ဘဲ

လွင့်ထွက်သွားသည်။ ခဏကြာမှ

တွားသွားထလာကာ

ဝမ်အရှူးမလေးကို စိုက်ကြည့်ရင်း

"မင်း..."

ဝမ်အရူးမလေးက သူ့ခေါင်းကို ဖြတ်ကန်လိုက်တာကြောင့် နောက်တစ်ကြိမ်လွင့်ထွက်သွားပြန်သည်။

မိကျောင်းက နောက်တစ်ကြိမ်တွားသွားထလာခဲ့သည်။ ၎င်း၏ မျက်လုံးများကနေ ဆိုးရွားသော

အလင်းရောင်များ
တောက်ပလာသည်။ ထို့နောက်
ဝမ်အရှူးမလေးထံခုန်အုပ်လိုက်သ
ည်။

ဤမြင်ကွင်းကို ကြည့်ပြီး
အခြားမူလနတ်ဆိုးများဟာ
ခေါင်းခါကြသည်။ မိကျောင်းက

အခြေအနေကိုမကြည့်တတ်အောင် မိုက်မဲလှသည်။

သို့သော် ဝမ်အရူးမလေးက လစ်လျူရှုထားသည်။ လေထဲသို့ ခုန်တက်ပြီး လက်သီးဖြင့် ဆောင့်ထိုးလိုက်သည်။

လက်သီးသေးသေးလေးက

မိကျောင်းကိုထိမှန်ကာ

ထပ်ပြီးလွင့်ထွက်သွားစေသည်။

ထို့အပြင် မိကျောင်းပါးစပ်ကနေ

သွားများ

အကပ်လိုက်ကြွေကျကာ

သွေးများအန်ထွက်လာလေသည်။

ဝမ်အရှုးမလေး က မရပ်တန့်ဘဲ
ခြေထောက်တစ်ဖက်ဆန့်ကာ
ထပ်ပြီးကန်ထုတ်လိုက်သည်။

အုန်း...

မိကျောင်းက နာကျင်စွာ
အော်ဟစ်သံနှင့်အတူ
နောက်တစ်ကြိမ်

လွင့်ထွက်သွားပြန်သည်။
ဒီတစ်ခါတော့
မိကျောင်းအကြေးခွံများပင်
ကွဲအက်သွားသည်။

ထို့အပြင် တော်တော်နှင့်
ပြန်မထနိုင်ပေ။

ဝမ်အရှူးမလေးက အနားကို
လျှောက်သွားပြီး
မိကျောင်းခေါင်းပေါ်
ခြေထောက်နင်းကာ "နင်
လေ့ကျင့်စရာ မလိုဘူးလား။
ငါ့ကိုပြောပါ၊
နင်ကဘာလို့လေ့ကျင့်စရာမလို
တာလဲ။ ငါအရမ်းသန်မာတယ်
ဒါပေမဲ့ အစ်မကြီးအန်းရဲ့

ရိုက်နှက်ခြင်းကို ခံနေရတုန်းပဲ။

မဟုတ်ဘူး၊ အစ်မအကြီးအန်းက

လေ့ကျင့်ပေးဖို့

လိုနေသေးတယ်လို့ ဆိုလိုတာပါ။

နင်က

အရမ်းအားနည်းနေသေးတာ၊

ဒါကိုတောင်

မလေ့ကျင့်ချင်ဘူးလား။

နင့်ကြည့်ရတာ ဒီနေရာမှာ

အလကားနေချင်နေတာထင်တယ်

။ အခု ပြန်စဉ်းစားဖို့

အခွင့်အရေးထပ်ပေးမယ်။

ငါ့ကိုဖြေပါ၊ ငါသင်ပြပေးတာကို

လက်ခံချင်လား"

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၂ -

ဤအချိန်တွင်

ကောင်းကင်ဓားစင်မြင့်တစ်ခုလုံး

ကား အသံများတိတ်နေ၏။

မူလနတ်ဆိုးအားလုံး

ဝမ်အရှူးမလေး

နှင့်မိကျောင်းကိုကြည့်နေကြသည်
။

သူတို့က ဝမ်ရှူးမ
လေး၏မျက်လုံးထဲတွင်
တူညီသောအရာကို
မြင်လိုက်ရသည် ။

ၛင်းက သတ်ဖြတ်လိုစိတ်၊
ရက်စက်ကြမ်းကြုတ်သော
သတ်ဖြတ်လိုစိတ်ပါ။

မူလနတ်ဆိုးအားလုံး
တုန်လှုပ်ချောက်ချားသွားသည်

မူလတော်ဝင်မိကျောင်း

သည်လည်း ဒီအချိန်မှာတော့

မျက်လုံးထဲမှာ

ရက်စက်မှုများမရှိတော့ပေ။

ထိုအစား

ကြောက်ရွံ့စိတ်များသာရှိနေတော့

သည်။ ဒီအချိန်မှာ

ဆက်ပြီးခေါင်းမာနေသေးပါက

သေချာပေါက်အသတ်ခံရမည့်မှန်း
သိလိုက်သည်။

သို့သော် ဝမ်အရှုံးမပေးကို
အပြစ်မဆိုသာပေ။
နတ်ဆိုးမျိုးနွယ်မှာကား
အားနည်းသူဟာ ကိုယ့်နေရာကို
သိရပေမည်။

ဝမ်အရှုံးမလေး က မိကျောင်းကို အေးစက်စွာ ကြည့်ပြီး "နင်ငါ့ကို ပြန်မဖြေသေးဘူးလား"

မိကျောင်းက ထိုအကြည့်ကြောင့် နှလုံးတုန်လာသည်။ သူက မတွန့်ဆုတ်ဝံ့ဘဲ "ကောင်းပြီ။

လေ့ကျင့်မယ်၊ ငါ
ကောင်းကောင်းလေ့ကျင့်မယ်...”

ဝမ်အရှူးမလေးက နောက်လှည့်၍
စင်မြင့်အလယ်သို့
လျှောက်သွားသည်။

အခြားဘယ်သူမှ စကားတစ်ခွန်းမ
ပြောရဲကြပေ။

ဝမ်အရှူးမလေး က သူတို့ကို
တစ်ချက်ကြည့်လိုက်ပြီး
“တွေ့လား။ စောစောက
အစ်ကိုကြီးယန် ကို တိုက်ခိုက်ခဲ့တဲ့
သက်လတ်ပိုင်းအမျိုးသားကို

မှတ်မိလား။ အားလုံးကို

တစ်ခုလောက်မေးပါရစေ၊

နင်တို့ထဲက

တစ်ယောက်ယောက်က

အဲဒီလူသားကို အနိုင်ယူနိုင်မလား။

ဘာပဲဖြစ်ဖြစ် ငါလည်း

သေချာပေါက် မတတ်နိုင်ဘူး”

အဆင့် ၅ ပညာရှင် ။

ဝမ်အရှုးလေးက
သန်မာသော်လည်း စစ်မှန်သော
အဆင့် ၅ ပညာရှင်နှင့်
နှိုင်းယှဉ်ရင်တော့ အနည်းငယ်
နိမ့်ကျနေသေးသည်။ မှန်သည်၊
တစ်ယောက်ချင်း

တိုက်ခိုက်နိုင်သော်လည်း
အနိုင်ရဖို့အခွင့်အရေးကတော့
အတော်လေးနည်းပါးလှ၏။

ယန်ယဲ့ ပင်လျှင် သွေးမျိုးဆက်ကို
အပြည့်အ၀အသက်သွင်းလိုက်မှ
သာ သက်လတ်ပိုင်းအမျိုးသားကို
သတ်နိုင်ခဲ့သည်။ ထို့အပြင်

နတ်ဘုရားရတနာအများအပြား
တောင်ထုတ်သုံးရသည်။

ဝမ်အရူးမလေး က
ဆက်ပြောသည် “အနာဂတ်မှာ၊
ငါတို့က အဲဒီလူသားလို
အစွမ်းထက်တဲ့
ပညာရှင်တစ်ယောက်ထက်မက

ရင်ဆိုင်ရမှာ သေချာပါတယ်။

သေချာတာကတော့

တော်တော်များများကို

ရင်ဆိုင်ရမှာပါ။ ဒါကြောင့်

ကြိုပြောထားရမယ်။

သူ့လိုလူနဲ့တွေ့ရင်

နင်တို့ဘာလုပ်မလဲ။

ထွက်ပြေးမလား။

တိုက်ခိုက်မလား ဒါမှမဟုတ်

သူတို့အားလုံးကို
ကိုင်တွယ်ဖြေရှင်းဖို့
အစ်ကိုကြီးယန် နဲ့ အစ်မကြီးအန်း
လိုမျိုးသန်မာလာချင်လား”

အားလုံး တိတ်တိတ်နေကြ၏။

ဝမ်အရှူးမလေး က

အေးစက်စွာပြောသည်

“အစ်ကိုကြီးယန်၊ အစ်မကြီးအန်း

နဲ့ နှင်းခဲလေးက ငါတို့ကို

ဒီမှာနေခွင့်ပေးထားတယ်၊ ဒါပေမဲ့

နင်တို့အတွက်

သူတို့လုပ်ပေးသင့်တယ်လို့

ထင်လား။ နှင်းခဲလေးက

အဲဒီအသီးအနှံတွေကို
ပေးသင့်တယ်လို့ ထင်လား”

စကားခဏရပ်ပြီး မူလနဂါး၊
နွားနတ်ဆိုးနှင့်
မူလနတ်ဆိုးကျားတို့ကို
စိုက်ကြည့်ကာ “မိုက်မဲတဲ့နဂါး၊
နွားနဲ့ ကျားမိုက်၊

နှင်တို့သုံးယောက်စလုံး
နှင်းပွင့်လေးကြောင့်ကယ်တင်ခံ
ထားရတယ်။ ကျေးဇူးတင်ရမှာကို
သိနေပေမယ်လို့ တချို့လူတွေက
နှင်းခဲလေးကိုပစ်မှတ်ထားနေတာ
သဘောပေါက်ရမယ်။ ဟိုအရင်က
လူလိုပါပဲ။ သူလည်း
နှင်းခဲလေးအတွက်
ရောက်လာတာ။ နောင်မှာ

သူ့လိုလူတွေအများကြီး

ရောက်လာလိမ့်မယ်။

သူ့ထက်တောင်

ပိုပြီးသန်မာနိုင်တယ်။ နင်တို့

ပိုပြီးသန်မာမလာဘူးဆိုရင်တော့

အစ်ကိုကြီးယန် နဲ့ အစ်မကြီးအန်း

တို့နောက်ကို

လိုက်မှီမှာမဟုတ်ဘူး။

အသတ်ခံရနိုင်တယ်။ ဒါမှမဟုတ် စွန့်ပစ်ခံရနိုင်တယ်”

အားလုံးတိတ်ဆိတ်သွားကြသည်။

စွန့်ပစ်ခံရမှာလား ။

မူလနတ်ဆိုးအားလုံး

လုံးဝလက်သင့်မခံနိုင်တဲ့အခြေအ

နေပါ။

ဝမ်အရူးမလေး က

မူလတော်ဝင်မိကျောင်း၊

ရေသူမလေး နဲ့ သိုင်းချီလင် ကို

စိုက်ကြည့်နေသည် “ဒီမှာ အသစ်ရောက်နေတဲ့သူတိုင်းကို ပြောထားရမယ်။ အစ်ကိုကြီး ယန်နဲ့ အစ်မကြီးအန်း က နင်တို့အားလုံးကို မလိုအပ်ဘူးဆိုတာ ဘယ်တော့မှ မမေ့နဲ့။ နင်တို့ရဲ့ ခွန်အားက မဆိုးပါဘူး၊ ဒါပေမဲ့ တကယ်တမ်းချရင်

သူတို့နှစ်ယောက်ကို
ယှဉ်နိုင်ပါ့မလား။ သူတို့ရဲ့
ကြင်နာမှုကို ဘယ်တော့မှ
အလေးမထားဘဲ
နင်တို့နဲ့ထိုက်တန်သလို
ခံစားမနေကြနဲ့။ ငါပြောနေတာ
အကုန်လုံးပါတယ်။ နင်တို့အားလုံး
ကိုယ့်နေရာကို သိသင့်တယ်”

ရေသူမလေး က ခဏတာ

ငြိမ်သက်သွားပြီး ဝမ်းအရှုံးမလေး

ကိုအနည်းငယ် ဦးညွှတ်ကာ

“မှန်ပါတယ် အကြီးအကဲ...”

သူ့အမြင်မှာတော့ ဝမ်အရှုးမလေး
က
အကြီးအကဲတစ်ယောက်လိုပင်။

ဝမ်အရှုးမလေး က သူ့လက်ကို
ဝှေ့ယမ်းပြီး "ငါ့ကို ဝမ်လေး
လို့ပဲခေါ်နိုင်တယ်"

ထို့နောက် ထိုင်ချလိုက်ပြီး

"အားလုံးကို

တစ်ခုလောက်မေးပါရစေ။

ဒီနေရာက အဆင်ပြေလား၊

နေရတာ ကောင်းတယ်မလား"

အားလုံးက ခေါင်းညိတ်ကြသည်။

ဤနေရာရောက်မှသာ သူတို့၏
ကံကြမ္မာကို ပြောင်းလဲနိုင်ခဲ့သည်
။

ဝမ်အရှုးမလေး က
“ဒါဆိုငါမေးပါရစေ။
အစ်ကိုကြီးယန် နဲ့ အစ်မကြီးအန်း

တို့ရှုံးနိမ့်သွားရင် နင်တို့ ဒီမှာ ဆက်နေနိုင်မလား

အားလုံးက ထိုအချက်ကို မစဉ်းစားထားကြလေရာ ယခုမှကြားလိုက်တော့ အံ့ဩသွားပုံရသည်။

ဝမ်အရှုံးမလေးက "ဒါက
အစ်ကိုကြီးယန်၊ အစ်မကြီးအန်း
တို့ရဲ့အိမ်မဟုတ်ဘူး၊ ဒါက
ငါတို့အိမ်ပဲဆိုတာ
နင်နားလည်ထားရမယ်"
ထိုစကားပြောပြီးနောက်
ကောင်းကင်ကို မော့ကြည့်ကာ
"အစ်ကိုကြီးယန် က
သေခါနီးဖြစ်သွားတဲ့အထိ

ရိုက်နှက်ခံထားရတယ်။ အဲဒါက

နင်တို့အားလုံး တစ်ခုခုကို

မတွေးမိကြဘူးလား။

အစ်ကိုကြီးယန် မရှိတော့ရင်

နောင်မှာ ငါတို့တွေ

ဒီလိုမျိုးအေးအေးချမ်းချမ်းနေရပါ

ဦးမလား””

ဤအချိန်တွင် နွားနတ်ဆိုးက ဝမ်အရှူးမလေးရှေ့သို့ လျှောက်သွားသည်။ ထို့နောက် မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကိုဝှေ့ယမ်းကာ လေ့ကျင့်လိုကြောင်းထုတ်ဖော်ပြသည်။

မူလနဂါးက

ရုတ်တရုတ်ပြောလိုက်သည်

“ဝမ်အရူးလေး၊ အရင်တုန်းက

ငါမင်းကိုလက်ခံဖို့ ဆန္ဒမရှိခဲ့ဘူး။

မင်းသိသမျှက ငါတို့ကို ဘယ်လို

အနိုင်ကျင့်ရမလဲလို့ပဲ

ငါထင်ခဲ့တာ။ အခုတော့ ငါလည်း

မင်းပြောတာကို သဘောတူတယ်”

ဝမ်အရူးမလေး က သူတို့ကို
တစ်ချက်ကြည့်လိုက်ပြီး
“ဒီနေ့ကစပြီး ငါတို့တွေ
ငရဲကျနေသလိုမျိုး လေ့ကျင့်မယ်။
ဒီနေရာမှာ ငါတို့အတွက်
အကောင်းဆုံးဝိညာဉ်စွမ်းအင်တွေ
၊ သစ်သီးတွေနဲ့

နှင်းခဲလေးပါရှိနေတယ်။

အဲဒါတွေအကုန်လုံးနဲ့

မတိုးတက်နိုင်သေးဘူးဆိုရင်တော့

ငါတို့က အမှိုက်ဖြစ်သွားပြီ။ လာ၊

အခုစလိုက်ရအောင်...”

မူလစေတီအပြင်ဖက် ။

ဓားစာလိပ်က

တိုးတိုးလေးပြောလိုက်သည်

“ဒီကလေးမလေး ဒီလောက်ထိ

အသိဉာဏ်ကြွယ်ဝဖို့

မမျှော်လင့်ထားဘူး”

အန်နန်ကျင်းက အနည်းငယ်

ခေါင်းညိတ်လိုက်သည်။

အမှန်တိုင်းပြောရရင် သူလည်း တော်တော်လေး အံ့ဩသွားသည်။ ဝမ်အရှုးမလေးက လူသားသဘာဝအတိုင်းပြောနေနိုင်လို့ပါ။

အချိန်များ
တဖြည်းဖြည်းကုန်ဆုံးလာသည်။
ဤအတောအတွင်း
ယန်ယဲ့၏ခန္ဓာကိုယ်တစ်ဝိုက်ရှိ
သွေးနီရောင်အလင်းတန်းများ
တဖြေးဖြေးပြန်ဝင်လာပြီး
သူ့ဒဏ်ရာတွေလည်း
ပျောက်သွားပါတော့သည်။ သူက
အပြည့်အဝသက်သာသွားပုံပါ။

ခဏအကြာတွင် မျက်လုံးများ
ပွင့်လာသည်။

အန်နန်ကျင်း က “နင်
အခုဘယ်လိုခံစားရလဲ”
ဟုမေးလိုက်သည်။

ယန်ယဲ့ က မတ်တပ်ထရပ်ပြီး "ငါတော်တော်လေးအဆင်ပြေနေပြီ"

သူက အန်နန်ကျင်း ကို စိုက်ကြည့်ရင်း "ငါ့ကိုယ်ထဲမှာ စွမ်းအင်တွေ ပြည့်နေသလို ခံစားရတယ်"

“ဒါ နင့်ရဲ့သွေးမျိုးဆက်ကလာတဲ့

စွမ်းအားပဲ” ဤအတောအတွင်း

ဓားစာလိပ်က

ရုတ်တရက်ဝင်ပြောသည်

“နင့်ရဲ့သွေးမျိုးဆက်က

အပြည့်အဝအသက်ဝင်သွားပြီ။

ဒါက အခုအချိန်မှာ

အရှူးနတ်ဆိုးသွေးမျိုးဆက် ရဲ့ 

အသန့်စင်ဆုံးပုံစံပါပဲ။

အရှူးနတ်ဆိုးသွေးမျိုးဆက် မှာ

အရမ်းကြောက်စရာကောင်းတဲ့

အရှူးနတ်ဆိုးစွမ်းအင်ရှိတယ်။

အခုတော့ နင်က

အချိန်မရွေးသုံးလို့ရပြီ။ ပြီးတော့

နင့်ရဲ့သွေးမျိုးဆက်စွမ်းအားကို

အပြည့်အဝအသက်သွင်းလိုက်ပြီ

ဆိုတာနဲ့ အဆင့် ၅ ပညာရှင်ကို
လက်ရည်တူတိုက်ခိုက်နိုင်တယ်။
ဒါ့ကြောင့် ကျင့်ကြံမှုအဆင့်
ဖိနှိပ်နေတာကို ရပ်တန့်လိုက်ဖို့
အကြံပြုချင်ပါတယ်”

“ဆက်ပြီးဖိနှိပ်မထားရတော့ဘူး

လား” ယန်ယဲ့က အံ့ဩသွားပြီး

“ဘာလို့လဲ”

ခေးစာလိပ်က

တိုးတိုးလေးပြောလိုက်သည်

“နင်အဲဒါကို ဖိနှိပ်နေတာ

ရပ်လိုက်ရင်တော့

နှင်အဆင့်တက်လာတိုင်းမှာ

နှင့်ရဲ့ခွန်အားတွေ

တိုးလာလိမ့်မယ်။ ဥပမာအနေနဲ့

နှင့်ရဲ့

အရှူးနတ်ဆိုးသွေးမျိုးဆက်ကို

အသက်သွင်းလိုက်တဲ့အခါ

ခွန်အားအပြည့်ထုတ်သုံးလို့ရမှာ

တော့မဟုတ်ဘူး။

နှင့်ရဲ့တိုက်ခိုက်ရေးစွမ်းအားက

ကန့်သတ်ခံထားရသလိုပဲ
ဖြစ်လိမ့်မယ်”

ငါ့ကျင့်ကြံမှုအဆင့်ကို
မဖိနှိပ်သင့်တော့ဘူးလား ။

ယန်ယဲ့က သူ့ခန္ဓာကိုယ်ကို
ငုံ့ကြည့်ပြီး

ခေါင်းညိတ်လိုက်သည်။ အထူးသဖြင့် လက်ရှိမှာတော့ သူ့ခန္ဓာကိုယ်က အတော်လေးကို အားနည်းနေပုံပါ။ သူ့ခန္ဓာကိုယ်က သူ့တိုက်ခိုက်ရေးစွမ်းအားကို လုံးဝတောင့်မခံမထားနိုင်တော့ပေ ။

ဓားစာလိပ်က ရုတ်တရက် ပြုံးပြီး “ထာဝရနိုင်ငံတော်ကို သွားချင်လား”

ယန်ယဲ့ က ဓားစာလိပ် ကို စိုက်ကြည့်လိုက်သည်။ သူမက စကြာဝဠာတံတိုင်းကို လက်ညှိုးထိုးပြပြီး “အဲဒီနံရံကို

ချိုးဖျက်လိုက်။ ပြီးရင်တော့
နင်အဲဒီကို ရောက်နိုင်တယ်”

ယန်ယဲ့ က ခေါင်းခါလိုက်သည်
“အခုမဟုတ်သေးဘူး”

ဓားစာလိပ် က “ဘာလို့လဲ” ဟု
မေးလိုက်သည်။

ယန်ယဲ့၏မျက်နှာပေါ်တွင်
အေးစက်သော အပြုံးတစ်ခု
ပေါ်လာကာ “သူတို့က နောက်ထပ်
အစွမ်းထက်ပညာရှင်တွေ
စေလွှတ်ဦးမှာ သေချာတယ်။
ဒါကြောင့် သူတို့ကိုသတ်ဖို့
ဒီမှာပဲစောင့်နေလိုက်မယ်”

သူက ဓားစာလိပ် ကို

စိုက်ကြည့်ကာ "မင်း အဲဒီကို

ပြန်ချင်နေပြီလား"

ဓားစာလိပ်က

ခေါင်းညိတ်ပြသည်။

ယန်ယဲ့ က
ခဏလောက်စဉ်းစားပြီး
"ငါတို့နည်းနည်းနောက်ကျမှသွား
လို့ရမလား"

သူမက ပြုံးပြီး "အလျင်စလို
မရှိပါဘူး။ ငါလည်း
နည်းနည်းတော့

စိတ်လောသွားတယ်။

လောလောဆယ် အဲဒီကို သွားဖို့

မသင့်တော်ပါဘူး။ မဟုတ်ရင်

နင်ဝင်လာတာကို

သူတို့သိသွားတာနဲ့

တစ်ခါတည်းအသတ်ခံရနိုင်တယ်။

ဒီနေရာမှာက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်နဲ့ ကံကြမ္မာကို

သတိထားနေရမှာ။ ဒါပေမဲ့
ထာဝရနိုင်ငံတော် က
သူတို့ရဲ့နယ်မြေဖြစ်သွားပြီ။
ဘာမှဂရုစိုက်နေစရာမလိုတော့
ဘူး။ အခုလက်ရှိ နင့်အတွက်
အရေးကြီးတာက နင့်ခန္ဓာကိုယ်ကို
အဆင့်မြှင့်တင်ရမယ်။ ပြီးမှ
ဖိနှိပ်ထားတဲ့ အဆင့်ကို
ချိုးဖျက်လိုက်”

ယန်ယွဲ့ က

ခေါင်းညိတ်လိုက်သည်။ ဘေးကို

လှည့်ကြည့်လိုက်ရာ

သက်လတ်ပိုင်းအမျိုးသား၏

အလောင်းက မျောနေတုန်းပါ။

ယန်ယဲ့က သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။
ရွှေရောင်အလင်းတန်းတစ်ခုလက်
သွားပြီး သူ့လက်ထဲမှာ
ရွှေရောင်ချပ်ပြားတစ်ခု
ပေါ်လာသည်။

အထွတ်အမြတ်အဆင့်
နတ်ဘုရားရတနာ ။

ယန်ယဲ့ က နတ်ဘုရားရတနာကို
သိမ်းထားလိုက်ပြီး
စကြဝဠာတံတိုင်းဆီသို့
လျှောက်သွားလိုက်သည်။
နံရံအောက်နားမှာ

အလောင်းနှစ်လောင်းရှိနေ၏။

သူငိုကြည့်လိုက်ရာ ဓားစာလိပ် က

ရုတ်တရက် “ဒါသူပဲ”

ယန်ယဲ့ က ဓားစာလိပ်ကို

စိုက်ကြည့်ရင်း “ဘယ်သူလဲ”

ဓားစာလိပ်က

လူသေအလောင်းတစ်လောင်းကို

ညွှန်ပြပြီး "တစ်ချိန်က

ငါရွေးချယ်ခဲ့တဲ့

မိုးကောင်းကင်ဓားမြို့တော်ရဲ့ဘိုး

ဘေး ..."

ယန်ယဲ့ က အလောင်းကို
စိုက်ကြည့်နေသည်။ ဒီအချိန်မှာ
သူ့စိတ်ထဲ တစ်ခုခုကို
တွေးနေမိသည်။
ကောင်းကင်ဓားမြို့တော်၏
မြို့သခင်က သူ့အား
တစ်စုံတစ်ခုအကူအညီတောင်း
ထားသည်။

၎င်း၏တည်ထောင်သူဘိုးဘေး
အသက်ရှင်နေသေးသလားဆိုသ
ည်ကို ကြည့်ရှုပေးရန်ဖြစ်သည်။

သူသေပြီလား ။

ယန်ယဲ့က အလောင်းများဆီသို့
လျှောက်သွားကာ “သူတို့က

စကြဝဠာတံတိုင်းရှေ့မှာ ရောက်နေပြီ။ ဘယ်လိုလုပ်ပြီး ဒီမှာသေတာလဲ”

“သူတို့က အဲဒါကို ဖြတ်ကျော်တာ မအောင်မြင်ခဲ့ဘူး” ဓားစာလိပ်က လေးနက်စွာပြောခဲ့သည် “အဆင့် ၅ ပညာရှင်တစ်ဦးဆိုရင်တောင်

ဒီစကြာဝဠာတံတိုင်းကို
ဖြတ်ကျော်ဖို့ ခက်ခဲနေဦးမှာ။
သူတို့ကို ပေးခဲ့တဲ့
ထာဝရနိုင်ငံတော်ဝင်ပေါက်က
တကယ်မရှိဘူးလို့
ပြောလို့ရပါတယ်။ ဒါပေမဲ့
သူတို့က တခြားသူတွေကို
ဘယ်တုန်းကမှ

ခွင့်မပြုချင်တာဆိုတော့
အခိပ္ပာယ်ရှိတယ်လို့ ပြောရမယ်"

ယန်ယွဲ့ က
"သမိုင်းတစ်လျှောက်မှာ
ဘယ်သူမှ
မအောင်မြင်ဖူးဘူးလား"

ဓားစာလိပ်က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
“ဒီနံရံကို ကျော်ဖြတ်နိုင်တဲ့
လူနှစ်မျိုးပဲရှိတယ်။ အဲဒီထဲက
တစ်ယောက်က သူတို့ရွေးချယ်တဲ့
လူတွေ။ အဲဒီလူတွေဟာ
ထာဝရနိုင်ငံတော်ကို
ဝင်ရောက်ပြီးတာနဲ့
သူတို့ထဲကတစ်ယောက်ဖြစ်လာ

လိမ့်မယ်။ သူတို့ကို

ထာဝရနိုင်ငံတော်ရဲ့

တစ်စိတ်တစ်ပိုင်းအဖြစ်

သတ်မှတ်လိမ့်မယ်။

တခြားလူအမျိုးအစားကတော့

တျန်းရှု နဲ့ အနှောင်အဖွဲ့ကင်းမဲ့သူ

တို့လို လူတွေပါပဲ။

သူတို့ရဲ့ခွန်အားက

စကြာဝဠာတံတိုင်းကိုဖြတ်ပြီး

ဝင်နိုင်တယ်။ ဒါပေမဲ့ ဒီလိုမျိုး လူဘယ်လောက်နည်းသလဲကြည့် ကြည့်လေ.”

ထိုစကားပြောပြီးနောက် အလောင်းများကိုကြည့်ကာ “သူတို့ ဒီကိုရောက်လာတယ်။ ဒါပေမဲ့ သူတို့ရဲ့မျှော်လင့်ချက်ဟာ

စိတ်ပျက်လက်ပျက်ဖြစ်သွားတာ
ကို
သူတို့သဘောပေါက်လိုက်ကြတ
ယ်”

ယန်ယဲ့ သည် အဝေးကို
ရုတ်တရက်
လှမ်းကြည့်လိုက်သည်။

အရိပ်တစ်ခု လျင်မြန်စွာ
ချဉ်းကပ်လာနေတာကို
တွေ့လိုက်ရသည်။ ယန်ယွဲ့သည်
ထိုလူရိပ်ကို
အနီးကပ်မြင်သောအခါ
အံ့အားသင့်သွားပြီး
“မဖြစ်နိုင်ဘူး… အိုး၊ နှင်းခဲလေး၊
မြန်မြန်ထွက်လာခဲ့။

မြန်မြန်လုပ်....
လုယက်ဖို့အချိန်ကျပြီ။ အိုး...
မဟုတ်ဘူး၊ ငါပြောချင်တာက
မိတ်ဆွေဟောင်းနဲ့တွေ့ဖို့
အပြင်ကိုထွက်လာပါ..”

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၃ -

အဘိုးကြီးတစ်ယောက်က

အဝေးကနေ လျှောက်လာနေ၏။

အခြားသူ့စိမ်းတော့မဟုတ်ပါ။ ဝါးသေတ္တာလွယ်ထားသောအဘိုးကြီးပင် ဖြစ်သည်။ အဘိုးကြီးက ဖြူဖွေးသော ပိတ်စကို ကြိုးဖြင့် ဖောက်ပြီးကာ ဝါးသေတ္တာအပေါ်တွင် အုပ်ထားသည်။ ပိတ်စအပေါ်တွင်

အနက်ရောင်စာလုံးဖြင့်
“တရားမျှတမှု” ဟူ၍
ရေးထိုးထားသည်။

“ဝါးသေတ္တာလွယ်ထားတဲ့အဘိုး
ကြီး လား”

ယန်ယဲ့သည် အဘိုးကြီးကို
စိုက်ကြည့်ရင်း နှင်းပွင့်ကို
အပြင်ခေါ်ထုတ်လိုက်သည်။
နှင်းပွင့်လေးက
အပြင်ရောက်လာသည့်အတိုင်း
နဂါးနက်အသားများကို
ကိုင်ထားပြီး စားနေတုန်းပါ။

အဘိုးကြီးကို တွေ့သည်နှင့်
အံ့ဩသွားသည်။

ခဏအကြာတွင် အဘိုးကြီးက
ထွက်သွားသည်။

ယန်ယဲ့က လျင်မြန်စွာ
တုန့်ပြန်လိုက်သည်။

အဘိုးကြီးရှေ့သို့
အလျင်အမြန်လျှောက်သွားပြီး
ဦးညွှတ်ကာ “အကြီးအကဲ”

ဤအတောအတွင်း သူ့ပခုံးပေါ် ရှိ
နှင်းပွင့်လေးက
ဝါးသေတ္တာအပေါ်သို့

ပုံျသန်းသွားပြီး

တင်းတင်းကျပ်ကျပ်

ဆုပ်ကိုင်ထားသည်။

ဝါးသေတ္တာထဲမှ တစ်စုံတစ်ခုက

နှင်းပွင့်လေးနှင့်

စကားစမြည်ပြောနေသည့်အလား

အပြင်သို့ ထွက်ချင်နေပုံရသည်။

အဘိုးကြီး၏မျက်နှာက
မည်းမှောင်းသွားသည်
“ငါတို့အချင်းချင်းသိကြလား…”

ယန်ယဲ့က
ရှက်ရွံ့စွာပြုံးလိုက်သည်
“အကြီးအကဲက နောက်နေတာပဲ”

အဘိုးကြီး၏မျက်နှာက

မည်းမှောင်နေကာ “ကလေး

ငါနောက်နေတာ...ငါတို့အချင်းချ

င်းမသိဘူး”

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

နှင်းပွင့်လေးက ဝါးသေတ္တာကို
ဆတ်ခနဲ ပုတ်လိုက်သည်။
တစ်စုံတစ်ခုလွတ်မြောက်ချင်နေ
သည့်အလား ချက်ချင်း
တုန်ခါလာသည်။ အဘိုးကြီးက
နှင်းပွင့်ကိုကြည့်လိုက်သည့်အခိုက်
အတန့်တွင်
သူမ၏လက်သည်းလေးများကို

ငှေ့ယမ်းပြီး ဝါးသေတ္တာကို
ညွှန်ပြလိုက်သည်။

သူမကို ပေးခဲ့ဖို့ပြောနေတာ။

အဘိုးကြီး၏ မျက်နှာက
မည်းမှောင်သွားပြီး "ငါ့…"

နှင်းပွင့်လေးက ဝါးသေတ္တာကို ညွှန်ပြပြီး သူ့ကိုယ်သူ ညွှန်ပြလိုက်သည်။

အဘိုးကြီးက ဒေါသတကြီးဖြင့် ခြေဆောင့်လိုက်ပြီး “ဘာလဲ မင်းအတွက်

ငါပေးရမှာလား…ငါက

ဘာကိုစွပေးရမှာလဲ…”

နှင်းပွင့်လေးပ မျက်တောင်ခတ်ပြီး

ဝါးသေတ္တာကို ညွှန်ပြပြီးနောက်

အဘိုးကြီးကို ညွှန်ပြလိုက်သည်။

“ဘယ်လိုပြောရမလဲ…”လို့မေးနေတာပါ။

အဘိုးကြီးက အံ့အားသင့်သွားပြီး ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ခဏအကြာတွင် “ငါ့ကို
သက်သေပြဖို့
သူမေးနေတာလား…”

အဘိုးကြီးက
ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက ဒေါသတကြီး
“ဒါငါ့ဥစ္စာ
ငါဘယ်လိုသက်သေပြရမှာလဲ...”

နှင်းပွင့်လေးပ ရုတ်တရက်
ခုန်ထလာပြီး ဝါးသေတ္တာကို
လက်ညှိုးထိုးပြပြီးနောက်

သူမအပိုင်ဖြစ်ကြောင်းကြေညာ
နေသည်။

အဘိုးကြီး၏မှတ်ဆိတ်များ
ဒေါသတကြီးတုန်ခါကာ
“အသေးလေး၊ မင်းဒီလောက်
အရှက်မရှိအောင်ကြိုးစားနေတာ”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး “အကြီးအကဲ ဒါသိပ်မတရားဘူးထင်တယ်”

“မတရားဘူးလား…”

အဘိုးကြီးက ယန်ယဲ့ကို
စိုက်ကြည့်ကာ “ကလေး
ဘာပြောချင်နေတာလဲ...”

ယန်ယဲ့က
ခဏလောက်စဉ်းစားပြီး
နှင်းပွင့်ကို လက်ညှိုးထိုးပြကာ
“အကြီးအကဲ

သူဘယ်သူလဲဆိုတာ မင်းလည်း သေချာပေါက် သိတယ် မဟုတ်လား…”

အဘိုးကြီးက သူ့နှုတ်ခမ်းများကို ကိုက်လိုက်ပြီး “အချို့က သူမကို ဝိညာဉ်ဖန်ဆင်းရှင်လို့ ထင်ကောင်းထင်နိုင်တယ်။ ဒါပေမဲ့

ငါ့အမြင်အရတော့ ဒီကလေးက

အရှက်မရှိတဲ့ လူတစ်ယောက်ပဲ”

ယန်ယဲ့က ရှက်ရွံ့စွာပြုံးကာ

လေးလေးနက်နက်

ပြောလိုက်သည်။

“ဝိညာဉ်ဖန်ဆင်းရှင်ရဲ့

နှလုံးသားထဲမှာ အရာအားလုံးက

သက်ရှိပဲ၊ ပိုင်ရှင်မရှိဘဲ
ရှိနေတယ်။ ဒါမှမဟုတ်
အရာရာတိုင်းဟာ ဘယ်သူနဲ့မဆို
သက်ဆိုင်တယ်လို့
ပြောလို့ရပါတယ်။ ဝါးသေတ္တာက
အကြီးအကဲပိုင်ပေမဲ့ အဲ့ဒါက
သူ့အတွက်လို့ထင်နေတယ်။ ဒါဆို
ဝါးသေတ္တာကို ထုတ်ပြပြီးတော့

ဘယ်သူနဲ့ နေချင်လဲ
ကြည့်ခွင့်ပေးလိုက်ပါ”

အဘိုးကြီးက
ဒေါသတကြီးအော်ဟစ်ရင်း “သူမ
ဘာလို့ အရှက်မရှိလည်း
တွေးနေတာ
သူထက်ပိုဆိုးတဲ့ကောင်နှောက်ကို

လိုက်နေလို့ပဲ။ ငါပိုင်တဲ့
အရာတွေကို ဘာလို့
ရွေးချယ်ခွင့်ပေးရမှာလဲ။
မင်းပိုင်တဲ့အရာတွေကို ဘာလို့
ရွေးချယ်ခွင့်မပြုတာလဲ…မင်း…”

ဤအချိန်တွင် ယန်ယဲ့က သူ၏
နှတ်ဘုရားရတနာ အားလုံးကို
ထုတ်ယူလိုက်သည်။

အဘိုးကြီးက အံ့သြသွားသည်။

ယန်ယဲ့က "အကြီးအကဲ
မင်းပြောတာမှန်တယ်။

တရားမျှတဖို့အတွက် ငါက ငါပိုင်တဲ့အရာတွေကို အရင်ဆုံးချပြသင့်တယ်"

သူက နတ်ရတနာအားလုံးကို စူးစိုက်ကြည့်ကာ "မင်းတို့တွေက ကိုယ်ပိုင်ရွေးချယ်နိုင်တယ်။ ဒီအကြီးအကဲနဲ့

သွားဖို့ရွေးချယ်ရင်
ငါတားမှာမဟုတ်ဘူးလို့
အာမခံတယ်။
ကိုယ်ပိုင်စိတ်ဆန္ဒတိုင်း
ထွက်ခွင့်ပြုမယ်”

နတ်ရတနာအများအပြားက
အနည်းငယ်တုန်ခါသွားပြီးနောက်

အဘိုးကြီး၏အကြည့်အောက်မှာ
ပဲ နှင်းပွင့်လေးဆီသို့
ပျံသန်းလာသည်။ အားလုံးက
နှင်းပွင့်ကို
ရွေးချယ်လိုက်ပုံရသည်။

နှင်းပွင့်၏အပြုံးက
တောက်ပနေသည်။ မှန်သည်

နတ်ရတနာများအားလုံးက
သူ့ကိုရွေးချယ်မယ်ဆိုတာ
သိနေလို့ပါ။ နောက်ဆုံးတွင်
ထိုနတ်ရတနာများကို
ဝိညဉ်စွမ်းအင်ဖြင့်အဆတ်မပြတ်
အဆင့်မြှင့်တင်ပေးနေသည်
မဟုတ်ပါလား…။

ယန်ယဲ့နှင့် နှင်းပွင့်က
အဘိုးကြီးအား
စိုက်ကြည့်နေသည်။

အဘိုးကြီးက
သူတို့အားလက်ညှိုးထိုးပြပြီး
“အရှက်မရှိဘူး။

မင်းတို့နှစ်ယောက်စလုံးက
အရှက်ကင်းမဲ့တယ်”

ဤအချိန်တွင် နှင်းပွင့်က
အသီးတစ်လုံးကို ထုတ်ယူပြီး
အဘိုးကြီးရှေ့တွင်
မြှောက်လိုက်ပြီး သူမကို
လက်ညှိုးထိုးပြလိုက်သည်။

“ဖရိုဖရဲသစ်သီးလား…”

အဘိုးကြီးက

အံ့အားသင့်သွားသည် “မင်းမှာ

ရှိနေတုန်းပဲလား…။ ခဏလေး

ငါပေးတဲ့အသီးတွေထက်

ပိုပြီးရင့်မှဲ့နေတယ်။ ဒါ

ငါပေးတဲ့အသီးမဟုတ်ဘူး။
မင်းဒါကို ဘယ်ကရတာလဲ...”

နှင်းပွင့်က သူ့ကိုယ်သူ
ညွှန်ပြသည်။ ။ အဘိုးကြီးက
စကားမပြောဘဲ
ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

သူမက "အဲ့ဒီအသီးနှစ်လုံးရဲ့
အစေ့တွေကို စိုက်ခဲ့တာ"

"မဖြစ်နိုင်ဘူး"

အဘိုးကြီးက ရုတ်တရက်
ခေါင်းခါပြီး "ဒါလုံးဝမဖြစ်နိုင်ဘူး"

သူက နှင်းပွင့်ကို ရုတ်တရက်
စိုက်ကြည့်လိုက်သည်။
“ခဏနေဦး
အခြားသူတွေအတွက်လုံးဝမဖြစ်
နိုင်ပေမဲ့
ဒီအကောင်ငယ်လေးအတွက်
ဖြစ်နိုင်တယ်။ သူမက
ဝိညာဉ်ဖန်ဆင်းရှင်”

အဘိုးကြီးက ခဏတုံ့ဆိုင်းသွားပြီး
“ငါကြည့်လို့ရမလား...”
ဟုမေးလိုက်သည်။

ယန်ယဲ့က
ခဏမျှတုံ့ဆိုင်းသွားပြီးနောက်
ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက

သူ့အကြောင်းအကုန်သိနေသည့်

အပြင်

ထူးခြားဆန်းကြယ်လှသည်။

အကယ်၍ သူ့ကိုသာ

မကောင်းကြံပါက လုံးဝ

မတားနိုင်ပါ။

ထို့နောက်တွင် ယန်ယဲ့က
အဘိုးကြီးအား မူလစေတီထဲသို့
ခေါ်ဆောင်သွားခဲ့သည်။ ယန်ယဲ့က
ဝါးသေတ္တာလွယ်ထားသောအဘိုး
ကြီးအား
မြောက်ပိုင်းဓားဂိုဏ်းအနောက်ဘ
က်ဖက်သို့ခေါ်ဆောင်လာသည်။

ဖရိုဖရဲ သစ်ပင်များကို
မြင်သောအခါ အဘိုးကြီးဟာ
သဘောကျစွာ
လျှာကိုပင်ကိုက်လိုက်မိသည်။

"တကယ်တော့ ဒါတွေက
ဖရိုဖရဲသစ်ပင်တွေဖြစ်တယ်ဆို
တာ လုံးဝ မယုံနိုင်စရာဘဲ။

ဒီလောကမှာ ဘယ်လိုမှ
အံ့သြစရာ မဖြစ်နိုင်ဘူး..”

သူက နှင်းပွင့်ကိုစိုက်ကြည့်ကာ
လက်မထောင်ပြလိုက်သည်
“အံ့သြစရာ တကယ်ကို
အံ့သြစရာပဲ”

နှင်းပွင့်လေးက

ချစ်စဖွယ်အပြုံးဖြင့်

အဘိုးကြီး၏ဝါးသေတ္တာကို

တစ်ချက်ကြည့်လိုက်သည်။

အဘိုးကြီးက ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည် “ဒါက

ကမ္ဘာငယ်လေးပဲ။

ဟုတ်တယ်မလား…"

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးပ သူ့ရှေ့ရှိ
သစ်ပင်များကို
တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ခဏတုံ့ဆိုင်းနေပြီး
“ဒီနတ်သစ်ပင်တွေက
အဆင့်အတန်းမြင့်လို့ သူတို့ ဒီမှာပဲ
ဆက်ရှိနေမယ်ဆိုရင် ဒီကမ္ဘာက

သူတို့နဲ့

လိုက်လျောညီထွေဖြစ်နိုင်မှာမဟုတ်ဘူး။ မကြာခင်မှာသူတို့ရဲ့

စွမ်းအင်တွေက ဒီကမ္ဘာကြီးကို

ပျက်စီးစေတော့မယ်”

ဤအချိန်တွင် နှင်းပွင့်က

သစ်ပင်များရှေ့တွင်

ပေါ်လာသည်။ ထိုနောက်
သူ့ကိုယ်သူ ညွှန်ပြလိုက်သည်။

အဘိုးကြီးကပြုံးပြီး "စိတ်မပူပါနဲ့။
ငါဒီအပင်တွေကို မယူဘူး။
သူတို့မှာ မင်းမရှိရင် ညှိုးနွမ်းပြီး
သေဖို့ ခဏပဲကြာလိမ့်မယ်။

ထာဝရနတ်ဘုရားနိုင်ငံတော်မှာဆို

ရင်တောင် အသက်မရှင်နိုင်ဘူး”

သူက ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

“ဒီကမ္ဘာကို နည်းနည်းတော့

ပြုပြင်ပေးလိုက်မယ်”

ထိုအတိုင်းပြောပြီးသည်နှင့်
သူ့လက်ကို အနည်းငယ်
မြှင့်လိုက်သည်။ ထိုခဏလေးမှာပဲ
မူလစေတီထဲရှိကမ္ဘာကြီး
တုန်လှုပ်သွားသည်။ ယန်ယဲ့သည်
ဤနေရာတစ်ခုလုံးကြီးကြီးမား
မားပြောင်းလဲလာသည်ကို
အံ့အားသင့်စွာသတိပြုမိခဲ့သည်။

အာကာသ ဖွဲ့စည်းပုံနှင့်
အရာခပ်သိမ်းသည်
ပြောင်းလဲနေခဲ့သည်။
ဤမြင်ကွင်းက မူလစေတီထဲရှိ
လူတိုင်းကို
ထိတ်လန့်သွားစေခဲ့သည်။
လူတိုင်းပ အဘိုးကြီးကို

ငေးကြည့်ရင်း
မယုံကြည်နိုင်ခြင်းများဖြင့်
ပြည့်နှက်နေခဲ့သည်။
သူ့အဆင့်မြင့်ကမ္ဘာက
ပြောင်းလဲနေသည်ကို
သတိထားမိကြလို့ပါ။

အဆင့်နိမ့်ကမ္ဘာမှ
အလယ်အလတ်အဆင့်
ကမ္ဘာတစ်ခုအဖြစ် တဖြည်းဖြည်း
ပြောင်းလဲသွားခဲ့သည်။
တစ်နာရီလောက်အကြာတော့
အဘိုးကြီးက ရပ်သွားသည်။

သူက ပတ်ဝန်းကျင်ကို
စိုက်ကြည့်ကာ အနည်းငယ်
ခေါင်းညိတ်ပြီး
"အလယ်အလတ်ကမ္ဘာတစ်ခုပဲ။
ဖရိုဖရဲသစ်ပင်နှစ်ပင်ကို
ကြီးထွားစေဖို့က
လုံလောက်ပါတယ်"

"အလယ်အလတ်အဆင့်ကမ္ဘာ"

"သူက ကမ္ဘာငယ်လေးကို ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကမှလို အလယ်အလတ်အဆင့်ကမ္ဘာတစ်ခုအဖြစ်ပြောင်းလိုက်တာလား...။ဒါဆို ဒီလူအိုကြီးက ဘယ်သူလဲ...

ဘယ်လောက်တောင်

သန့်မာနေလဲ”

ထိုအတွေးတွေးမိရင်း အားလုံး

အံ့သြသွားကြသည်။

အဘိုးကြီးက လူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါက

နည်းနည်းလေး လှည့်စားရုံပါပဲ။
ဘာမှ ထိတ်လန့်စရာမလိုဘူး”

ယန်ယဲ့က
ခါးသက်သက်ရယ်မောလိုက်သည်
“အကြီးအကဲ ဒါက
လှည့်စားတာမဟုတ်ဘူး”

"အလယ်အလတ်အဆင့်ကမ္ဘာတစ်ခု"

အဘိုးကြီး၏ ခွန်အားက
သူထင်ထားသည်ထက်
ကျော်လွန်သွားသောကြောင့်
အကူအညီမဲ့စွာ
ရယ်မောလိုက်သည်။

ကမ္ဘာတစ်ခုကို
ဆင့်ကဲပြောင်းလဲရန်
လူတစ်ယောက်ဟာ
မည်မျှသန်မာသနည်း။

အဘိုးကြီးက ဘာမှမပြောပေ
သူက နှင်းပွင့်ကို စိုက်ကြည့်ကာ
“ဒါက ကံတရားပဲ

ဖြစ်ကောင်းဖြစ်နိုင်မယ်။
ဝါးသေတ္တာကို ငါပေးလို့မရဘူး။
ဒါပေမဲ့ ငါတို့ကြားမှာ
ကံကြမ္မာရှိတယ်။ မင်းဟာ
အကြွင်းမဲ့ ဂရုဏာနဲ့ ဖြူစင်တဲ့
ဝိညာဉ်ဖန်ဆင်းရှင်ဖြစ်လို့ မင်းကို
လက်ဆောင်တစ်ခုပေးခဲ့မယ်။
မဟုတ်ရင် မင်းငါ့ကို
ထွက်သွားခွင့်ပေးမှာမဟုတ်ဘူး”

သူက လက်ကို

ဝှေ့ယမ်းလိုက်သည်။

အဖြူရောင်အလင်းတန်းတစ်ခု

ထွက်လာပြီး နှင်းပွင့်၏

နဖူးအလယ်သို့

ဝင်ရောက်သွားသည်။

ယန်ယဲ့က အလျင်စလို
မေးလိုက်သည် "အဲ့ဒါဘာလဲ..."

အဘိုးကြီးက "အနာဂတ်ကျ
ရောင်တိမ်းလို့မရတဲ့
အန္တရာယ်တွေ ကြုံလာတဲ့အခါ
လွတ်မြောက်မှာပါ။ သူ့အတွက်
အထောက်အကူဖြစ်နိုင်ပါတယ်"

သို့သော် နှင်းပွင့်၏အကြည့်က ဝါးသေတ္တာအပေါ်တွင် ကျန်ရှိနေသေးသည်။

အဘိုးကြီးက ခါးသက်သက်ရယ်မောရင်း“အင ယ်လေး မင်းငါ့ရဲ့

နတ်ရတနာတွေကိုကြည့်ပြီး…လု
ယက်ချင်နေတာပဲ”

စကားပြောနေရင်း
သူညာလက်ကိုဆန့်ပြီး
ဝါးသေတ္တာကိုပုတ်လိုက်သည်။

နှင်းပွင့်လေးအရှေ့တွင်

ကြက်သွေးရောင်

အသီးတစ်လုံးပေါ်လာသည်။

နှင်းပွင့်လေးက

မျက်တောင်ခတ်ပြီး

အသီးကိုလှမ်းယူကာ

အဘိုးကြီးကို

မော့ကြည့်လိုက်သည်။

အဘိုးကြီးက ပြုံးပြီး “ဒါက

ကမ္ဘာဦးသစ်သီး။ ဒါဟာ ကမ္ဘာက

မွေးဖွားလာတဲ့ သစ်သီးပါ။

ဖရိုဖရဲသစ်သီးထက် ပိုပြီး

အစွမ်းထက်တယ်။

မင်းဒါကိုအပင်ပေါက်လာအောင်

လုပ်နိုင်တယ်။ မင်းလုပ်နိုင်ရင်
ဒီထက်ပိုပြီး ကြီးထွားနိုင်တယ်”

နှင်းပွင့်လေးက အသီးကို
ရှုရှိုက်ပြီး  သိမ်းထားလိုက်သည်။
ထိုနောက် ဝါးသေတ္တာကို
စူးစိုက်ကြည့်နေပြန်သည်။

အဘိုးကြီးက
ခါးသက်သက်ရယ်မောပြီး"က
တောက် ငါ့မှာ အများကြီးမရှိဘူး။
ဒါပဲယူသွားဟုတ်ပြီလား..."

နှင်းပွင့်လေးက
တိတ်ဆိတ်နေသည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းကို
ပွတ်သပ်ကာ “မြန်မြန်လုပ်
ကျေးဇူးတင်တယ်လို့ပြောလိုက်”

သူက ဘယ်အချိန်မှာရပ်ရမယ်မှန်း
သိပါသည်။

နှင်းပွင့်လေးက
အဘိုးကြီးရှေ့ပျံသန်းသွားပြီးနော
က် လက်သည်းများကို
ဝှေ့ယမ်းပြလိုက်သည်။

အဘိုးကြီးက ပြုံးပြီး “ကောင်းပြီ။
ကံကြမ္မာက ငါတို့ကို
နှစ်ကြိမ်ဆုံတွေ့စေခဲ့တယ်။ ဒါဟာ

သိပ်ဆန်းကြယ်တဲ့
ကံတရားကရှိနေတယ်”

စကားပြောပြီးနောက်
ဝါးသေတ္တာကို ချလိုက်သည်။
လက်သီးဆုပ်အရွယ်တံဆိပ်တုံး
ကို ထုတ်ယူလိုက်သည်။

ယန်ယဲ့က “အကြီးအကဲ
အဲ့ဒါဘာလဲ…”ဟု
အလျင်အမြန်မေးလိုက်သည်။

အဘိုးကြီးကပြုံးပြီး“စကြဝဠာတံ
ဆိပ်။ ဒါက ငါသိသမျှ
အစီအရင်တွေ
ချိတ်ပိတ်ထားတဲ့အတားအဆီး

တွေနဲ့

စကြဝဠာတံတိုင်းတွေအကုန်လုံး

ကို ဖျက်ဆီးပစ်နိုင်တယ်။

ဟုတ်တယ်

အရေးအကြီးဆုံးကတော့...”

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၄ -

ယန်ယဲ့က "အရေးအကြီးတာက ဘာလဲ..."

အဘိုးကြီးက ပြုံးပြီး

“ဒီစကြဝဠာတံဆိပ်က

ကမ္ဘာဆယ်ခုရဲ့

ခွန်အားကိုပိုင်ဆိုင်တယ်။

ကမ္ဘာဆယ်ခု၊ ပြောရင်

တကယ်တော့

အလယ်အလတ်အဆင့်

ကမ္ဘာဆယ်ခုရဲ့

ခွန်အားကိုဆိုလိုတာ

အသက်သွင်းလိုက်တာနဲ့ အဆင့်၅ ပညာရှင်တစ်ဦးတောင် ချက်ချင်း အသတ်ခံရနိုင်တယ်”

“အလယ်အလတ်အဆင့်ကမှာဆ ယ်ခုရဲ့ခွန်အားလား…”

ယန်ယဲ့က

ခဏလောက်စဉ်းစားပြီး

"အကြီးအကဲ၊ အဆင့်၅

အထက်မှာ ဘာရှိလဲ...။ အဆင့် ၆

လား..."

အဘိုးကြီးက ခေါင်းယမ်းကာ

"မဟုတ်ဘူး"

ယန်ယဲ့က “ဒါဆိုဘာဖြစ်မလဲ…”

အဘိုးကြီးက

ခဏလောက်စဉ်းစားပြီး

“အကန့်အသတ်ချိုးဖျက်နယ်ပယ်

ကို နယ်ပယ် ၅ခု ခွဲထားတယ်။

အဆင့်၅မှာ ကျင့်ကြံသူတစ်ဦးက

တိုက်ခိုက်မှုတစ်ခုတည်းနဲ့
ကမ္ဘာ့ဂြိုဟ်ကို ဖျက်ဆီးပစ်နိုင်တယ်။
အဲဒီစွမ်းအားက
အသွင်းကူးပြောင်းမှု
အဆင့်ကိုရောက်သွားလိမ့်မယ်။
ပြီးတော့ နယ်ပယ်အသစ်တစ်ခုကို
ဝင်ရောက်ပြီးတော့
အဲ့ဒီနယ်ပယ်ကို အရှင်သခင်လို့
ခေါ်တယ်"

ယန်ယဲ့က အံ့ဩသွားပြီး

“အရှင်သခင်လား…”

အဘိုးကြီးက

ခေါင်းညိတ်ပြပြီး“မူလကမ္ဘာအဆ

င့်ရဲ့အထက်မှာ

လောကသခင်အဆင့်ရှိတယ်။

မင်းလည်း ဒါကိုသိတာ
သေချာတယ်။
ဟုတ်တယ်မလား…”

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။
“ငါသိပါတယ်”

အဘိုးကြီးက

“လောကသခင်အဆင့်က ကမ္ဘာတ

စ်ခုရဲ့စွမ်းအင်ကို

ဆုပ်ကိုင်ထားတယ်။ သူတို့မှာ

ကမ္ဘာငယ်လေးတစ်ခု

ဖန်တီးနိုင်တဲ့ နယ်ပယ်တစ်ခုပေါ့။

ဒါပေမဲ့ လူတစ်ယောက်က

ကမ္ဘာ၅ခုရဲ့ခွန်အားကို

ကျော်လွန်ပြီးတာနဲ့ သူတို့ရဲ့

ခွန်အားက

အသွင်းကူးပြောင်းသွားလိမ့်မယ်။

ဒီကူးပြောင်းမှုက

ကမ္ဘာတစ်ခုတည်းမှာ

ဖြစ်လာမှာမဟုတ်ဘူး။

မရေမတွက်နိုင်တဲ့

ကမ္ဘာတွေရှိနိုင်တယ်။ ဒါကြောင့်

ဒီအဆင့်ဂုကနေ

ဖယ်ထုတ်ပြီးတော့ အဲ့ဒီလူကို

အရှင်သခင်လို့ခေါ်တယ်။
ဒီနယ်ပယ်တွေအကြားက
ခြားနားချက်ကို ပြောပြခွင့်ပြုပါ”

အဘိုးကြီးက သူ့လက်ကိုဆန့်ပြီး
ဆုပ်ကိုင်လိုက်သည်။
မူလစေတီအထဲရှိ ကမ္ဘာသည်
ရုတ်တရက် တုန်လှုပ်သွားသည်။

သူက ယန်ယဲ့ကိုစိုက်ကြည့်ရင်း
“လောကသခင်အဆင့်က ငါ့ကို
ကမ္ဘာစွမ်းအင်ကို
ဆုပ်ကိုင်စေနိုင်တယ်။ ဟုတ်တယ်
ဒါက  စံနမူနာတစ်ခုပဲ”

သူ့လက်သီးကိုဖယ်လိုက်ပြီး လ
က်ဖဝါးကို
အောက်သို့ဖိလိုက်သည်။
မူလစေတီအထဲရှိ ကမ္ဘာသည်
သာမန်နေရာတစ်ခုအဖြစ်ပြောင်း
လဲသွားသည်။

အဘိုးကြီးကရယ်လိုက်ပြီး “ဒါက ကမ္ဘာကို ပျက်စီးစေနိုင်တယ်။ အကန့်အသတ်ချိုးဖျက်နယ်ပယ်စွမ်းအားပဲ”

ထိုနောက် သူ့လက်များကို ရှေ့သို့ ညင်သာစွာ တွန်းလိုက်သည်။

ကမ္ဘာတစ်ခုလုံး
ဖိနှိပ်ခံထားရပုံပင်။

ယန်ယဲ့နှင့် အခြားလူတိုင်း
ခံစားမိလိုက်ကြသည်။ ထိုပြင်
အဘိုးကြီးသာ အလိုရှိလျှင်
ဤလောကကို
ဖျက်ဆီးပစ်နိုင်သည်ကို

သိလိုက်ကြသည်။ အဘိုးကြီးက ရပ်လိုက်ရာ ကမ္ဘာကပုံမှန်အတိုင်းပြန်ဖြစ်သွားသည်။

အဘိုးကြီးက ဆက်ရှင်းပြသည် "အရှင်သခင်နယ်ပယ်ကို ဒီလိုမျိုးတွေးနိုင်တယ်။

အဲ့ဒီနယ်ပယ်က လူတွေက

ရက်စက်ကြမ်းကြုတ်တဲ

စွမ်းအားတွေချည်းပဲမဟုတ်ဘူး။

သူတို့က စကြဝဠာရဲ့မြင့်မားတဲ့

နိယာမတွေကို

နားလည်သဘောပေါက်ထားကြ

တယ်။ စကြဝဠာဉပဒေသ

အချို့ကို

ဘယ်လိုအသုံးပြုရမယ်ဆိုတာ

သိရှိထားကြတယ်။

အကြွင်းမဲ့ခွန်အား ဒါမှမဟုတ်

အရှိန်ကို

အကန့်အသတ်ထက်ကိုကျော်လွန်

နိုင်တယ်။ သူတို့က ခွန်အားနဲ့

အရှိန်ရဲ့အကန့်အသတ်ထက်ကို

ကျော်လွန်သွားပြီ။ အကုန်လုံး

ပြီးပြည့်စုံသွားရင်တော့ သူတို့က

ထာဝရနတ်ဘုရားအထက်အဆင့်

ကို တက်လှမ်းနိုင်လိမ့်မယ်”

ယန်ယဲ့က ခေါင်းခါလိုက်သည်

“ငါတကယ်ကို

နားမလည်သေးဘူး”

အဘိုးကြီးက ပြုံးပြီး "ဟုတ်တယ်

ငါနည်းနည်း

ရှုပ်ထွေးအောင်လုပ်ခဲ့တယ်။

ရိုးရိုးသားသားပြောရရင်

အရှင်သခင်နယ်ပယ်က

စွမ်းအင်အပေါ်မှာရှိတဲ့

အရှင်သခင်ဖြစ်တာကိုဆိုလိုတယ်

။ ကိုယ့်ကိုယ်တိုင်က လောက

အရှင်သခင်ဖြစ်တယ်။

မင်းကိုယ်တိုင်နဲ့
ထာဝရနယ်နိမိတ်ကို ဥပမာယူပါ။
မင်းက ထာဝရနယ်နိမိတ်ထဲမှာ
ရှိနေသေးတယ်။ မင်းရဲ့
တိုက်ခိုက်မှုတွေနဲ့ ကမ္ဘာကြီးကို
ဖျက်ဆီးပစ်နိုင်ပေမဲ့ မင်းဟာ
ထာဝရနယ်နိမိတ်ထဲမှာ
ရှိနေသေးတယ်မဟုတ်လား...။
ဒါပေမဲ့ အရှင်ခင်က

အဲ့ဒီနယ်ပယ်ကိုကျော်လွန်ပြီး

တော့ သူတို့ရဲ့

ကိုယ်ပိုင်နယ်နိမိတ်တွေကို

ဖန်တီးနိုင်တယ်။ မှန်တယ်

အဲ့လိုလူ အနည်းစုပဲရှိတယ်။

ပိုပြီးရိုးရှင်းတဲ့

အသုံးအနှုန်းနဲ့ပြောရရင်

ဒါဟာ  နယ်နိမိတ်အတွင်းနဲ့

အပြင်ဘက်ဆိုတဲ့
ကွာခြားချက်တစ်ခုပဲ”

“အတွင်းနဲ့အပြင်ကွာခြားချက်”

ယန်ယဲ့က ခဏစဉ်းစားပြီး
“နယ်နိမိတ်ထဲက
တစ်ယောက်ယောက်က အပြင်က

လူတစ်ယောက်ကို
သတ်နိုင်လား…”

အဘိုးကြီးက ပြုံးပြီး
“ဟုတ်တယ်။
နယ်နိမိတ်အပြင်ဘက်မှာရှိတဲ့
လူတွေက နယ်နိမိတ်ထဲမှာရှိတဲ့
လူတွေထက် နည်းနည်းလေး ပိုပြီး

သန်မာတယ်။ ဒညပေမဲ့ သူတို့က

သေချာပေါက်

ပိုသန်မာတယ်လို့မဆိုလိုဘူး။

ဒါအပြင် ဒီနယ်ပယ်နဲ့

ပတ်သက်တဲ့ မရမရာတဲ့အချက်

တစ်ခုရှိနေတာကို

ငါသတိပြုမိတယ်။

ငါပြောနေတာက  မင်းနားလည်မှု

တွေအရ ဒါမှမဟုတ်

ဒီနယ်ပယ်တွေရဲ့ စစ်မှန်တဲ့
အဓိပ္ပါယ်ကို
လွဲနေတာများလား...”

ယန်ယဲ့က
လေးလေးစားစားဦးညွှတ်ပြီး
“အကြီးအကဲ ကျေးဇူးပြုပြီး
လမ်းညွှန်ပေးပါ”

အဘိုးကြီးက “ဥပမာ အကန့်အသတ်ချိုးဖျက်နယ်ပယ် ပေါ့။ ကမ္ဘာငယ်လေးတစ်ခု ဒါမှမဟုတ် အလယ်အလတ်ကမ္ဘာတစ်ခု။ သူတို့က ကမ္ဘာကို ဖျက်ဆီးနိုင်တယ်။

အဆင့်မြင့်ကမ္ဘာနဲ့

ရင်ဆိုင်ရရင်တောင်

ဖျက်ဆီးနိုင်သေးတယ်။

ကမ္ဘာငယ်လေးကို

ဖျက်ဆီးနိုင်တဲ့သူက

နယ်နိမိတ်ပြင်ပက

လူတစ်ယောက်ကို ဘယ်တော့မှ

မသတ်နိုင်ပေမဲ့

အကန့်အသတ်ချိုးဖျက်နယ်ပယ်

မှာရှိတဲ့ ကမ္ဘာကို ဖျက်ဆီးနိုင်တဲ့ လူတစ်ယောက်က နယ်နိမိတ် ပြင်ပမှာရှိတဲ့ လူတစ်ယောက်ကို လုံးလုံးသတ်ပစ်နိုင်တယ်။ ကျင့်ကြံမှုအဆင့်နဲ့ ပတ်သက်ပြီး တကယ်တော့ အကောင်းနဲ့ အဆိုး ခွန်တွဲနေတယ်။ သေမျိုးကမ္ဘာရဲ့ အကယ်ဒမီတွေလိုပဲ၊ သူတို့မှာ အတူတကွ စာတွေ လေ့လာပြီး

တူညီတဲ့ ဆရာတွေရှိပေမဲ့
အတန်းတစ်ခန်းမှာရှိတဲ့
ကျောင်းသားတစ်ယောက်ချင်းစီရဲ့
ရလဒ်တွေက
ကွဲပြားတယ်မဟုတ်လား…”

ဤအထိပြောပြီးနောက်
ယန်ယဲ့ကိုစိုက်ကြည့်ပြီး

“လူတစ်ချို့က သူတို့ရဲ့
ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်တယ်။
အဲ့ဒါရဲ့ အကြောင်းအရင်းအမှန်က
အကန့်အသတ်တွေအထိရောက်
အောင် သူတို့ကိုယ်သူတို့
တိုးတက်အောင်လုပ်နိုင်တယ်။
ဥပမာအနေနဲ့
အကန့်အသတ်ချိုးဖျက်နယ်ပယ်
က အဆင့်မြင့်ကမ္ဘာကို

ဖျက်ဆီးနိုင်စွမ်းရှိဖို့ သူတို့ကိုယ့်ကို
ဖိနှိပ်ထားတယ်။

အဆင့်တက်နေမဲ့အစားခွန်အား
တွေဆက်ပြီး စုဆောင်းနေတယ်။

ဒါမှမဟုတ် သေမျိုးကမ္ဘာက
ကျောင်းသားတွေကိုပဲကြည့်လိုက်
တချို့လူတွေက
အတန်းတက်တဲ့အခါ
အရမ်းကြိုးစားသလို

ရလာဒ်ကောင်းတယ်။ ဒါပေမဲ့
တချို့က သူတို့သင်ယူတာကို
တကယ်နားလည်ပြီး
ဆုပ်ကိုင်ထားကြတယ်။ ဒီတော့
သူတို့အကြားမှာ
အခြေခံခြားနားချက်တစ်ခုရှိလာ
တယ်”

"တျန်းရှု"

ဤအချိန်တွင် ယန်ယဲ့က

တျန်းရှုအကြောင်းကို

တွေးလိုက်မိသည်။

သေချာသည်မှာ

ထိုအတိုင်းလုပ်ဆောင်နေပုံရ၏။

အနှောင်အဖွဲ့ကင်းမဲ့သူလည်း
အတူတူပင်ဖြစ်နိုင်သည်။

အဘိုးကြီးက
အန်နန်ကျင်းကိုစိုက်ကြည့်ရင်းပြုံး
ကာ “တကယ်တော့မင်းက
နောက်ထပ်လူဖြစ်နိုင်တယ်။
မင်းလျှောက်တဲ့ ခြေလှမ်းတိုင်းက

အရမ်းတည်ငြိမ်တယ်။ ဒီထက်ပိုပြီးတည်ငြိမ်ရင် နယ်နိမိတ်ပြင်ပကိုရောက်နိုင်လိမ့်မယ်”

“ငါကရော”

ယန်ယဲ့က "ငါ့ရဲ့
ချို့ယွင်းချက်တွေကို
ပြောပြနိုင်မလား..."

အဘိုးကြီးက ခေါင်းခါလိုက်သည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
"ဘာဖြစ်လို့လဲ..."

အဘိုးကြီးက “မင်းမှာ
အများကြီးရှိလို့ ထိုင်ပြောရင်
အရမ်းကြာလိမ့်မယ်”

ယန်ယဲ့က
ဘာပြန်ပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် နှင်းပွင့်က သူ့ကိုယ်သူ လက်ညှိုးထိုးပြသည်။

အဘိုးကြီးက နှင်းပွင့်ကို လှမ်းကြည့်ကာ “မင်းရဲ့ ချို့ယွင်းချက်က အရှက်ကင်းမဲ့လွန်းတာ အရာအားလုံးက မင်းပိုင်တာလို့

ထင်နေတယ်။

ဒီလိုအရှက်မဲ့တဲ့လူမျိုး

မင်းဘယ်လိုလုပ် ရှိနေတာလဲ…”

နှင်းပွင့်လေးက

အံအားသင့်သွားပုံပါ။

ဤအချိန်တွင် ဝမ်အရှူးမလေးက

အဘိုးကြီးထံသို့ ရုတ်တရက်

လျှောက်လာသည်။ သူမက

အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ရင်း

“လူအိုကြီး၊ နင်က

သူတို့အားလုံးကို

တစ်ခုခုပေးလိုက်ပြီဆိုတော့

ငါ့ကိုလည်း
တစ်လုံးလောက်ပေးလေ”

အဘိုးကြီးက ဝမ်အရှုးမလေးကို
စိုက်ကြည့်ရင်း
မျက်လုံးအနည်းငယ်
မှိတ်သွားသည်။

ဝမ်အရှူးမလေးက အနည်းငယ်
စိတ်မကောင်းဖြစ်သွားပုံရ၏။
"ဘာလို့ ဒီလိုကြည့်နေတာလဲ..."

အချိန်အတော်ကြာမှ
အဘိုးကြီးက သက်ပြင်းချကာ
"မင်းက ဖြူစင်ပြီး
ကြင်နာတက်တဲ့သူပါ။

ငါဘယ်လိုပြောရမလဲ မင်းက
ဒီအတိုင်းပဲ ထာဝရနေနိုင်မယ်လို့
ငါမျှော်လင့်ပါတယ်”

သူက ခဏတုံ့ဆိုင်းသွားပြီး
လက်မအရွယ် ပုလဲတစ်လုံးကို
ဝမ်အရှုးမလေး နဖူးအလယ်သို့
ပစ်ထည့်လိုက်သည်။

ထိုခဏလေးမှာပဲ

ဝမ်အရှူးမလေးထံမှ

ပြင်းထန်သောအော်ရာတစ်ခု

ထွက်ပေါ်လာပြီး

သူမ၏ခန္ဓာကိုယ်အနှံ့

အနက်ရောင်ကြေခွံများပေါ်လာသ

ည်။ ထိုပြင် သူ့ခေါင်းပေါ် ရှိ

ဦးချိုနှစ်ချောင်းက

သမင်ချိုများကဲ့သို့

အနည်းငယ်ပိုရှည်လာသည်။
ချွန်မြနေပြီး
ချစ်စရာကောင်းနေသည်။
နောက်မှာလည်း
အမြီးရှည်ကြီးထွက်လာသည်။
အမြီးက အနက်ရောင်ရှိပြီး
အနက်ရောင်ကြေးခွံများ
ဖုံးအုပ်ထားသည်။ ထို့ပြင်

အမြိုး၏အဆုံးက ထက်မြပြီး
စူးရှလှသည်။

အထူးခြားဆုံးကတော့ ဝမ်အရူးမ
လေး၏ခြေသည်း
လက်သည်းများပင်။ ဤအချိန်မှာ
ခြေသည်းလက်သည်းများက
နဂါးလက်သည်းများကဲ့သို့ပင်။

အလွန်ချွန်မြပြီး
ပုစဉ်းရင်ကွဲအတောင်ပံများကဲ့သို့
ပါးလျသည်။

ဤမြင်ကွင်းကြောင့် လူတိုင်း
အနည်းငယ် ထိတ်လန့်သွားသည်။

ဝမ်အရူးမလေးက

မျက်တောင်ခတ်ပြီး "လူအိုကြီး၊

ဒါတွေအားလုံးက ဘာလဲ..."

အဘိုးကြီးက "ဒါက

အဆင့်မြင့်သေွးတစ်စက်ပဲ။ မင်းရဲ့

အရည်အချင်းတချို့ကို

ကြိုပြီးနိုးထလာအောင်

ကူညီပေးနိုင်တယ်။

ငါပြောမဲ့စကားကို

ကောင်းကောင်းနားထောင်ပါ။

တကယ်လို့သာ မင်းငါ့အသက်ကို

နမျော(ညှာတာ)ပေးမယ်ဆိုရင်

တောင် မင်းကို

ဘယ်တော့မှမကူညီဘူး။ ဒါပေမဲ့

အခြေအနေတိုင်းရဲ့အဖြစ်မှန်ကို

ထည့်သွင်းစဉ်းစားရမယ်။

မင်းဆီကနေ

ဆိုးယုတ်မှုမရှိဘူး။  မင်းမှာမာန

ကြီးတဲ့ အတွေးတွေမရှိဘူး။

ဒါအပြင် မင်းမှာ

မိတ်ဆွေတွေရှိတယ်။ ဒါကြောင့်

ငါမင်းကို ကူညီဖို့ ဆန္ဒရှိတာ။

မင်းဘယ်လမ်းကို

ဆက်သွားမလဲဆိုတာ

ငါစောင့်ကြည့်နေမယ်။

ဟုတ်တယ် မင်းဒီလမ်းကိုပဲ
ဆက်လျှောက်နေဖို့
ငါမျှော်လင့်ပါတယ်”

ဝမ်အရူးမလေးက
မျက်တောင်ခတ်ပြီး “လူအိုကြီး၊
နင်ပြောနေတာကို
ငါတကယ်နားမလည်ဘူး။ ဒါပေမဲ့

ဒီသွေး အစက် ရာဂဏန်းလောက် ထပ်ပေးနိုင်မလား…”

သူမ၏ နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်သည်။

ထိုသွေးတစ်စက်က
လုံးဝအရသာရှိပြီး မူလနဂါး
ဒါဇင်ချီနှင့် နှိုင်းယှဉ်နိုင်သည်။

“အစက် ရာဂဏန်းလား…”

အဘိုးကြီးက ဒေါသကြောင့်
မုတ်ဆိတ်မွေးရှည်များ

တုန်ခါသွားကာ "ဒါကိုရေလို့
ထင်နေတာလား..."

"အဲ့ဒါက ရှေ့ခေတ်ကပဲ" ဟု
ခေါင်းယမ်းပြီး ဆက်ပြောသည်။

"အဲ့ဒါကို ငါဆက်မပြောတော့ဘူး။
ဘာပဲဖြစ်ဖြစ် ငါ့မှာမရှိတော့ဘူး။

မင်းက စွမ်းရည်အချို့ကို
ကြိုပြီးရထားပြီးဆိုတော့
လူသားတွေရဲ့
တိုက်ခိုက်ရေးနည်းစနစ်ကို
လေ့လာထားသင့်တယ်လို့
သတိရပါ။
မင်းအတွက်အရမ်းအကျိုးရှိတယ်
။ ရိုင်းစိုင်းကြမ်းတဲ့ ခွန်အားကိုပဲ
အားကိုးမနေနဲ့”

ဤအချိန်တွင် ယန်ယဲ့က
"အကြီးအကဲ၊ ဝမ်လေးက
ဘာလဲ..."

အဘိုးကြီးက
သူမကိုစိုက်ကြည့်ပြီး "သူမရဲ့
မူလဇစ်မြစ်က ထူးခြားပါတယ်။

ဒါက မင်းကို အနာဂတ်မှာ

ကြီးမားတဲ့

အံ့သြစရာပေးလိမ့်မယ်”

“အရမ်းကြီးမားတာလား…”

ဝမ်အရှူးမလေး၏

မျက်လုံးများတောက်ပလာသည်။

"ဘာလို့ ဒါကို မသိရတာလဲ"

အဘိုးကြီးက

"မင်းဘာမှမသိပါဘူး။ မင်းသိရင်

ဒီကလေးက မင်းလက်ချက်နဲ့

အသတ်ခံရတာကြာပြီ"

ဝမ်အရှူးမလေးက

တော်တော်လေး

စိတ်မကောင်းဖြစ်သွားပုံပါ

"လူအိုကြီး၊

ဘယ်လိုပြောလိုက်တာလဲ...။

အစ်ကိုကြီးယန်က ငါနဲ့တူတူ

သေခြင်းရှင်ခြင်း အခြေအနေတွေ

ရင်ဆိုင်လာခဲ့ပြီးပြီ။ ငါသူ့ကို
ဘယ်လိုသတ်နိုင်မှာလဲ…။
ငါနင့်ကိုအခုပြောနေတာ
ငါတို့အကြားသွေးခွဲဖို့
မကြိုးစားနဲ့။ ငါနင့်ကို
သေအောင်ရိုက်သတ်မှာ”

သူမ၏အမြင်အရတော့ ယန်ယဲ့ကို

ထိခိုက်အောင် မလုပ်နိုင်ပါ။

နောက်ဆုံးတွင် သူမပိုက်ပြည့်ရန်

အစ်ကိုကြီးယန်ကို

အားကိုးနေရသည်

မဟုတ်ပါလား။

တစ်နည်းအားဖြင့်တော့

အစ်ကိုကြီးယန်က

သူ့အတွက်အစာအိုးကြီးပင်။

အဘိုးကြီး၏မျက်နှာက
တုန်လှုပ်သွားသည်
“ငါမင်းနဲ့စကားမပြောချင်တော့
ဘူး”

သူက ယန်ယဲ့ကိုစိုက်ကြည့်ပြီး
“စကြဝဠာတံဆိပ်ကို

အထွတ်အမြတ်တစ်ပိုင်းအဆင့်န
တ်ရတနာလို့ပဲ ယူဆနိုင်တယ်။
ဒါပေမဲ့ မင်းပိုင်ဆိုင်ထားတဲ့ ဒီဓားနဲ့
မရဏနတ်ဆိုးအတောင်ပံတွေထ
က် အများကြီး သာလွန်တယ်။
ဒါက ထူးခြားတော့
အသုံးပြုတဲ့အခါ သတိထားပါ။
ဘာပဲဖြစ်ဖြစ် ငါက
ထာဝရနိုင်ငံတော်ကို

သွားတော့မယ်။ မကြာသေးခင်က

အဲ့ဒီနေရာမှာ ဝိညဉ်စွမ်းအင်တွေ

တော်တော်လေး ထူးထူးခြားခြား

ပြောင်းလဲနေတယ်။

သူတို့တစ်ခုခုနဲ့

ပတ်သက်နေတာသေချာတယ်။

ဒီတော့ ငါ သွားကြည့်ရမယ်”

ထွက်သွားရန်ပြင်လိုက်ပြီးမှ ခဏရပ်ကာ “ငါတို့ ထပ်မဆုံဖြစ်တော့ဘူးလို့ မျှော်လင့်ပါတယ်။ ဒီအကောင်လေးတွေကို မင်းလိုပဲ အရှက်မရှိအောင်သင်ပေးထားတယ်။ မင်းဘာတွေ လုပ်ခဲ့သလဲ ပြန်စဉ်းစားသင့်တယ်” ထိုစကား ပြောပြီးနောက် အဘိုးကြီးက

ကမန်းကတန်း
ပြန်ထွက်သွားသည်။

မူလစေတီအပြင်ဘက်။

ယန်ယဲ့လှမ်းခေါ်ခါနီးတွင်
အဘိုးကြီးက ဖျတ်ခနဲ
ပျောက်ကွယ်သွားသည်။

နှင်းပွင့်က ယန်ယဲ့ပခုံးပေါ်တွင်
ရပ်နေပြီး ဝါးသေတ္တာကို
သနားသဖွယ်
စိုက်ကြည့်နေခဲ့သည်။

ခဏအကြာတွင် ယန်ယဲ့အား
ရုတ်တရက် ငုံ့ကြည့်ကာ
သူမ၏မျက်နှာကိုဖုံးထားရင်း

လက်သည်းများကို
ဆုပ်ထားလေသည်။ အဓိပ္ပါယ်က
ဝါးသေတ္တာကို ရအောင်ယူ၊
လုယက်လိုက်ကြရအောင်ဟု
ပြောနေတာပါ။

ယန်ယဲ့က အံ့အားသင့်သွားပြီး
ဘာပြောရမှန်းမသိတော့ပေ။

Translated by NyiNyiSoe

.အဆိုးမဲ့စားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၅ -

“လုယက်လိုက်ရအောင်လား…”

ယန်ယဲ့၏မျက်နှာက
မည်းမှောင်သွားသည်
“ငါ့သခင်မလေး နှင်းပွင့်၊ ငါတို့က
အဲ့ဒီလူအိုကြီးနဲ့ မယှဉ်နိုင်ဘူး”

နှင်းပွင့်က
သူမ၏လက်သီးသေးသေးလေး
များကို
ထပ်မံငွေ့ယမ်းလိုက်ပြန်သည်။

ယန်ယဲ့က သူ့ခေါင်းကို
ပွတ်သပ်ရင်းပြုံးလိုက်သည်။

“မင်းငါတို့ရဲ့ ခွန်အားအကြောင်း
ဘာမှမသိသေးပါဘူး”

ဒီအချိန်မှာပဲ ဝမ်အရူးမလေးက
သူတို့၏အနားတွင်ပေါ်လာသည်။

သူက နှင်းပွင့်ကို
တစ်ချက်ကြည့်လိုက်ပြီး

"နှင်းခဲလေး အဲ့ဒီလူအိုကြီးက အရမ်း သန်မာတယ်။ ငါတို့က သူ့အတွက် မယှဉ်နိုင်ဘူး။ အဲ့ဒါကြောင့် သူ့ဆီကနေ ခိုးယူဖို့ မဖြစ်နိုင်သေးဘူး"

နှင်းပွင့်လေး၏

မျက်နှာသေးသေးလေးမှာ

ခါးသီးမှုချက်ချင်းပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ

ယန်ယဲ့ကပြုံးပြီး "စိတ်မပူပါနဲ့

ငါတို့ပြန်တွေ့အုံးမှာပါ"

နှင်းပွင့်လေးက
ခေါင်းညိတ်လိုက်သည်။

ဝမ်အရှုးမလေးက ယန်ယဲ့ကို
ရုတ်တရက် စိုက်ကြည့်ရင်း
“အစ်ကိုကြီးယန်

ငါပိုသန့်မာလာတယ်လို့
ခံစားရတယ်”

ယန်ယဲ့က “ဒါဆို…”

ဝမ်အရှူးမလေးကပြုံးပြီး “ငါတို့
ဘာလို့ မတိုက်ခိုက်ကြတာလဲ…”

ယန်ယဲ့က "မင်းရဲ့
အစ်မကြီးအန်းကို
ဘာလို့မမေးတာလဲ..."

နှင်းပွင့်လေးက
မျက်တောင်ခတ်လိုက်သည်။

အန်နန်ကျင်း။

သူမက အန်နန်ကျင်းကို

အတော်လေးကြောက်နေသေး၏။

ခွန်အားသာမကဘဲ

စိတ်ပိုင်းဆိုင်ရာလည်း

ကြောက်ရွံ့ခဲ့သည်။

သူမ၏အမြင့်အရတော့

အန်နန်ကျင်းက အဘိုးဖြစ်သူနှင့်

တန်းတူဖြစ်သည်။

ယန်ယဲ့ကတော့ အစ်ကိုကြီး

သို့မဟုတ် မိတ်ဆွေကဲ့သို့ပင်။

သို့သော် ယန်ယဲ့သာ

ရှုံးသွပ်သွားပါက

စနောက်ဝံ့မည်မဟုတ်ပေ။

ယန်ယဲ့က ငြင်းဆိုလိုက်သည်

“ငါငြင်းတယ်။ မင်းက

အစ်မကြီးအန်း ဒါမှမဟုတ်

အဲ့ဒီမိုက်မဲတဲ့နဂါးနဲ့

အခြားသူတွေကိုသွားမေးလို့ရတ

ယ်”

ဝမ်အရူးမလေးက

အနည်းငယ်တိုးတက်လာသော

ကြောင့်

သာမန်မဟုတ်ပေ။ အဆင့်၅

ပညာရှင်များကို

တိုက်ခိုက်နိုင်စွမ်းရှိ၏။

အရေးအကြီးဆုံးကတော့

ဝမ်အရူးမလေး၏

အကာအကွယ်စွမ်းအားဖြစ်သည်။

အထူးသဖြင့် ယခုအချိန်မှာ
သူမ၏
ခန္ဓာကိုယ်အနှံ့ကြေးခွံအပြည့်
ဖုံးအုပ်ထားသည်။
ဘာအကြေးခွံမှန်းမသိသော်လည်း
တရားစီရင်ရေးဓားပင်
ချိုးဖျက်ရန် ခက်ခဲကြောင်း
ခံစားမိသည်။

မည်သို့ပင် ဆိုစေကာမူ
ဝမ်အရူးမလေးနှင့် တိုက်ခိုက်ပါ
အားကုန်ပြီး ပင်ပန်းစေရုံသာ။

ဓားစာလိပ်က ရုတ်တရက်
“သူမကို တိုက်ခိုက်လိုက်”

ယန်ယဲ့က “ဘာဖြစ်လို့လဲ…”

ခါးစာလိပ်က “မင်းရဲ့
သွေးမျိုးဆက်ကို
အသက်သွင်းပြီးပြီဆိုတော့
စမ်းကြည့်လို့ရတယ်”

“ဝမ်အရှူးမလေးနဲ့
ပတ်သက်ပြီးတော့
သူမရဲ့ခွန်အားတွေ တိုးလာပြီး
ဘယ်လောက်တိုးလာတက်တယ်
ဆိုတာ မသိသေးဘူး။ ဒီတော့
နင်တို့နှစ်ယောက်စလုံး
အားသာချက် အားနည်းချက်တွေ
စမ်းသပ်ဖို့ အချင်းချင်း
အသုံးချလို့ရတယ်”

ယန်ယဲ့က
ခဏလောက်စဉ်းစားပြီး
ခေါင်းညိတ်လိုက်သည်
"ကောင်းပြီ"

ထိုနောက် မူလစေတီထဲသို့
ဝင်သွားလိုက်သည်။

ကောင်းကင်ဓားစင်မြင့်အထက်တွ
င်။

ဝမ်အရှုးမလေးက ယန်ယဲ့အား
ရက်စက်သောအပြုံးဖြင့်
စိုက်ကြည့်ရင်း
လက်ဝါးနှစ်ဖက်ကို

ပွတ်သပ်လိုက်သည်။ သူမက ယန်ယဲ့ကိုအ နိုင်ယူဖို့ စိတ်မဝင်စားပေ။ အကြောင်းပြချက်လား၊ သူမ၏အစ်ကိုကြီးကို ဘာကြောင့် အနိုင်ယူရမလဲ…။

အခြားမူလနတ်ဆိုးများက
စင်မြင့်အောက်၌ ရှိနေကြသည်။
နှင်းပွင့်လေးက
ဝါးသေတ္တာလွယ်ထားသောအဘိုး
ကြီးပေးခဲ့သော
ကမ္ဘာဦးသစ်သီးနှင့်အတူ မြောက်
ဘက်စားဂိုဏ်း၏အနောက်ဘက်
တောင်တန်းထဲသို့
ရောက်နေသည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက "အစ်ကိုကြီးယန် သတိထားပါ" ဟုပြောပြီးနောက် စပြီးတိုက်ခိုက်လိုက်သည်။

ယန်ယွဲ့က ဝမ်အရှူးမလေး စပြီး တိုက်ခိုက်လာသည်ကိုမြင်သောအ

ခါ မျက်လုံးများက အနည်းငယ်

မှိတ်သွားသည်။ သူက

ကလေးမလေးကို

အထင်မသေးဝံ့သောကြောင့်

ဘူးသီးနက်ကို

တစ်ချက်ပုတ်လိုက်သည်။

ဝမ်အရူးမလေးက

တုန်လှုပ်သွားပုံမရဘဲ

သူမ၏လက်သည်းကို မြှောက်ပြီး

ပုတ်လိုက်သည်။ ဓားစွမ်းအင်က

အစိတ်စိတ်အမြွှာမြွှာ

ကွဲထွက်သွားပြီး ဓားပျံကလည်း

နောက်ပြန် ကန်ထွက်လာသည်။

ဤအချိန်မှာ ဓားတစ်ချောင်းက

သူ့ရင်ဘက်ကို

ထိုးသွင်းလိုက်သည်။ သို့သော်
ဓားက ဆက်ထိုးလို့မရပေ။
ယန်ယဲ့က ဓားကိုလက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်ပြီး လိမ်လိုက်သည်။

"အုန်း..."

ဝမ်အရူးမလေးက
စင်မြင့်အဆုံးအထိ
လွင့်ထွက်သွားသည်။ သူမ
ရပ်တန့်သွားသည်နှင့်
တစ်ပြိုင်နက် ယန်ယဲ့၏ဓားက
သူ့ရှေ့ကိုနောက်တစ်ကြိမ်ရောက်
လာပြန်သည်။ သို့သော်
ဝမ်အရူးမလေး၏တုံ့ပြန်မှုက
လျင်မြန်ပါသည်။

သူမ၏ခန္ဓာကိုယ်ကို
ဘေးသို့ဖယ်ကာ ဝင်လာတော့
တိုက်ခိုက်မှုကိုရှောင်တိမ်းလိုက်သ
ည်။

ထိုနောက်တွင်တော့
သူမ၏ခန္ဓာကိုယ်ကို
ယန်ယဲ့နှင့်ပြေးဆောင့်လိုက်သည်။

ဤတစ်ခါတော့

လွင့်ထွက်သွားသူက ယန်ယဲ့ပင်။

ဝမ်အရူးမလေးက ရှေ့သို့

ခုန်တက်လာပြီး

ကန်ကျောက်လိုက်သည်။

ယန်ယဲ့၏ ပုံရိပ်က ရုတ်တရက်

အသွင်းပြောင်းသွားပြီး သူ့ဓားကို

လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်လျက် ပိုင်းချလိုက်သည်
။

ခားလှိုင်းဖြဆင့် တိုက်ခိုက်မှု။

ဤအချိန်မှာတော့ ယန်ယဲ့က
အလေးအနက်ထားဟာတိုက်ခိုက်ခဲ့

သည်။ ဝမ်အရှူးမလေးကို

အလျော့ပေးပါက သူ့အား

အနိုင်ယူသွားနိုင်သည်။

ဝမ်အရှူးမလေးက

ဓားလှိုင်းခြောက်ဆင့်တိုက်ခိုက်မှု

ကို မြင်သောအခါ

မျက်တောင်ခတ်လိုက်သည်။

သို့သော်လည်း ကြောက်မသွားဘဲ

ခေါင်းဖြင့်

ပြေးဆောင့်လိုက်သည်။
သို့မဟုတ်
သူမ၏ဦးချိုနှစ်ချောင်းကို
သုံးနေတာပါ။

ဤအချိန်မှာ ယန်ယဲ့၏ဓားက
ဦးချိုနှစ်ချောင်းအပေါ်သို့ပိုင်းလိုက်
သည်။

“ဘုန်း…”

အာကာသသည် ပြင်းထန်စွာ

တုန်လှုပ်သွားသည်။

သို့သော်လည်း

လွင့်ထွက်သွားတာက

ယန်ယွဲ့ပင်ဖြစ်သည်။ သူက

မြောက်ပိုင်းဓားဂိုဏ်း၏

အနောက်ဘက်တောင်တန်းများဆီ

သို့ပင် ပြုတ်ကျသွားသည်။

သို့မဟုတ် နှင်းပွင့်လေးရှေ့ကို

ပြုတ်ကျလာသည်။

နှင်းပွင့်လေးက

မျက်တောင်ခတ်ပြီး

စိုးရိပ်စိတ်အပြည့်ဖြင့်

ယန်ယဲ့ဆီကို  ပြေးသွားသည်။

ယန်ယဲ့က
စိတ်မသက်မသာဖြစ်မှုများကို ထိ
န်းလိုက်ပြီး အနည်းငယ် ပြုံးကာ
“ငါအဆင်ပြေပါတယ်။
ငါအဆင်ပြေတယ်”

ထိုနောက် နေရောမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

နှင်းပွင့်လေးက

မျက်တောင်ခတ်ပြီး

ကမ္ဘာဦးသစ်စေ့ကိုစိုက်ပျိုးရန်

ပြီးပြည့်စုံသော

မြေနေရာကို ဆက်ပြီးရှာဖွေနေ

လေသည်။

ကမ္ဘာဦးသစ်သီးအစေ့ကို
စိုက်ပျိုးရန် ပြင်နေတာပါ။

ဤအတောအတွင်း ယန်ယဲ့နှင့်
ဝမ်အရှူးမလေးက
ဆက်ပြီးတိုက်ခိုက်နေခဲ့သည်။
တစ်ခါရှုံးနိမ့်သွားပြီးနောက်

ယန်ယဲ့က တိုက်ပွဲတွင်
နည်ဗျူဟာကို
ပြောင်းလဲလိုက်သည်။

သူက ဝမ်အရှူးမလေးနှင့်
ထိပ်တိုက်ရင်မဆိုင်တော့ပေ။
ဦးချိုနှစ်ချောင်းက

လုံးဝကြောက်စရာကောင်းလှသ
ည်။

သူစားဖြင့်
ပိုင်းချလိုက်သော်လည်း
ဦးချိုနှစ်ချောင်းက
ခြစ်ရာပင်မထင်ပေ။

ဤအချိန်တွင် ဝမ်အရှူးမလေးက
တိုက်ခိုက်မှုကို
ရှောင်တိမ်ပြီးနောက် ညာခြေကို
ဆောင့်ချလိုက်သည်။
ကောင်းကင်ဓားစင်မြင့်သည်
ပြင်းထန်စွာ တုန်ခါသွားသည်။
ထို့နောက် ဝမ်အရှူးမလေးက
မြှားတစ်စင်းအလား
ယန်ယွဲ့ဆီသို့ခုန်ဝင်လာသည်။

ယန်ယဲ့၏မျက်လုံးများ
အနည်းငယ်
ကျဉ်းမြှောင်းသွားပြီးနောက်
သူ့ပတ်ဝန်းကျင်တွင်
သွေးနီရောင်အလင်းတန်းများ
ပေါ်လာသည်။

အရှုးနတ်ဆိုးသွေးမျိုးဆက်။

သွေးမျိုးဆက်အား
အသက်မသွင်းပါက
ဝမ်အရှုးမလေးအား
မယှဉ်နိုင်ကြောင်း
သတိပြုမိလိုက်သည်။
သူမ၏ခွန်အားနှင့်

အကာအကွယ်စွမ်းအားက
အလွန်ကြောက်စရာကောင်းလွန်း
လှသည်။ တစ်ကိုယ်လုံး
အထွတ်အမြတ်နတ်ဘုရားရတနာ
များဖြင့် ဖန်တီးထားပုံရ၏။

သွေးမျိုးဆက်ကို
အသက်သွင်းလိုက်တာနဲ့ ယန်ယဲ့

ဟာ

တစ်ကိုယ်လုံးခွန်အားပြည့်နေသ

လို

ခံစားလိုက်ရသည်။ ခဏအကြာ

တွင်

သာသည်အသွင်ပြောင်းသွားပြီး

ဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်

ပိုင်းချလိုက်သည်။

သူက ဓားလွှိုင်းခြောက်ဆင့်

တိုက်ခိုက်မှုကိုသာ ထပ်ပြီး

ထုတ်ဖော်လိုက်သည်။

ဆင့်မပြောက်

ဓားလွှိုင်းဆင်းသက်လာသည်နှင့်

ဤနေရာသည် တုန်ခါသွားသည်။

အကယ်၍

ဝါးသေတ္တာလွယ်ထားသောအဘိုး

ကြီးသာ

အဆင့်မြှင့်တင်မပေးထားလျှင်

ဤတိုက်ခိုက်မှုက

မူလစေတီ၏ကမ္ဘာကို

ဖျက်ဆီးသွားပေမည်။

ဝမ်အရှူးမလေးကတော့

မရှောင်တိမ်းခဲ့ပေ။

သူမ၏ ခေါင်းကိုသာ

တည့်တည့်ထားပြီး

ပြေးဆောင့်လိုက်သည်။

ပေါက်ကွဲသံထွက်ပေါ်လာပြီးနော

က် ဝမ်အရှုံးမလေးက

ထိတ်လန့်သွားသည်။

ယန်ယဲ့သည်လည်း မိတာ

၃၀ကျော်အထိ ဆက်တိုက်
ပြန်ဆုတ်လိုက်ရသည်။ ထိုပြင်
သူလွင့်ထွက်သွားချိန်၌
အာကာသထဲတွင် အရိပ်များ
ကျန်ရစ်ခဲ့သည်။

သူ့တစ်ကိုယ်လုံး
ထုံကျဉ်သွားသည်။

ဝမ်အရူးမလေးက တိုက်ခိုက်မှုကို

အောင်မြင်စွာ ခုခံနိုင်ခဲ့သော်လည်း

တန်ပြန် ဖိအားက

နာကျင်သွားစေပုံရသည်။

မြေကြီးပေါ်တွင်

အဆက်မပြတ်အော်ဟစ်ရင်း

လဲနေလိုက်သည်။

"နာတယ် နာတယ်"

ယန်ယဲ့လည်းနာကျင်သွားသလို
သူမကိုလည်း
နာကျင်သွားစေပါသည်။
ယန်ယဲ့က မထိန်းထားရဲပဲ
သွေးမျိုးဆက်ကိုပင်

အသက်သွင်းလိုက်သည်။

အဆင့်၅ပညာရှင်ပင်

လွယ်လွယ်နှင့် မခုခံနိုင်ပေ။

သို့သော်လည်း

ဝမ်အရူးမလေးကတော့

ခေါင်းဖြင့် ခုခံနိုင်လိုက်သည်။

အချိန်အနည်းငယ် ကြာပြီးနောက် ဝမ်အရှုးမလေးက မြေပြင်ပေါ်မှ တွားသွားထလာသည်။ ထိုနောက်ကောင်းကင်ဓားစင်မြင့် အထက်သို့သွားကာ အနည်းငယ် စိတ်ပျက်လက်ပျက်ဖြင့် ပြောခဲ့သည်။

“အစ်ကိုကြီးယန်၊

နင်ဘယ်လိုထိန်းထားရမလဲ

မသိဘူးလား...။

မူးနေတာများလား...”

ယန်ယွဲ့၏ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။ “ခဏနေဦး

နင်က

အယုတ်တမာလေး…။ ငါ့ကို
တိုက်ခိုက်တုန်းက
ထိန်းမထားဘူး။ ဒါဆို ငါတို့
ဆက်ပြီးတိုက်ခိုက်မလား…”

ဝမ်အရှူးမလေးက လက်ကို
အလျင်အမြန် ဝှေ့ယမ်းလိုက်သည်
“ငါတို့ ထပ်ပြီးမတိုက်ခိုက်ဘူး။

ငါတို့မတိုက်ခိုက်ဘူး။
အစ်မကြီးအန်းဆီက
ဘယ်လိုတိုက်ခိုက်ရမလဲဆိုတာ
သင်ယူရတော့မယ်"

ယန်ယဲ့၏ တိုက်ခိုက်မှုများကို
ခုခံနိုင်သော်လည်း အချိန်တိုင်း
မခုခံချင်ပေ။ သို့သော် ယန်ယဲ့က

အလွန်လျင်မြန်သောကြောင့်
သူမ၏ကြမ်းတမ်းသောခွန်အားက
ထိမှန်ခြင်းမရှိပေ။ မဟုတ်လျှင်
သူမ၏လက်သီးတစ်ချက်က
ယန်ယဲ့ကို သတ်နိုင်မည်ဟုပင်
ယုံကြည်နေသည်။

ယန်ယဲ့က ပြုံးပြီး

“မင်းပိုပြီးလှေ့လာသင့်တယ်”

ဝမ်အရှုးမလေးက

ခေါင်းညိတ်ပြပြီးနောက်

အခြားနတ်ဆိုးများကို

စိုက်ကြည့်ကာ

“နင်တို့အားလုံးအတွက်လည်း

အတူတူပဲ။ နင်တို့ငါ့ဆီက
ကောင်းကောင်းသင်ယူရမယ်။
လာအခုပဲ သွားပြီး
လေ့ကျင့်ရအောင်”

မူလနတ်ဆိုးအုပ်က
အော်ညည်းလိုက်ကြသည်။
ဝမ်အရှုးမလေး၏လေ့ကျင့်မှုနည်း

လမ်းက သူတို့ကို

ဆက်တိုက်ရိုက်နှက်နေတာပင်။

လေ့ကျင့်နေစဉ်အတွင်း လုံးဝကို

တောင့်မခံနိုင်ကြပေ။ သို့သော်

သိသာလှသော

သက်ရောက်မှုများရှိလာခဲ့သည်။

အဓိကကတော့ သူတို့၏

ခံနိုင်ရည်အားက

ပိုပြီးတိုးတက်လာခြင်းပင်။

ဝမ်အရှူးမလေးက

မူလနတ်ဆိုးအုပ်ကို

ခေါ်ဆောင်သွားတာနဲ့

အန်နန်ကျင်းနှင့် ဓားစာလိပ်က

ယန်ယဲ့၏နံဘေးတွင်ပေါ်လာသည်

။

ယန်ယဲ့က “ဝမ်လေး၊ သူမက

တိုက်ခိုက်ရေးနည်းလမ်းအချို့ကို

သင်ယူခဲ့မယ်ဆိုရင် ဒါမှမဟုတ်

မရဏနတ်ဆိုးအတောင်ပံတွေကို

အသုံးပြုမယ်ဆိုရင် ငါသူ့ကို

အနိုင်ယူနိုင်မှာမဟုတ်ဘူး”

"အခွင့်အရေး ၄၀% ပဲရှိတယ်"

ဓားစာလိပ်က ရုတ်တရက် ပြောခဲ့သည် "သူမက မရဏနတ်ဆိုးအတောင်ပံတွေကို သုံးရင် နင်အနိုင်ရဖို့က အခွင့်အရေး ၄၀% ပဲရှိတယ်။ နင်ရဲ့နတ်ဘုရားရတနာတွေနဲ့

အခြားပြင်ပ အရာတွေက
သူ့အတွက် အသုံးမဝင်ဘူး”

“အသုံးမဝင်ဘူး။ ဟုတ်တယ်”

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။
နောက်ဆုံးတွင်

တရားစီရင်ရေးဓားကို
သုံးထားသော်လည်း
ဝမ်အရှုးမလေးကို
မထိခိုက်နိုင်ပေ။ သူ့ခန္ဓာကိုယ်က
ကြောက်စရာကောင်းလွန်းလှသ
ည်။

အန်နန်ကျင်းက ရုတ်တရက်
"ငါလည်း ငါသူ့ကိုစိတ်မချဘူး"

ယန်ယွဲ့နှင့် ဓားစာလိပ်တို့က
အန်နန်ကျင်းကို
စိုက်ကြည့်နေသည်။

အန်နန်ကျင်းက
တိုးတိုးလေးပြောလိုက်သည်။
“နတ်ဆိုးတစ်ကောင်ရဲ့
ကြောက်စရာအကောင်းဆုံးပုံစံက
သူတို့ရဲ့မူလပုံစံပဲ။ တကယ်လို
သူမအသွင်ပြောင်းလိုက်ရင်။
ဒါမှမဟုတ် တစ်နည်းအားဖြင့်
သူမရဲ့ မူလပုံစံကို ပြန်သွားနိုင်ရင်
ပိုပြီးတော့တောင်

ကြောက်စရာကောင်းလာလိမ့်ဦးမယ်။ အခုတောင် သူမက တစ်စိတ်တစ်ပိုင်း ပြောင်းလဲနေပြီ”

“အသွင်းပြောင်းနေတာလား…”

ယန်ယဲ့က ဓားစာလိပ်ကို

စိုက်ကြည့်ရင်း "ဓားစာလိပ်

ဝမ်လေးရဲ့

မူလဇစ်မြစ်ကဘာလဲ..."

ဓားစာလိပ်က

ခဏမျှငြိမ်သက်သွားသည်။

"သူမကို

ရှေးဟောင်းဝါးမျိုးသားရဲလို့ပဲထင်

ခဲ့တာ ဘာကြောင့်လဲဆိုတော့

ဝါးမျိုးခြင်း သားရဲတွေက

နတ်ဆိုးတွေ အထူးသဖြင့်တော့

နဂါးတွေကိုဝါးမျိုတက်လို့။ ဒါက

နဂါးတွေရဲ့သေခြင်းရှင်ခြင်း

ရန်သူတွေလေ။ ဒါပေမဲ့

ဝမ်လေးက

နဂါးတွေတင်မဟုတ်ဘဲ

အရာအားလုံးကို စားချင်နေတာ
သတိပြုမိတယ်။ တကယ်လို့
သူမက နှင်းပွင့်လေးနဲ့အတူ
သေခြင်းရှင်ခြင်းကို
မဖြတ်သန်းခဲ့ဘူးဆိုရင်
သူ့ကိုတောင် စားချင်နေလိမ့်မယ်။
ပြီးတော့ သူတို့ရဲ့ ခင်မင်ရင်းနှီးတဲ့
ဆက်ဆံရေးကို
လျစ်လျူရှုထားရင် သူက

နှင်းပွင့်ကို
လုံးဝမကြောက်ဘူးဆိုတာ
သတိထားမိမှာပါ"

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ
(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၆ -

“နှင်းပွင့်ကိုမကြောက်ဘူးလား…”

ယန်ယဲ့က
ထိုစကားကိုကြားသောအခါ
ရုတ်တရက် တစ်ခုခုကို

တွေးမိလိုက်သည်။

ဝမ်အရှုးမလေးနဲ့ နွားနတ်ဆိုးကို

နှင်းပွင့်လေးနဲ့

မိတ်ဆက်ပေးတုန်းကအချိန်ကိုပါ။

နွားနတ်ဆိုးက နှင်းပွင့်အား

ပင်ကိုယ်ကြောက်စိတ်နဲ့

လေးစားမှုပြခဲ့သော်လည်း

ဝမ်အရှုးမလေးကတော့

မလုပ်ခဲ့ပေ။

စူးစမ်းချင်ရုံမျှသာဖြစ်သည်။

ဝမ်အရူးမလေးက

အခြားလူများကဲ့သို့ နှင်းပွင့်ကို

အမြဲတစေ

မြှောက်ပင့်ရန်မကြိုးစားဘဲ

အလွန်ဖော်ရွေစွာ

ဆက်ဆံခဲ့သည်။ သူတို့က
စစ်မှန်သော
မိတ်ဆွေများဖြစ်ကြသည်။

ခဏအကြာတွင် ယန်ယဲ့က
ခေါင်းယမ်းကာ ပြုံးလိုက်ပြီး
"ဒါကိုမေ့ထားလိုက်ပါ။
အခုလောလောဆယ်မှာ ငါတို့ရဲ့

ဝမ်အရှူးမလေးက ငါတို့ရဲ့
ဝမ်အရှူးမလေးဖြစ်နေတုန်းပဲ။
သူက အမြဲတမ်းငါတို့လူပဲ
ဟုတ်တယ်မလား...”

ဓားစာလိပ်က
ခေါင်းညိတ်လိုက်သည်။

ဝမ်အရှူးမလေး က

ကလေးသာဖြစ်သည်။

လူသားများမွေးမြူထားသည့်

ကလေးတစ်ဦးဖြစ်သည်။

လောကဘဝအကောင်းနှင့်အဆိုး

ကို သူမ၏အမြင်အရ

လူသားများနှင့်

နီးပါးတူညီပါသည်။

၎င်းက
ဝါးသေတ္တာလွယ်ထားသောအဘိုး
ကြီးအနေဖြင့် ဝမ်အရူးမလေးကို
ကူညီဖို့ ဆန္ဒရှိသည့်
အကြောင်းအရင်း
ဖြစ်ကောင်းဖြစ်နိုင်ပါသည်။
လူသားများနတ်ဆိုးများပင်ဖြစ်စေ

အခြားသက်ရှိသတ္တဝါများပင်ဖြစ်
စေ မွေးဖွားလာစဉ်က
စာရွက်အလွတ်တစ်ရွက်လိုပင်။

အကယ်၍ လူသားများသည်
ထိုစာရွက်ပေါ်တွင် ရေးသားပါက
လူသားများနှင့် နီးစပ်သော
အမြင်များကို သဘာဝအလျောက်

ရရှိထားခဲ့မည်ဖြစ်သည်။ သို့သော်
၎င်းတို့သည် နတ်ဆိုးများနှင့်
ကြီးပြင်းလာပါက
မတူကွဲပြားသော
စရိုက်လက္ခဏာများဟာရှိနေပါမ
ည်။

ယန်ယဲ့က အန်နန်ကျင်းကို
စိုက်ကြည့်ရင်း "သူ့ကို
တိုက်ခိုက်ရေးနည်းစနစ်တွေပိုသင်
ပေးပါ။ သူ့ရဲ့
တိုက်ခိုက်ရေးစွမ်းအားက
တိုးတက်လာရင် မင်းရဲ့ဗီဇနဲ့
သူ့ပုံမှန်မဟုတ်တဲ့
ခန္ဓာကိုယ်ရှိနေရင်
ငါတို့နှစ်ယောက်စလုံးပေါင်းထား

ရင်တောင် သူ့အတွက်
ယှဉ်နိုင်မဲ့ပုံမပေါ်ဘူး”

သူကနောက်နေတာမဟုတ်ပေ။
အမှန်တိုင်းပြောနေတာပါ။

ဝမ်အရှူးမလေး၏ခွန်အားနှင့်
ရုပ်ခန္ဓာအကာအကွယ်က

အလွန်ကြောက်စရာကောင်းလှသ
ည်။ သူ့အား
စိတ်ပျက်အားငယ်စေလိုနီးပါးပင်။
အကယ်၍ အန်နန်ကျင်းကဲ့သို့
တိုက်ခိုက်ရေးဗီဇပါရှိလျှင်
သူတို့နှစ်ယောက်ပေါင်းထားသည့်
တိုင် ဝမ်အရှူးမလေးကို လုံးဝ
ယှဉ်နိုင်မည်မဟုတ်ပေ။ သို့သော်
သူ့အမြင်အရတော့

ရှက်စရာမဟုတ်ပါ။ အကြောင်းမှာ
ဝမ်အရှုံးမလေး သို့မဟုတ်
အန်နန်ကျင်းဖြစ်စေ သူ့ထက်
သန်မာလျှင်တောင်
အရေးမကြီးပါ။ သူက
သူတို့နှစ်ယောက်အတွက်
စိတ်ရင်းအမှန်ဖြင့်ပင်
ပျော်ရွှင်နေပါလိမ့်မည်။

သူသည်မိတ်ဆွေများနှင့်
ချစ်ရသူများ သာလွန်သည်ကို
မလိုမုန်းထားတတ်သော
လူတစ်ယောက်မဟုတ်ပေ။
ယန်ယဲ့က ဓားစာလိပ်နှင့်
အန်နန်ကျင်းကို နှုတ်ဆက်ပြီး

သူ့ကျင့်ကြံရေးအခန်းထဲသို့
သွားလိုက်သည်။

အခန်းထဲတွင်
စကြဝဠာတံဆိပ်ကို
ထုတ်ယူလိုက်သည်။

“ကမ္ဘာဆယ်ခုကို
ဖျက်ဆီးနိုင်တဲ့ခွန်အားလား...”

ဘယ်လိုအစီအရင်နဲ့အတားအဆီး
ကိုမဆို ဖြတ်ကျော်နိုင်တယ်။
အမှန်တော့ စကြဝဠာတံဆိပ်သည်
အထွတ်အမြတ်အဆင့်နတ်ဘုရား
ရတနာတစ်ပါးနှင့် ညီမျှသည်။

အကယ်၍ သူသည်
စကြဝဠာတံဆိပ်ကို တိုက်ပွဲတွင်
အသုံးပြုပါက ပြိုင်ဘက်ကို
အလစ်အငိုက်ဖမ်း
သတ်ဖြတ်ပစ်နိုင်သည်။

ယန်ယွဲ့သည်
သွေးတစ်စက်ထုတ်ပြီး

တံဆိပ်အပေါ်သို့ ချလိုက်သည်။
ခဏအကြာတွင်တော့ သူတို့ချင်း
ချိတ်ဆက်မှုဖြစ်ပေါ်လာသည်။
တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲ၌
အသုံးပြုနည်းပါ ပေါ်လာသည်။

ဤသို့ဖြင့် ယန်ယဲ့သည်
စကြာဝဠာတံဆိပ်တော်ကိုရင်းနှီး

အောင် စပြီး

လှေကျင့်လိုက်ပါတော့သည်။

...

နှစ်နာရီအကြာတွင် ယန်ယွဲ့သည်

မူလစေတီထဲမှ ထွက်သွားသည်။

အပြင်ဘက်တွင် ယန်ယဲ့သည်
နေရာမှာ ခဏ ရပ်နေလိုက်သည်။

ဤအချိန်တွင်
သူ့ရှေ့ခပ်လှမ်းလှမ်းရှိ
စကြဝဠာတံတိုင်းသည်
ရုတ်တရက် တုန်ခါသွားပြီးနောက်
ချပ်ဝတ်တန်ဆာဝတ်ထားသည့်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ထွက်လာသည်။

ထိုလူက
ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်
လိုက်ပြီး ယန်ယဲ့ကို
စိုက်ကြည့်ကာ
“မင်းကဘယ်သူလဲ…”

ယန်ယဲ့က "မင်းဘာလို့
မခန့်မှန်းကြည့်တာလဲ..."

ထိုလူ၏အကြည့်များက
အေးခဲသွားကာ "ဒီနေ့ကို
ခန့်မှန်းကြည့်ရမှာလား...။ ဒီနေ့က
နောက်နှစ်မှာ မင်းသေတဲ့

နှစ်ပတ်လည်နေ့ဖြစ်စေချင်တာ
လား…’

“ဝှစ်…”

ဓားစွမ်းအင်တစ်စင်းလင်းလက်
လာသည်။

ထိုလူ၏ခန္ဓာကိုယ်မှာ
တောင့်တင်းသွားသည်။
သူ၏မျက်လုံးများ
ပြူးကျယ်သွားကာ
မယုံနိုင်စရာများနှင့်ပြည့်နှက်နေသ
ည်။ ခဏအကြာတွင် သူ့ခေါင်းက
လည်ပင်ကနေ ပြုတ်ကျသွားသည်။
မသေခင် သူ၏မျက်လုံးများက
မယုံကြည်နိုင်မှုများဖြင့်

ပြည့်နေသည်။
မသေခင်အထိတောင်
ဘာမှန်းမသိဘဲ
အသတ်ခံလိုက်ရမယ်လို့
မယုံခဲ့ပေ။ သူသည်
အဆင့်၄အထွတ်အထိပ်
ပညာရှင်ဖြစ်သော်လည်း
ဓားတစ်ချက်တည်းကို
ခုခံနိုင်စွမ်းမရှိပေ။ သို့သော်

သေဆုံးခါနီးတွင် တစ်စုံတစ်ခုကို

သတိပြုမိသွားပုံရ၏။

သူ့ရှေ့၏လူ၏အမည်ကို

သိသွားခဲ့တာပါ။

“ယန်ယဲ့”

ယန်ယဲ့သည် သူ့ရှေ့ရှိ
စကြဝဠာတံတိုင်းကိုမော့ကြည့်လို
က်သည်။ သူလိုချင်ပါက
အထဲကိုဝင်သွားနိုင်သည်။
သူသည်  ထာဝရနိုင်ငံတော်သို့
ဝင်ရောက်ရန်
ရည်ရွယ်ထားခဲ့သည်။ အမှန်တော့
ထာဝရနတ်ဘုရားနိုင်ငံတော်တွင်
နှင်းပွင့်လေး ယူဆောင်ရမည့်

အမွေအနှစ်တစ်ခုရှိခဲ့သည်။
ရှေးဟောင်းခေတ်၏
ဝိညာဉ်ဖန်ဆင်းရှင်က နှင်းပွင့်ကို
ထာဝရနတ်ဘုရားနိုင်ငံတော်ရော
က်သည်နှင့်
ဝိညာဉ်နန်းတော်၏အရှင်သခင်တာ
ဝန်ကို လက်ခံဖို့ပြောထားခဲ့လို့ပါ။

သို့သော် သူ့အနေဖြင့်
ထာဝရနတ်ဘုရားနိုင်ငံတော်သို့
မဝင်ရောက်ခင်
သူ၏ခွန်အားကိုအနည်းငယ်
မြှင့်တင်ရပေမည်။ မဟုတ်လျှင်
ယခုဝင်သွားပါက
ထာဝရပြန်လာနိုင်တော့မည်မဟု
တ်ပေ။

ထာဝရနတ်ဘုရားနိုင်ငံတော်က
နောက်ထပ်မလှူပ်ရှားခြင်းမှာ
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ကို
သတိထားနေသောကြောင့်ပါ။
သို့သော် သူသာ
ထာဝရနတ်ဘုရားနိုင်ငံတော်သို့

ဝင်သွားလျှင်
ချက်ချင်းအသတ်ခံရနိုင်၏။

ယန်ယွဲ့သည် ဓားစာလိပ်နှင့်
ဆက်သွယ်ကာ "မင်းရဲ့
လမ်းညွှန်မှုကို ငါတောင်းခံမယ်။
အခု ငါ့ခန္ဓာကိုယ်ကို

ဘယ်လိုတိုးတက်အောင်လုပ်ရမလဲ...”

လက်ရှိတွင် သူ့ခန္ဓာကိုယ်က မူလကမ္ဘာအဆင့်တွင်သာရှိခဲ့သည်။

အကန့်အသတ်ချိုးဖျက်နယ်ပယ်

သို့ မြှင့်တင်ဖို့က
ခက်ခဲနေသေးသည်။

ဓားစာလိပ်က
ခဏလောက်စဉ်းစားပြီး
“နှင့်ခန္ဓာကိုယ်ရဲ့
အခြေခံအုတ်မြစ်က
အရမ်းကောင်းတယ်။ ဒါကြောင့်

တိုးတက်ဖို့က သိပ်မခက်ခဲဘူး။

ဒါ့အပြင်

အခြားအရာတွေကိုလည်း

တိုးတက်အောင်လုပ်ရမယ်။ နင့်ရဲ့

ဓားနယ်မြေကို ဒီထက်ပိုပြီး

အဆင့်မြှင့်တင်နိုင်မယ်လို့

ငါထင်ပါတယ်”

“ဓားနယ်မြေလား…”

ယန်ယွဲ့ကခေါင်းညိတ်လိုက်သည်။ အမှန်ပင် သူလည်း ဓားနယ်မြေကို အဆင့်မြှင့်ရသည်။ ဓားနယ်မြေက လက်ရှိတွင် အစွမ်းထက်နေသော်လည်း ရန်သူတိုင်းဟာ

ယခင်ကထက်ပိုပြီးအားကောင်း
လာကြသည်။
ထို့ကြောင့်...

ယန်ယဲ့ ကခေါင်းညိတ်ကာ
“ကောင်းပြီ။ ဒါဆို
ငါ့ခန္ဓာကိုယ်ကိုလေ့ကျင့်တာနဲ့
အရင်စလိုက်မယ်”

သူ့ခန္ဓာကိုယ်ကို
မြှင့်တင်လိုက်သည်နှင့်
ကျင့်ကြံမှုအဆင့်ကို
ဖိနှိပ်ထားစရာမလိုတော့ပေ။
ချက်ချင်း အဆင့်တက်နိုင်သည်။
ထိုအချိန်ရောက်ပါက
သူ၏ခန္ဓာကိုယ်နှင့်

ကျင့်ကြံမှုအဆင့်
တိုးတက်လာပြီးနောက်
ဓားနယ်မြေကို နက်နက်နဲနဲ
နားလည်ဆင်ခြင်နိုင်သည်။

မည်သို့ပင်ဖြစ်စေ တစ်ကြိမ်လျှင်
ခြေလှမ်းတစ်လှမ်းသာ
လှမ်းသင့်၏။

ဓားစာလိပ်က ခေါင်းညိတ်သည်

“နှင်အဲ့ဒါကို တစ်ကြိမ်ပြီး

တစ်ကြိမ်ပဲ လှမ်းသင့်တယ်။ နင့်ရဲ့

အခြေခံအုတ်မြစ်ကအရမ်းကောင်းပါတယ်။ ဒါဟာနင့်ရဲ့

အားသာချက်ပါ။

နင့်ခန္ဓာကိုယ်ကလည်း

တိုးတက်လာတဲ့အခါ

သဘာဝအတိုင်းခွန်အားတွေတိုး

တက်လာလိမ့်မယ်။ ဒါပေမဲ့

ခန္ဓာကိုယ်ကို ပိုပြီး

တိုးတက်အောင်

ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာ

ငါတို့လေ့လာရမယ်။ ဟုတ်တယ်။

ဝါးသေတ္တာလွယ်ထားသောအဘိုး

ကြီးက နင့်ကို

ဟိုသွေးပုလင်းပေးတုန်းက
ပိုမပေးခဲ့ဘူးလား…။ အထဲမှာ
ကျန်နေသေးသင့်တယ်”

“နတ်ဘုရားသွေးစက်လား…”

ယန်ယဲ့သည်မေ့လုနီးပါးဖြစ်နေ
သောကြောင့်

သူ၏မျက်လုံးများက

အရောင်တောက်ပလာသည်။

သူက ထိုသွေးပုလင်းထဲမှ

တစ်စက်သာ

အသုံးပြုထားသေး၏။ ၎င်းက

သူ၏ခန္ဓာကိုယ်ကို

အခုအဆင့်အထိ

အဆင့်မြှင့်တင်နိုင်စေခဲ့တာပါ။

နောက်ပိုင်းတွင်

အကြောင်းအမျိုးမျိုးကြောင့်
မေ့ထားခဲ့သည်။

ယန်ယဲ့က ပုလင်းကို
အမြန်ထုတ်လိုက်ပြီး
ကြည့်လိုက်ရာ အထဲမှာ
အစက်အနည်းငယ်ကျန်နေသေး
၏။ ထိုနောက် သူက

ပုလင်းအဖုံးကို ဖွင့်လိုက်ကာ အားလုံးကို မျိုချလိုက်၏။ သူ့တွင် အရူးနတ်ဆိုးသွေးမျိုးဆက် ရှိနေသဖြင့် ပုလင်းထဲရှိ နတ်ဘုရားသွေးစက်၏သဘာဝတန်ပြန် စွမ်းအားကို မကြောက်တော့ပေ။

သူ့ခန္ဓာကိုယ်ထဲသို့
နတ်ဘုရားသွေးစက်များ
ဝင်ရောက်လာသည်နှင့်
တစ်ပြိုင်နက် သန့်စင်လှသော
စွမ်းအင်များ တစ်ကိုယ်လုံး
ပျံ့နှံ့သွားသည်။
တစ်ချိန်တည်းမှာပဲ သူ့ရင်ထဲ
ပူလောင်းပြင်းပြသော ခံစားမှု
ပျံ့နှံ့လာပါတော့သည်။

ထိုပြင်သူ၏ခန္ဓာကိုယ်က

စွမ်းအင်များကို

စတင်စုပ်ယူလိုက်ပြီး

တဖြည်းဖြည်းနှင့်

အသွင်ကူးပြောင်းမှုတစ်မျိုးကို

စတင်ခံစားလာခဲ့ရသည်။

ထူးခြားတဲ့
အသွင်ကူးပြောင်းမှုတစ်ခု။

ယခင်အတိုင်းနာကျင်ကိုက်ခဲမှုများ
မခံစားရတော့ပေ။
သူ၏ယန်မျိုးနွယ်
သွေးမျိုးဆက်က
နတ်ဘုရားသွေးစက်အထဲရှိ

ပြင်းထန်သောစွမ်းအင်ကို
ဖိနှိပ်ထားသောကြောင့်ပါ။

အချိန်များတရွေ့ရွေ့ကုန်ဆုံးသွား
ပြီးနောက်
ယန်ယွဲ့၏ခန္ဓာကိုယ်သည်
ရုတ်တရက် တုန်ခါလာသည်။
သေချာကြည့်လိုက်လျှင်

သူ့ခန္ဓာကိုယ် တင်းကျပ်နေတာကို သတိထားမိမှာပါ။ ပိုပြီး တောင့်တင်းလာပုံရသည်။

နောက်သုံးရက်အကြာ။

“အုန်း…”

ယန်ယဲ့ခန္ဓာကိုယ်ထဲမှ
ပြင်းထန်သော အရှိန်အဝါ တစ်ခု
ပေါက်ကွဲထွက်လာသည်။
သူ့ပတ်ဝန်းကျင်သည်
ကျောက်တုန်းကြီးတစ်ခု
ရေကန်ထဲပြုတ်ကျသလိုမျိုး
တုန်ခါသွားသည်။

ရိုးရှင်းသော ရုပ်ခန္ဓာခွန်အား။

ယန်ယဲ့သည်
နတ်ဘုရားသွေးစက်ထဲမှ
စွမ်းအင်အားလုံးကို
စုပ်ယူလိုက်သည်။ လက်ရှိတွင်
သူ့ခန္ဓာကိုယ်က
အကန့်အသတ်ချိုးဖျက်နယ်ပယ်

တစ်ပိုင်းအဆင့် လောကသခင်
အထွတ်အထိပ် အဆင့်တွင်
ရှိနေသည်။

လောကသခင် ရုပ်ခန္ဓာ။

ယန်ယဲ့အတွက်
လုံးဝမလိုလောက်ပေ။

အနည်းဆုံးတော့

အကန့်အသတ်ချိုးဖျက်နယ်ပယ်

အဆင့်သို့

တက်လှမ်းရန်လိုအပ်ပါသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွှ

ယ်။

ယန်ယဲ့သည်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်ထံမှ အကူအညီတောင်းယူရန်

ဆုံးဖြတ်လိုက်သည်။

အင်အားကြီးတစ်ခုဖြစ်ရာ

သူ၏ခန္ဓာကိုယ်မြှင့်တင်ရန်

နည်းလမ်း

သေချာပေါက်ရှိရမည်ဖြစ်သည်။

သူ့အမြင်အရတော့
အဓိကအရေးအကြီးဆုံးက
သူ၏ရုပ်ခန္ဓာခွန်အား
တိုးတက်လာအောင် လုပ်ဖို့ပင်။

ယန်ယဲ့သည်
မူလစေတီထဲကနေထွက်သွားပြီး

စကြဝဠာတံတိုင်း

အရှေ့မှအလောင်းများကိုကြည့်

လိုက်သည်။ ထိုနောက်

အလောင်းတစ်လောင်းကို

ကောက်ယူလိုက်သည်။

သူကောက်ယူလိုက်သည့်

အလောင်းက

ကောင်းကင်ဓားမြို့တော်၏

ဘိုးဘေးပါ။

သို့သော် ထွက်သွားခါနီးတွင်
တံတိုင်းက လှုပ်ခါသွားသည်။
ခဏအကြာတွင် သူ့နောက်ကနေ
အသံတစ်သံထွက်ပေါ်လာသည်
"မင်းကယန်ယွဲ့
ဟုတ်တယ်မလား..."

“ဒီကောင်က

သူ့ကိုယ်သူမပြောဘူးလား...”

ယန်ယဲ့က အံ့သြသွားပြီးမှ “ဒါက

ငါပဲ” ဟုပြန်ပြောလိုက်သည်။

အသံက

“အဖြူရောင်ကေရာဇ်မြို့တော်ရဲ့

မြို့တော်ဝန်က

ငါ့ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့

လက်ထဲမှာပဲ”

ယန်ယဲ့က “ဒါဆိုဘာလဲ…”

အသံက "မင်းသူ့ကို
မကယ်ချင်ဘူးလား..."
ဟုမေးသည်။

ယန်ယဲ့ကပြုံးပြီး "ဟုတ်တယ်။
ဒါပေမဲ့ သက်ရှိလူသားကပဲ
ဘယ်သူမဆို
ကယ်တင်နိုင်တယ်ဆိုတာ

ငါကောင်းကောင်းသိတယ်။

ဒါပေမဲ့ အခုမင်းတို့ဆီလာရင်

ငါလည်း သူနဲ့အတူတူသေမှာပဲ”

“မင်းသေဖို့မလာရင်

သူသေလိမ့်မယ်”

ယန်ယဲ့ကပြုံးပြီး
“ခြိမ်းခြောက်စရာမလိုပါဘူး။
ဒီအတိုင်းထားပါရစေ။ ငါနဲ့
နီးစပ်တဲ့လူ ဒါမှမဟုတ် ငါနဲ့
ဆက်နွယ်နေတဲ့လူတစ်ယောက်
ယောက် သေဆုံးသွားရင်
ဝိညာဉ်ဖန်ဆင်းရှင်နဲ့အတူ
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်ကို အပြီးတိုင်

ပူးပေါင်းလိုက်မယ်။ ပြီးတော့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်ရဲ့အကူအညီနဲ့

ထာဝရနတ်ဘုရားနိုင်ငံတော်ကို

တိုက်ခိုက်တဲ့အခါမှာ

စကြဝဠာဝိညာဉ်ကို ငါ

ဆင့်ခေါ်ခိုင်းလိုက်မယ်”

အသံက ရုတ်တရက်

အေးစက်သွားသည်

“မင်းဘယ်လိုလုပ်ရဲသလဲ...”

ယန်ယွဲ့က

လှောင်ပြောင်ရယ်မောလိုက်သည်

။ “ငါဘာလို့မလုပ်ရဲရမှာလဲ...။

မင်းတို့ရဲ့

ထာဝရသခင်ကိုပြောလိုက်စမ်း။
အဖြူရောင်ကောရာဇ်မြို့တော်ဝန်
သာ တစ်ခုခုဖြစ်ခဲ့ရင် ငါနဲ့
ဝိညာဉ်ဖန်ဆင်းရှင်က
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ကို ဦးဆောင်ပြီးတော့
ထာဝရနတ်ဘုရားနိုင်ငံတော်ကို
တိုက်ခိုက်မယ်။ ငါဒီလိုလုပ်ဖို့
သတ္တိရှိမရှိကို မင်းကိုယ်တိုင်

သွားပြီး စုံစမ်းလိုက်။

ငါ့တစ်သက်မှာ ဘယ်တုန်းကမျှ

တစ်ခုခုကို ကြောက်ဖူးတယ်။

တစ်ခုခုလုပ်ရမှာကို

ဘယ်တုန်းကမှ မကြောက်ဖူးဘူး။

ငါမလုပ်ရဲဘူးထင်ရင် သူ့ကို

သတ်ပစ်လိုက်”

စကားပြောပြီးနောက် ယန်ယဲ့က
လှည့်ထွက်သွားသည်။

"ယန်ယဲ့"

အသံက ရုတ်တရက်
ပဲ့တင်ထပ်လာသည်။

“သတ်ပစ်နိုင်တယ်။

ငါ့မှာပြောစရာမရှိတော့ဘူး”

ယန်ယဲ့က နောက်ပြန်မလှည့်ပဲ

ခပ်ဝေးဝေးသို့

ပျောက်ကွယ်သွားခဲ့သည်။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၇ -

"ငါမင်းတို့ကိုဘာမှပြောစရာမရှိတော့ဘူး"

ထာဝရနိုင်ငံတော်သည်
အစကတည်းက သူနဲ့
စေ့စပ်ညှိနှိုင်းဖို့
ကြိုးစားခဲ့မည်ဆိုလျှင်
ထိုအကြောင်းကို ပြောဖို့
ဆန္ဒရှိပေလိမ့်မည်။ ယခုတော့
နောက်ကျသွားပြီဖြစ်သည်။

အရမ်းကို

နောက်ကျသွားပြီဟုပြောရပေမ

ည်။

သူနှင့်ထာဝရနတ်ဘုရားနိုင်ငံတော်

အကြားတွင်

ပြောစရာစကားမကျန်တော့ပါ။

ယန်ယွဲ့သည် ထာဝရမြစ်မှ
ထွက်ခွာလာသည်။ ။

ထိုနောက်
စကြဝဠာမှတ်တမ်းကိုထုတ်ကာ
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းက
မ္ဘာသို့ သွားလိုက်သည်။
ဟွမ်ယင်က

လာခွင့်ပြုထားသောကြောင့် ဟင်းလင်းပြင်ပျက်သုဉ်းခြင်းက မှာသို့ တိုက်ရိုက် ခုန်ကူးနိုင်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းခန်းမ

။

ယန်ယဲ့က ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။

ဟွမ်ယင် ကတော့ သူ့ရှေ့တွင် ထိုင်နေသည်။ သူက ခဏလောက်စဉ်းစားပြီး "မင်းရဲ့ ခန္ဓာကိုယ်ကို တိုးတက်စေချင်တာလား..."

ယန်ယဲ့ကခေါင်းညိတ်လိုက်သည်။

ဟွမ်ယင်ကပြုံးပြီး "အစ်ကိုယန်၊ ရိုးရိုးသားသား ပြောခွင့်ပြုပါ။ မင်းရဲ့ခန္ဓာကိုယ်က လောကသခင် အထွတ်အထိပ်အဆင့်မှာရှိနေပြီး လူသားခန္ဓာကိုယ်က ဒီအဆင့်ရောက်သွားရင်

တကယ်ကို

ကြောက်စရာကောင်းတယ်။

ဒီထက်ပိုပြီးတိုးတက်ဖို့က

တော်တော်ကိုခက်ပါတယ်။

ဒါအပြင် မင်းတိုးတက်နေတဲ့

နယ်ပယ်တိုင်းက မင်းခန္ဓာကိုယ်ကို

ဖော်ပြလို့မရနိုင်တဲ့

နာကျင်မှုဖြစ်စေလိမ့်မယ်”

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး

“မတတ်နိုက်ဘူး။ နာကျင်တာဟာ

သေတာထက်ပိုကောင်းတယ်”

ဟွမ်ယင်က ခဏတုံ့ဆိုင်းသွားပြီး

“အစ်ကိုယန်၊

ငါ့ဟင်းလင်းပြင်မျိုးနွယ်ထဲမှာ

မင်းနေထိုင်မယ်ဆိုရင်ရောဘယ်

လိုလဲ။ ဟုတ်တယ်၊ မင်းငါ့ကို

ကူညီပြီး

ငါ့လက်အောက်ခံဖြစ်ဖို့တောင်းဆို

တာမဟုတ်ပါဘူး။ ငါတို့က

တန်းတူညီတူမိတ်ဆွေတွေဖြစ်လို့

ကြီးကျယ်ခမ်းနားတဲ့အရာတွေကို

အတူတကွ ကြိုးစားနိုင်ဖို့ပါ"

“ကြီးကျယ်ခမ်းနားတဲ့အရာတွေလား...”

ယန်ယွဲ့က “ထာဝရနတ်ဘုရားနိုင်ငံတော်ကိုတိုက်ခိုက်မှာလား...”ဟုမေးလိုက်သည်။

ဟွမ်ယင်က "ဒီလိုပါပဲ။

အစ်ကိုယန်၊

မင်းကိုတစ်ခုလောက်မေးပါရစေ။

ထာဝရနတ်ဘုရားနိုင်ငံတော်ထက်

ပိုကြီးမြတ်တဲ့

စကြဝဠာနိုင်ငံတစ်ခုရှိတယ်လို့

မင်းထင်လား..."

ယန်ယဲ့သည် ငြိမ်သက်သွားသည်။
ထာဝရနတ်ဘုရားနိုင်ငံတော်သည်
ယခုအချိန်တွင်
အကြီးအမားဆုံးနှင့်
အကြီးအကျယ် ခမ်းနားဆုံးသော
စကြဝဠာဖြစ်သည်။
၎င်း၏ယဉ်ကျေးမှုသည်လည်း

အကောင်းဆုံးဖြစ်သည်။ သို့သော်
ငင်းအပြင်အခြားသော
စကြဝဠာများ ရှိနေသည်လား...။

ယန်ယွဲ့သည်ခေါင်းခါလိုက်သည်
“စကြဝဠာကို စူးစမ်းဖို့
ငါစိတ်မဝင်စားဘူး။ ဒါ့အပြင်
ငါတို့လို ဓားသမားတွေက

လွတ်လပ်မှုနဲ့
စိတ်တိုင်းကျလုပ်နိုင်တာကိုပဲ
သဘောကျတာကို
မင်းသိပါတယ်။ ဟုတ်တယ်၊
ထာဝရနတ်ဘုရားနိုင်ငံတော်နဲ့
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်ရဲ့ စစ်ပွဲစတဲ့အခါ
မင်းဘက်ကနေ
ငါသေချာပေါက်ဝင်ပါမယ်။

နောက်ဆုံးတော့ ငါသူတို့ကို
လုံးလုံးမကျေနပ်ဘူး။ ဒါပေမဲ့
ငါနည်းနဲ့ငါ လက်စားချေမယ်”

ဟွမ်ယင်က
ခဏတိတ်ဆိတ်သွားပြီး
“အစ်ကိုယန်၊ မင်းက
နည်းနည်းလေး ဖြောင့်မတ်မှုနဲ့

သဘောတရားအ ပိုင်းမှာ

အားနည်းနေတယ်။ ငါပြောတာကို

စိတ်မဆိုးဘူး

ဟုတ်တယ်မလား…”

ယန်ယဲ့က ခေါင်းခါလိုက်သည်

“မဟုတ်ဘူး”

ဟွမ်ယင်ပြောတာက မှန်နေသဖြင့် ဒေါ်သထွက်စရာမလိုပေ။

ဟွမ်ယင်က ခန်းမဝင်ပေါက်သို့ လျှောက်သွားကာ "အစ်ကိုယန်၊ ငါ့ဘိုးဘေးပိုင်တဲ့ ခွန်အားနဲ့ သူက ငါတို့ကို စွန့်လွှတ်နိုင်တယ်ဆိုတာ မင်းသိလား...ဒါမှမဟုတ်

ဟင်းလင်းပြင်မျိုးနွယ်က

သူ့အတွက်

ဝန်ထုပ်ဝန်ပိုးတစ်ခုလို့တောင်

ဆိုသင့်တယ်။ ဒါပေမဲ့ သူက

ငါတို့အတွက်

တတ်နိုင်သလောက်လုပ်နေတုန်းပဲ

။ ငါအတွက်လည်း အတူတူပဲ

လိုအပ်ရင်

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်စုအတွက် သေတဲ့အထိ
တိုက်ခိုက်ဖို့ ဆန္ဒရှိတယ်။
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းက
မှာတွင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ထဲက
ငါတို့ရဲ့အိမ်မဟုတ်ဘူး
ငါတို့ကာကွယ်ရမဲ့အရာပါ"

ယန်ယဲ့က “ဟေး...ဒါကို
မင်းစိတ်ထဲမှာပဲထားလိုက်။
မင်းတို့ကို ကျူးကျော်ဖို့
ကြိုးစားနေတာ
ထာဝရနတ်ဘုရားနိုင်ငံတော်
မဟုတ်ဘူး။ မင်းကသာ
ထာဝရနတ်ဘုရားနိုင်ငံတော်ကို

ကျူးပျော်ဖို့ ကြိုးစားနေတာ
အဲ့ဒါက သိပ်မှန်တယ်လို့
မထင်ဘူးမလား…”

ဟွမ်ယင်က
ခေါင်းယမ်းပြီးပြုံးလိုက်သည်
“မင်းပြောတာမှန်ပါတယ်”

ယန်ယဲ့က “တကယ်တော့

ဖြောင့်မတ်ခြင်းအမျိုးအစားတွေ

အများကြီးရှိပေမဲ့

အများစုအတွက်

ဖြောင့်မတ်ခြင်းဆိုတာ

တကယ်တော့

သူတို့အကျိုးအမြတ်ပါပဲ။

ဒါအပြင် ဖြောင့်မတ်တာက

အများအားဖြင့် အနိုင်ရသူအတွက်

အကြောင်းပြချက်တစ်ခုလောက်ပဲ။ အကြွင်းမဲ့ ဖြောင့်မတ်မှုနဲ့ တရားမျှတမှုဆိုတာ မရှိဘူး။ ဟုတ်တယ် ဒီလောကမှာ အကောင်းနဲ့အဆိုးက ဒွန်တွဲနေတယ်။ ဘာပဲဖြစ်ဖြစ် ဒါက အရမ်းရှုပ်ထွေးတဲ့ ကိစ္စပဲ။ အသေးစိတ်တော့မစူးစမ်းချင်ပါဘူး"

ဟွမ်ယင်က

ခေါင်းညိတ်လိုက်သည်။ သူက

ရုတ်တရက်

ကောင်းကင်ကိုမော့ကြည့်လိုက်သ

ည်။

ထိုနောက်  ယန်ယဲ့ကို စိုက်ကြည့်ရင်း “ဘိုးဘေးက မင်းကို တွေ့ချင်နေတယ်”

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်း ကေရာဇ်လား…”

ယန်ယဲ့၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားသ
ည်
“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းဧကေ
ရာဇ်က ငါ့ကို
တွေ့ချင်နေတာလား…”

ယန်ယဲ့က သိပ်စဉ်းစားမနေဘဲ ခေါင်းညိတ်လိုက်သည်။

သူသည် ခဏအကြာတွင် တောင်ထိပ်ပေါ်၌ ရောက်နေခဲ့သည်။ သူနဲ့ မနီးမဝေးတွင်

သက်လတ်ပိုင်းအမျိုးသားတစ်
ယောက် တင်ပျဉ်ခွေထိုင်နေ၏။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်ပင်။

သူက“ငါတို့ပြန်တွေ့ကြပြီ”

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။

စကားပြောရင်း သူက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်ဘေးနားသို့
လျှောက်သွားကာထိုင်ချလိုက်သ
ည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း ကောရာဇ်က “မင်းရဲ့ခန္ဓာကိုယ်ကို တိုးတက်စေချင်တာလား…” ဟုမေးလိုက်သည်။

ယန်ယဲ့ကခေါင်းညိတ်လိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က “မင်းရဲ့

ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်ပြီး

ကျင့်ကြံမှုအဆင့်

ဖောက်ကွဲထွက်တာနဲ့

မင်းရဲ့ခန္ဓာကိုယ်က

တောင့်ခံထားနိုင်မှာမဟုတ်ဘူး။

ဒါဆို မင်းရဲ့ခန္ဓာကိုယ်ကို

မြှင့်တင်ချင်တာ
ဟုတ်တယ်မလား…”

ယန်ယဲ့က ခေါင်းညိတ်သည်။
“ငါလုပ်နိုင်မလား…”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က “မင်းလုပ်နိုင်တယ်။

မင်းရဲ့ခန္ဓာကိုယ်တိုးတက်အောင်

ငါကူညီနိုင်ပေမဲ့

ငါ့တောင်းဆိုချက်ကို

မင်းသဘောတူရမယ်”

ယန်ယဲ့က

“ထာဝရနတ်ဘုရားနိုင်ငံတော်နဲ့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်စစ်ပွဲမှာ ကူညီရမှာလား...”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က ခေါင်းယမ်းကာ
“ကလေး မင်းကိုယ့်ကိုယ်ကို
အထင်ကြီးလွန်းတယ်”

ယန်ယဲ့က ဘာပြောရမှန်းမသိပေ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်က “မင်းနဲ့

ဝိညဉ်ဖန်ဆင်းရှင်က

ထာဝရနတ်ဘုရားနိုင်ငံတော်ကို

တိုက်ခိုက်နိုင်မယ်လို့

တကယ်ထင်နေတာလား…။

လွန်ခဲ့တဲ့ နှစ်တွေကတည်းက
ဝိညဉ်ဖန်ဆင်းရှင်က ထူးခြားတဲ့
အဆင့်အတန်းကို ပိုင်ဆိုင်ထားရုံပဲ
ဘာပဲဖြစ်ဖြစ်
မင်းကိုပြောရင်တောင်
မင်းနားလည်မှာမဟုတ်ဘူး။
ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်စုနဲ့
ထာဝရနတ်ဘုရားနိုင်ငံတော်

နှစ်ခုစလုံးက  မင်းနဲ့

အဲ့ဒီချစ်စရာကောင်းတဲ့

အကောင်လေးကို

အသာလေးချေမှုန်းပစ်နိုင်တယ်”

ယန်ယဲ့က “မင်း

နည်းနည်းချဲ့ကားနေတာမဟုတ်

ဘူးလား…”

“ချဲ့ကားတာလား…”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က ရယ်မောပြီး
“ကောင်းပြီ မင်းကို
မေးခွန်းတစ်ခုမေးမယ်။ ငါ မင်းကို
အခုချက်ချင်း သတ်ပစ်ရင်

မင်းအသက်ရှင်မယ်လို့ထင်လား…

”

ယန်ယဲ့က ငြိမ်သွားသည်

“မဖြစ်နိုင်ဘူး”

သူက

“နောက်ထပ်မေးခွန်းတစ်ခုထပ်

မေးပါရစေ။ တကယ်လို့

ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့

ထာဝရသခင်က

မင်းကိုသတ်ချင်နေရင် သူက

စကြဝဠာတံတိုင်းကို

ဖြတ်ပြီးရောက်လာနိုင်တယ်။

အဲ့ဒီအချိန်မှာ

မင်းအသက်ရှင်နိုင်ပါဦးမလား…”

ယန်ယဲ့က သူ့ကိုကြည့်ပြီး "ဘာလို့ ဒီလိုမလုပ်တာလဲ..."

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း ကေရာဇ်က "သိချင်လို့လား..." ဟုမေးလိုက်သည်။

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က “မင်းက
သူ့အာရုံစိုက်ထားတာရဲ့
အောက်မှာပဲရှိနေလို့။
ငါ့ကိုပြောပါ၊

သေမျိုးကမ္ဘာမှာရှိတဲ့

ဘုရင်တစ်ပါးက

သူခိုးတစ်ယောက်ကို

ကိုယ်တိုင်ဖမ်းမှာတဲ့လား...

သေချာတာကတော့ သူ့မှာ

ပိုအရေးကြီးတဲ့အရာတွေရှိတယ်”

ယန်ယဲ့က "ဒါဆို
ငါအရမ်းအားနည်းနေလို့လား..."

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က
"ဒါတွေကလုံးဝမဟုတ်ဘူး။
အဓိက အကြောင်းအရာကတော့
သူ့ရဲ့အာရုံစူးစိုက်မှုက

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ကိုအဓိကထားနေတာ။
ငါ့ရဲ့
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်သာမရှိရင်
မင်းသေတာကြာပြီ”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
“အကြီးအကဲ တိုက်ရိုက်ပဲပြောပါ”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က မတ်တတ်ထရပ်ပြီး
အောက်ကိုငုံ့ကြည့်လိုက်သည်။
ဤနေရာမှ

ဟင်းလင်းပြင်မြို့တော်အား

လှမ်းရှုမြင်နိုင်၏။

သူက တိုးတိုးလေးပြောသည်

“မင်းမှာ ဘာတာဝန်ရှိလဲ

သိချင်လား...”

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော
ရာဇ် က ဆက်ပြောသည်
“ငါ့ရဲ့တာဝန်က
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းက
မှာနဲ့ ဒီလူတွေကို ကာကွယ်ဖို့ပါ။

လွန်ခဲ့တဲ့နှစ်တွေတုန်းက
ထာဝရနတ်ဘုရားနိုင်ငံတော်ကို
ငါဘာကြောင့်
ကျူးကျော်ဝင်ရောက်ခဲ့တာလဲ...။
ဘာကြောင့်လဲဆိုတော့ အဲ့ဒါက
ခြားနားမှုမဖြစ်စေတဲ့အတွက်
အဲ့ဒါရဲ့နောက်ကွယ်က
အကြောင်းအရင်းအမှန်ကို
ငါမပြောချင်ပါဘူး။

ငါ့တောင်းဆိုချက်က ရိုးရိုးလေးပဲ။
မဝေးတော့တဲ့ အနာဂတ်မှာ။
ဥပမာ ငါဒီမှာ မရှိတော့တဲ့အခါ
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်က အခက်အခဲတွေနဲ့
ရင်ဆိုင်ရရင် မင်းကူညီရမယ်။
မင်းက အခု တော်တော်လေး
အားနည်းနေပေမဲ့။ အနာဂတ်မှာ
မသန်မာဘူးလို့မဆိုနိုင်ဘူး”

ယန်ယဲ့က

ခဏလောက်စဉ်းစားပြီး

“ကောင်းပြီ”

ဟွမ်ယင်က သူ၏မိတ်ဆွေဖြစ်ရာ

သဘာဝအတိုင်းကူညီပါမည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်က

ယန်ယဲ့ကိုစိုက်ကြည့်ရင်း

“မူလတိုက်ပွဲကွင်းပြင်မှာ မင်းကို

သတ်ချင်တဲ့အကြောင်းအရင်းက

မင်းနဲ့ အဲ့ဒီဝိညာဉ်ဖန်ဆင်းရှင်နဲ့

တွဲနေလို့ပဲ။ ငါ့အမြင်အရတော့

မင်းက

ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့

အစိတ်အပိုင်းဖြစ်နိုင်တယ်။

မင်းက

ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့

အစိတ်အပိုင်းဆိုကတည်းက ငါနဲ့

ဆန့်ကျင်ဘက်မှာရပ်နေပြီး

မင်းကို သတ်ပစ်ပြီး

အနာဂတ်ဒုက္ခအချို့ကို

ကြိုရှင်းချင်ခဲ့တယ်။ ဒါက

သာမန်မဟုတ်ဘူးလား...။ အခု

မင်းက ဟွမ်ယင်ရဲ့
မိတ်ဆွေဖြစ်သလို
ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်းနဲ့
ဆက်ဆံရေးကောင်းနေတယ်။
ဒီတော့ မိတ်ဆွေတစ်ယောက်က
အခြားရန်သူရှိနေတာထက်
ပိုမကောင်းဘူးလား..”

ယန်ယဲ့က

သူ့ကိုစိုက်ကြည့်လိုက်သည်

“မင်းက ငါမျှော်လင့်ထားတာနဲ့

နည်းနည်းတော့ မတူညီဘူး”

စစ်မှန်သော စွမ်းအားရှင်။

သူ့ရှေ့ရှိ
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က စကြဝဠာ၏
အထွတ်အမြတ်စွမ်းအားရှင်ဖြစ်
သော်လည်း
သာမန်စွမ်းအားရှင်များနှင့်
မတူကြောင်း ခံစားမိသည်။
ထိုလူက သန်မာပြီး
အင်အားကြီးပုံမပေါ်သလို

သူ့ကိုယ်သူ
သာလွန်သည်ဟုလည်း
ခံယူထားခြင်းမရှိပေ။
သာမန်လူတစ်ယောက်လိုပင်။

ယန်ယဲ့က တော်တော်လေး
အထင်ကြီးသွားမိသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“တကယ်တော့ မင်းတို့အားလုံးကို

ငါတကယ်မုန်းတယ်”

ယန်ယဲ့က အံ့သြသွားသည်

“ဘာလို့လဲ...”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က ပြုံးပြီး

“မင်းတို့အားလုံးက ဘာမှမသိလို့။

အများစုက ပျော်ရွှင်တာ

မနာလိုတာလောက်ပဲ”

“ဟား...ဟား...”

စကားပြောပြီးနောက်
ညာလက်ကို ဝှေ့ယမ်းကာ
ယန်ယဲ့နှင့်အတူ နေရာတွင်ပင်
ပျောက်သွားသည်။

ခဏအကြာတွင်သူတို့သည်
အာကာသအနက်ပိုင်းထဲသို့

ရောက်ရှိလာကြသည်။ သို့သော်
အာကာသက ထူးခြားနေသဖြင့်
ယန်ယဲ့သည်
မျက်နှောင်ကြုတ်နေသည်။

ဟင်းလင်းပြင်ပျက်သုဥ်းခြင်း
ကောရာဇ်က ရုတ်တရက်
မေးသည်

“ဒါကအရမ်းထူးဆန်းနေလို့လား…
”

ယန်ယဲ့က ခေါင်းညိတ်ပြီး
“ဒီနေရာ”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က

“အာကာသအမျိုးအစား ဘယ်လောက်ရှိလဲဆိုတာ မင်းသိလား…”

ယန်ယဲ့က “အမျိုးအစားတွေ အများကြီးရှိတယ်”ဟုပြန်ဖြေသည်။

ဟင်းလင်းပြင်ပျက်သုည်းခြင်း ကေရာဇ်က “ဘာရှိသေးလဲ၊ ငါတို့နေထိုင်တဲ့ ကမ္ဘာကို သုံးဖက်မြင်အာကာသလို့ခေါ်တယ်။ အဲ့ဒါက ဘာလဲဆိုတာ မင်းသိလား…”

ယန်ယဲ့က ဘာပြောရမှန်းမသိပေ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း ကောရာဇ်က “မင်းမသိဘူးဆိုတာ သေချာတယ်။ မင်းက အဲ့ဒီအဆင့်ကိုမရောက်သေးဘူး”

ယန်ယဲ့က ရိုသေစွာ ဦးညွှတ်ကာ "အကြီးအကဲ၊ ငါ့ကို အလင်းပေးပါဦး"

မသိပါက သင်ယူနိုင်၏။ သူ့ရှေ့ရှိလူက ဤလောက၏ ထိပ်တန်းစွမ်းအားရှင်များထဲမှ တစ်ဦးဖြစ်သည်။ ထို့ကြောင့်

သဘာဝအတိုင်းအခွင့်အရေးကို
လက်လွှတ်မခံနိုင်ပေ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က
ခဏလောက်စဉ်းစားပြီး
ပြောလိုက်သည်
“အခုလောလောဆယ်မှာ

သိထားတဲ့

အာကာသတွေအများကြီးရှိပေမဲ့

ငါတို့နဲ့ နီးစပ်တဲ့ အာကာသက

နှစ်ခုပဲရှိတယ်။ ပထမတစ်ခုက

ငါတို့နေထိုင်တဲ့ကမ္ဘာက

သုံးဖက်မြင်အာကာသ”

ယန်ယဲ့က "ဒုတိယအချက်ကရော ဘယ်လိုလဲ..."

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း ကေရာဇ်ကပြုံးပြီး "လေးဖက်မြင်အာကာသ(လေးဖက်မြင်စကြဝဠာ)"

“လေးဖက်မြင်အာကာသ... ”

ယန်ယဲ့က အနည်းငယ်
မျက်မှောင်ကြုတ်ကာ
“အဲ့ဒါဘာလဲ...”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က “အဲ့ဒါကို ငါတို့က

ကံတရားလို့ခေါ်တယ်။ အဲ့ဒီ
အာကာသထဲမှာရှိတဲ့
သက်ရှိသတ္တဝါတွေက
ငါတို့သိတဲ့အတိုင်းအတာထက်ကို
ကျော်လွန်နေလို့ သူတို့က
ကံကြမ္မာဖြစ်တယ်။ မင်းက
အားနည်းသေးလို့
အခုနားမလည်နိုင်သေးဘူး။ မင်းရဲ့
ခွန်အားနဲ့

စိတ်ဝိညာဉ်အခြေအနေက
သုံးဘက်မြင်အာကာသရဲ့
အထွတ်အထိပ်မှာ
မဟုတ်သေးဘူး။ အဲ့ဒါတွေ
အထွတ်အထိပ်ကို ရောက်တာနဲ့
လေးဖက်မြင်အာကာသ
ကံကြမ္မာရဲ့တည်ရှိမှုကို
မင်းသိလာလိမ့်မယ်”

ယန်ယဲ့က လေးနက်စွာပြောသည်
"အကြီးအကဲ နည်းနည်းတော့
ရှုပ်သွားသလိုပဲ"

ဟင်းလင်းပြင်ပျက်သုဥ်းခြင်း
ကေရာဇ်က လျစ်လျူရှုကာ
"ဒါကဖြစ်သင့်ပါတယ်။ မင်းနဲ့

အလှမ်းဝေးနေသေးတယ်။
ဒါကြောင့် ဖြည်းဖြည်းချင်းလုပ်ပါ"

ယန်ယဲ့က "ဒါပေမဲ့ တစ်ခုခုတော့
ငါကို ပဟေဠိ ဖြစ်နေတုန်း။
မင်းပြောတဲ့ အတိုင်း ကံတရားက
လေးဖက်မြင်အာကာသထဲမှာရှိတ
ယ်။ ဒါပေမဲ့ အဲ့ဒါက ငါတို့နဲ့

ဘာမှမဆိုင်ဘူး။ သူတို့က
လေးဖက်မြင်အာကာသထဲမှာရှိ
နေတော့ ကိုယ့်ကိစ္စကိုယ်ပဲ
အာရုံစိုက်ထားတာမဟုတ်ဘူး
လား…”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က ယန်ယွဲ့ကို

စိုက်ကြည့်ကာ
“မင်းကလူမိုက်လား…။
အပင်တွေနဲ့ သက်ရှိသတ္တဝါလိုမျိုး
ပုရွက်ဆိတ်တွေက
တစ်ဖက်မြင်အာကာသနဲ့
နှစ်ဖက်မြင်အာကာသထဲမှာ
နေထိုင်တာကို သိလား…။
တစ်ခုလောက်မေးပါရစေ၊
သူတို့က ကိုယ့်ကံကြမ္မာကို

ဆုံးဖြတ်ပေးနိုင်လား..။

မြက်ပင်ကိုမတော်တဆ

ဒါမှမဟုတ်

ပုရွက်ဆိတ်တစ်ကောင်ကို

မတော်တဆ နင်းမိတာလိုမျိုး

လူတစ်ယောက်ရဲ့

အမှားနည်းနည်းလေးက

တစ်ခါတည်း

အသက်သေသွားစေနိုင်တယ်။

နားလည်လား…”

ယန်ယဲ့သည် အနည်းငယ်

နားလည်သွားသလိုပင်။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၈ -

ယန်ယဲ့သည် ဤစကားကို ကြားလိုက်သောအခါတစ်စုံတစ်ခုကို နားလည်သွားသည်။

လေးဖက်မြင်စကြဝဠာမှ

သက်ရှိသတ္တဝါများကို

သုံးဖက်မြင်စကြဝဠာ၏

ကံကြမ္မာဟု ခေါ်သည်လား။

ဆိုလိုသည်မှာ

လေးဖက်မြင်အာကာသဟာ

သုံးဖက်မြင်အာကာသထဲရှိ

သက်ရှိသတ္တဝါများ၏
ကံကြမ္မာကို
ခြယ်လှယ်နိုင်သောကြောင့်ဖြစ်သ
ည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်လို စွမ်းအားရှင်များသည်
အခြားသူများအား အုပ်စိုးရန်

သို့မဟုတ်
အညံ့ခံလိုစိတ်ရှိပါမည်လော။

အနည်းငယ် ရိုးရိုးရှင်းရှင်း
ပြောရမည်ဆိုလျှင်
အားနည်းသူများအပေါ်တွင်
ဖိနှိပ်တက်သော

သက်ရှိသတ္တဝါများ၏
သဘာဝဖြစ်သည်။

ဤလောကရှိ ပုရွက်ဆိတ်နှင့်
အပင်များကို သနားကြင်နာသည့်
လူသား အနည်းငယ်သို့ပင်။
ထူးဆန်းသည့်အရာအဖြစ်
ပုရွက်ဆိတ်တစ်ကောင်ကို

နင်းမိသည့်အဖြစ်ကို
သတိထားမိနိုင်မလား။

မဖြစ်နိုင်။

ထိုသို့ဆိုလျှင်
လေးဖက်မြင်စကြဝဠာ၏
ကံကြမ္မာက

လူသားတစ်ယောက်ကို
သတ်မိလိုက်ရုံဖြင့်
ဝမ်းနည်းနေမည်လား
ဂရုစိုက်နေမည်လား...။

တစ်စုံတစ်ယောက်က
ချုပ်ကိုင်ရန် ဆန္ဒရှိသလား...။

ယန်ယဲ့သည် ခေါင်းယမ်းပြီး
သူ့အတွေးကို ထိန်းလိုက်သည်။
ထိုကံကြမ္မာဟုခေါ်သော
ကံတရားကို သိဖို့က  သူ့အတွက်
ဝေးကွာလွန်းလှသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က စကားကို

အလွန်အကျုံမပြောဘဲ
ယန်ယဲ့အား အထက်သို့
ခေါ်လာလိုက်သည်။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
“အကြီးအကဲ ဒါက

ဘယ်လိုနေရာမျိုးလဲ…”

ဟုမေးလိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်က

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

အာကာသ”

"ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
နယ်မြေ"

ယန်ယဲ့က သူ့ကိုကြည့်လိုက်ရာ
"မမေးနဲ့ မင်းဘယ်လိုမှ
နားလည်ဦးမှာမဟုတ်ဘူး"

သူ ထိုစကားပြောပြီးသည်နှင့်

ထိုနေရာမှ ပြင်းထန်သော

အရှိန်အဝါ

တစ်ခုထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ

သူတို့နှစ်ယောက်စလုံးရပ်နေသည့်

နေရာသည် တုန်ခါသွားပြီး

သိပ်မကြာလိုက်ဘဲ အနက်ရောင်

လျှပ်စီးကြောင်းများ

မှိတ်တုတ်မှိတ်တုတ်
ဖြာထွက်လာသည်။

ယန်ယဲ့က “အဲ့ဒါကဘာလဲ…”

အနက်ရောင်လျှပ်စီးကြောင်းကိုမြ
င်လိုက်ချိန်တွင် သူ၏နှလုံးသား

တုန်လှုပ်သွားသလို
ခံစားလိုက်ရသည်။

အန္တရာယ်။

သူ့အနေဖြင့် ကြောက်မက်ဖွယ်
အန္တရာယ်ကို ပထမဆုံးအကြိမ်
ခံစားမိလိုက်တာပါ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်ကပြုံးပြီး
“ဒါကဘာလဲဆိုတာ မင်းသိလား...”

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်က

“အမှောင်နတ်ဘုရားလျှပ်စီးကြော

င်း။ ပျက်ပြယ်တာကို

ချေဖျက်နိုင်တဲ့

နတ်လျှပ်စီးကြောင်းအမျိုးအစား။

ဒါက သာမန်

နတ်လျှပ်စီးကြောင်းတစ်ခုလိုပဲ”

“သာမန်
နတ်လျှပ်စီးကြောင်းတစ်ခုလား…”

“အမှောင်နတ်ဘုရားလျှပ်စီးကြော
င်း တစ်ခုဖြစ်ဖို့အတွက်
သက်တမ်းက နှစ်ပေါင်း
(၁၀၀,၀၀၀)

သိန်းလောက်ကြာတယ်။

ဒီလျှပ်စီးကြောင်းတွေက

ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်နယ်မြေအပေါ်

ကျရောက်ခဲ့မယ်ဆိုရင်

တစ်မျိုးနွယ်လုံး အဖျက်ဆီး

ခံရနိုင်တယ်”

ယန်ယဲ့က သိချင်စိတ်
ပြင်းပြစွာမေးလိုက်သည်
“အကြီးအကဲ၊ မင်းငါ့ခန္ဓာကိုယ်ကို
ဒီလျှပ်စီးကြောင်းတွေကြားမှာ
လေ့ကျင့်ခိုင်းဖို့တော့မဟုတ်လော
က်ပါဘူးနော်
...ဟုတ်တယ်မလား...”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က ယန်ယွဲ့ကို
စိုက်ကြည့်ကာ
“မင်းဘယ်လိုထင်လဲ...”

ယန်ယွဲ့က
ခါးသက်သက်ရယ်မောလိုက်ပြီး“
အကြီးအကဲ

ငါ့ကိုသတ်ဖို့ကြိုးစားနေတာလား...
”

“မင်းကိုသတ်မယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က
“ဒီလောက်ဒုက္ခရောက်မယ်

ထင်လား...။ မင်းကို

ငါ့လက်ဝါးတစ်ချက်

ရိုက်ရုံလေးဖြင့်

သတ်ပစ်နိုင်တယ်။

ဒီလျှပ်စီးကြောင်းက

အားကောင်းပြီး

အန္တရာယ်လည်းများတယ်။

သဘောထားကြီးကြီးနဲ့ ပြောရရင်

ရလဒ်မဲ့ အကျိုးရလဒ်ကို

မင်းတောင် ယုံနိုင်မှာမဟုတ်ဘူး။ ဒါဟာ မင်း သတ္တိရှိ မရှိအပေါ်မှာ မူတည်ပါတယ်”

ယန်ယဲ့က “အကြီးအကဲ ဒီလျှပ်စီးကြောင်းရဲ့အစွမ်းက ငါ့ခန္ဓာကိုယ်တွေရဲ့ ကန့်သတ်ချက်တွေကိုကျော်လွန်

သွားပြီ။ ငါ့ကို
လှေကျင့်နိုင်အောင်ပြောမနေနဲ့
ငါအဲ့ဒီအထဲကို ဝင်သွားရင်
တစ်စစီ ချေမှုန်းခံရနိုင်တယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က “မင်း မစမ်းကြည့်ဘဲနဲ့

ဘယ်လိုလုပ်သိနိုင်မှာလဲ...”
ပြန်ပြောသည်။

ယန်ယဲ့က
ဘာပြောရမှန်းမသိတော့ပေ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က လျစ်လျူရှုကာ

“မင်းလုပ်မယ်မလုပ်ဘူးဆိုတာ ဆုံးဖြတ်ပါ”

ယန်ယွဲ့သည် အကြာကြီး ငြိမ်သက်သွားပြီး “ကောင်းပြီ ငါလုပ်မယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်ပြောခဲ့သည့်အတိုင်း
သူ့ကို သတ်ချင်နေပါက ဤကဲ့သို့
နည်းလမ်းသုံးစရာမလိုအပ်ပါ။
ဤသည်က
နတ်လျှပ်စီးကြောင်းလေးမျှသာ
ကြောက်စရာဘာမှမလိုပေ။

ယန်ယဲ့သည် လျှပ်စီးကြောင်းကို
မော့ကြည့်လိုက်သည်။
သူတို့ဝင်သွားခါနီးတွင် နံဘေးမှ
ဝမ်အရှူးမလေးပေါ်လာသည်။
ထို့နောက် လျှပ်စီးကြောင်းကို
လှမ်းကြည့်ပြီး
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်အား စိုက်ကြည့်ကာ

“ဦးလေး ငါလည်း အဲ့ဒီအထဲ
ဝင်လို့ရမလား...”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က သူမကိုစိုက်ကြည့်ကာ
“ကောင်းပြီ မင်းဝင်ချင်လဲ
ဝင်သွားလိုက်”

ဝမ်အရှုးမလေးက

ခေါင်းညိတ်ပြပြီး

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“အစ်ကိုကြီးယန်

ငါအရင်စမ်းကြည့်မယ်။ ငါ့ကို

ဒီမှာစောင့်နေ”

စကားပြောပြီးနောက်

ဝမ်အရှုးမလေးက

ခြေတစ်ချက်ဆောင့်ပြီး လေထဲသို့

ခုန်တက်လိုက်သည်။ ဤအချိန်မှာ

လျှပ်စီးကြောင်းတစ်ခု

ဆင်းသက်လာပြီး သူမကို

ထိမှန်သွားသည်။

“ဘုန်း…”

မရေမတွက်နိုင်သော မီးပွားများ
ပျံ့နှံ့သွားသည်။
ဝမ်အရူးမလေးက ယန်ယွဲ့နှင့်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်တို့အကြား
ပြန်လွင့်သွားသည်။

လျှပ်စီးကြောင်းဖိအားကြောင့်
သူမ၏မျက်နှာလေးက
ဖြူဖျော့နေပြီး တစ်ကိုယ်လုံးပင်
တုန်ယင်နေသည်။

ယန်ယဲ့က ချက်ချင်း
တွေးမိလိုက်သည်။ သူ့ရှေ့ကို
ဆက်တက်မသွားချင်ပေ။

ဝမ်အရှုးမလေး၏ ခန္ဓာကိုယ်က
အထွတ်အမြတ်နတ်ရတနာများကို
ပင် ခုခံနိုင်သည့်အရာပင်။

ယခုတော့

အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းက သူမကို ဖိနှိပ်နိုင်သည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက
အချိန်အတော်ကြာ
အသက်ရှူကြပ်သွားပုံဖြင့်
"အရမ်းကောင်းတာပဲ"

ယန်ယဲ့က အံ့သြသွားပြီး
ဘာပြောရမှန်းမသိတော့ပေ။

ထိုနောက်တွင်တော့

သူ့အကြည့်အောက်မှာပဲ

ဝမ်အရှုးမလေးက

အမှောင်နတ်ဘုရားလျှပ်စီးကြော

င်းများအောက်သို့ ထပ်ပြီး

ပြေးဝင်သွားပြန်သည်။

နောက်ထပ်

လျှပ်စီးကြောင်းတစ်ခုက

သူမကိုထိမှန်ပြီး

လွင့်ထွက်လာပြန်သည်။

ဝမ်အရှူးမလေး၏တစ်ကိုယ်လုံး

တုန်တုန်ယင်ယင်ဖြစ်နေသည်။

သို့သော်လည်း

ယန်ယွဲ့သတိထားမိတာက

သူမ၏မျက်နှာလေးက
စိတ်လှုပ်ရှားမှုအပြည့်ပါ။

“စိတ်လှုပ်ရှားနေတာလား…။
သူမက ကိုယ့်ကိုယ်ကို
အရိုက်ခံရတာကို
သဘောကျတာလား…”

သို့သော် ဝမ်အရူးမလေးက
နောက်တစ်ကြိမ်
ခုန်ဝင်လိုက်ပါသည်။

ယန်ယဲ့က
ဟင်းလင်းပြင်ပျက်သုဥ်းခြင်း
ကေရာဇ်ကို စူးစိုက်ကြည့်ကာ

“အကြီးအကဲ
မင်းသူ့အကြောင်းကိုသိလား...”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က “ငါသိတယ် ဒါပေမဲ့
မင်းကိုငါမပြောဘူး”

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

“ဘာဖြစ်လို့လဲ…”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က

“ငါမင်းတွေးနေရတာကို

သဘောကျလို့ပဲ
အဆင်ပြေလား…”

ယန်ယဲ့က
ဘာပြောရမှန်းမသိတော့ပေ။

ဤအတောအတွင်း
ဝမ်အရှူးမလေးက အကြိမ်ကြိမ်

လွင့်ထွက်လာသော်လည်း

ထပ်ထပ်ပြီး ခုန်ဝင်သွားသည်။

သူမ၏ပုံစံက

အတော်လေးကြောက်စရာကော

င်းသည့်ပုံစံမှာ ရှိနေသည်။

အရေပြားကွဲထွက်သွားပြီး

တစ်ကိုယ်လုံးသွေးများ

စီးကျနေကာ အကြေးခွံများပင်

အက်ကွဲလာပါသည်။ သို့သော်

ဝမ်အရူးမလေး၏ပုံစံက
ပို၍ပင်စိတ်လှုပ်ရှားလာပုံရသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က ရုတ်တရက်
မေးလိုက်သည်
“ဘာလို့လဲသိလား…”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်က “ဒီလျှပ်စီးကြောင်းနဲ့

ပတ်သက်ပြီး

ထူးခြားချက်တစ်ခုရှိတယ်။

အဲ့ဒါက ဒီလျှပ်စီးကြောင်းမှာ

အတော်လေး သန့်စင်တဲ့

အနှစ်သာရပါတယ်။ သူမကို

တစ်ချက်ရိုက်လိုက်တိုင်း

အဲ့ဒီအနှစ်သာရရဲ့

အစိတ်အပိုင်းတစ်ခုက သူမရဲ့

ခန္ဓာကိုယ်ထဲကို စီးဝင်လာတယ်။

ရိုးရိုးရှင်းရှင်းပြောရလျှင်

အဲ့ဒီအနှစ်သာရကို

သူမစုပ်ယူနိုင်လေလေ။

ခုခံအားက ကြီးမားလာလေလေ။

အနှစ်သာရက မင်းရဲ့

ခန္ဓာကိုယ်ထဲကိုရောက်သွားတာနဲ့

အဲ့ဒါက အရေပြားအရိုးတွေနဲ့

ခန္ဓာကိုယ် သွေးကြောတွေကို

အားကောင်းလာစေလိမ့်မယ်။

နားလည်လား…”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

"ကောင်းပြီ။ ငါလည်း

အခုလုပ်တော့မယ်"

ထိုနောက် အသက်ပြင်းပြင်းရှူပြီး

လေထဲသို့ ခုန်တက်လိုက်သည်။

သိပ်မကြာလိုက်ပေ၊

လျှပ်စီးကြောင်းတစ်ခုဆင်းသက်
လာပြီး ထိမှန်လာသည်။

နတ်လျှပ်စီးကြောင်းဆင်းသက်
လာသည်ကို ကြည့်ရင်း
ယန်ယဲ့က ဦးရေပြား
ထုံကျဉ်သွားသလို
ခံစားလိုက်ရသည်။ သို့သော်လည်း

သူ့ကိုယ်သူ အံကြိတ်ကာ
ထိမှန်ခွင့်ပြုလိုက်သည်။

"အုန်း…"

ယန်ယဲ့သည် အမြင့်မှ
ပြုတ်ကျလာသည်။

သူက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်ရှေ့ရှိ

အာကာသပြင်အပေါ်ထိ

လွင့်ကျလာကာ  တစ်ကိုယ်လုံး

ပြင်းထန်စွာ တုန်လှုပ်နေခဲ့သည်။

တစ်ကိုယ်လုံးမည်းနက်နေကာ

အရေပြားများပင်

ကွဲအက်သွားသည်။

သွေးကျ ဒလဟော

စီးကျနေသည့် ဒဏ်ရာက

အတော်လေးပြင်းထန်ပုံရ၏။

လျှပ်စီးကြောင်းတစ်ချက်က

သူ့ခန္ဓာကိုယ်ကို

အက်ကွဲသွားစေပြီး

တစ်ကိုယ်လုံးလည်း
ထုံကျဉ်သွားစေသည်။

“နာကျင်တယ်”

ယန်ယဲ့က ကောင်းကောင်းကြီး
ခံစားမိလိုက်သည်။ အတိတ်က
အကြိမ်ကြိမ်

မိုးကြိုးအပစ်ခံရဖူးသော်လည်း
လက်ရှိမှာ မတူပေ။

နာကျင်မှုသည်
နာကျင်ကိုက်ခဲမှုပုံစံတစ်ခုဖြင့်လာ
ခဲ့သည်။ ၎င်းသည် သူ့ခန္ဓာကိုယ်၏
စိတ်ပိုင်းအချို့ကို
ရိုက်ခတ်ရုံသာမကဘဲ

တစ်ကိုယ်လုံးရိုက်ခတ်နေပုံရသ
ည်။ ကံကောင်းထောက်မစွာ
သူမှာမူလခရမ်းရောင်စွမ်းအင်ရှိ
နေသောကြောင့်
သူ၏ခန္ဓာကိုယ်က တဖြည်းဖြည်း
သက်သာလာသည်။
တစ်နာရီလောက်အကြာတွင်
တော့ ယန်ယဲ့က

မတ်တတ်ထရပ်ပြီး

ထပ်မံခုန်ဝင်လိုက်သည်။

ဤအချိန်တွင်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်သည် ယန်ယဲ့နှင့်

ဝမ်အရှူးမလေးကို

စိုက်ကြည့်ပြီးနောက် နေရာမှာပင်

ပျောက်ကွယ်သွားသည်။

ခဏအကြာတွင် သူက

မြောက်ပိုင်းစားဂိုဏ်းအောက်ရှိ

မြေအောက်ခန်းမထဲ၌

ပေါ်လာသည်။

ချန်းရှမ်နန်က

သူ့ရှေ့တွင်ရပ်နေသည်။

ချန်းရှမ်နန်က ရုတ်တရက်
“မင်းသူ့ကိုတော်တော်များများ
ပြောလိုက်တာပဲ”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က “သူက
အနေးနဲ့အမြန်ဆို

ထိတွေ့လာလိမ့်မယ်။

နည်းနည်းလေး

ပြင်ဆင်ထားခွင့်ရတာ

သူ့အတွက်မဆိုးပါဘူး”

ချန်းရှမ်နန်က ခေါင်းညိတ်ပြီး

“မင်းတစ်ခုခုလိုသေးလား…”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း ကေရာဇ်က "တစ်ခုခုတော့ ရှိတယ်" ဟုပြန်ဖြေသည်။

ချန်းရှူမ်နန်က "ဆက်ပြော..."

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း ကေရာဇ်က အနားသို့

လျှောက်လာသည်။ သူက

"ရှေးခေတ်မှာ

အခုလက်ရှိသိုင်းတာအိုထက်

အများကြီး

အားကောင်းနေတာမဟုတ်လား...

"

ချန်းရှမ်နန်က ခေါင်းညိတ်သည်
"ခြုံငုံကြည့်ရင်
ပိုအားကောင်းတယ်"

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က "ဘာကြောင့်
ပျောက်ကွယ်သွားရတာလဲ..."

ချန်းရွှမ်နန်က ခေါင်းခါလိုက်သည်

“စစ်ပွဲလိုမျိုး

အကြောင်းပြချက်တွေအများကြီး

ရှိတယ်။ စစ်ပွဲအကြားမှာ

ယဉ်ကျေးမှုတွေ အများကြီး

ခေတ်တွေအများကြီးပျောက်ကွ

ယ်သွားတယ်။

ငါတို့ခေတ်မတိုင်မီက ပိုပြီး

ရှေးကျတဲ့ ခေတ်တွေရှိခဲ့တယ်။

ဒါပေမဲ့ ပျောက်ကွယ်သွားတာပဲ။
ဒီအခိုက်အတန့်လိုပဲ မင်းရဲ့
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်က ထာဝရနိုင်ငံတော်ကို
သေတဲ့အထိ
တိုက်ခိုက်တော့မယ်။ အခုကစလို့
နောင်နှစ်ပေါင်း
ထောင်ချီကြာတဲ့အခါ
မင်းတို့ခေတ်က အင်အားစုတွေကို

ဘယ်သူမှ
မှတ်မိတော့မှာမဟုတ်ဘူး”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကေရာဇ်က ပြုံးပြီး
“တကယ်တော့ စစ်ပွဲဆိုတာ
အဓိကတရားခံပဲ။ ဒါပေမဲ့

အခြေအနေအများစုမှာ စစ်ပွဲက
ရှောင်လွှဲလို့မရဘူး”

ချန်းရွှမ်နန်က
“ထာဝရနိုင်ငံတော်က
မင်းထက်အားမနည်းတဲ့
အရှိန်အဝါကို ငါခံစားမိတယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်က “ဒီမှာ

အရာအားလုံးက မကြာခင်က

ပြီးသွားလိမ့်မယ်။

ငါဒီကိုလာခဲ့တာ

တကယ်သန်မာလားဆိုတာ

မေးဖို့”

ချန်းရွှမ်နန်က “သန်မာလား

မဟုတ်ဘူး ၊

မင်းသွားရမှာဟုတ်တယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က

တဟားဟားရယ်မောလိုက်သည်။

သူ့ရယ်သံက

မြောက်ပိုင်းဓားဂိုဏ်း

မြေအောက်ခန်းမတစ်ခုလုံးအား

တစ်ဟုန်ထိုး

မြည်ဟည်းသွားလေသည်။

ခဏအကြာတွင်

ပြန်ထွက်သွားသည်။

ချန်းရှမ်နန်တစ်ဦးတည်းသာ
ဤနေရာမှာ ကျန်ခဲ့သည်။
ခန်းမထဲတွင် အကြာကြီး
တိတ်ဆိတ်ငြိမ်သက်သွားသည်။
ခဏအကြာမှ

“သက်ရှိသတ္တဝါ အားလုံးက
ပုရွက်ဆိတ်တွေ”
ဟူသောအသံထွက်လာသည်။

အမှောင်နတ်ဘုရားလျှပ်စီးနယ်
မြေတွင် ယန်ယွဲ့နှင့်
ဝမ်အရှူးမလေးတို့က

လျှပ်စီးကြောင်းများဖြင့်

လှေ့ကျင့်နေဆဲဖြစ်သည်။

ဝမ်အရှုံးမလေးက

အခြေအနေပိုကောင်းလာပါသည်

။

အမှောင်နတ်ဘုရားလျှပ်စီးကြော

င်းက

အကြိမ်ကြိမ်ရိုက်ခတ်နေသောလ

ည်း သူမ၏ ခန္ဓာကိုယ်က

သက်ရောက်မှုကို

ခံနိုင်နေပြီးဖြစ်သည်။

သို့သော် ယန်ယဲ့ကတော့မတူပေ။

သိပ်ပြီး မခုခံနိုင်သေးပါ။

လျှပ်စီးကြောင်းတစ်ခုချင်းစီတိုင်း

က သူ၏ အရေပြားနှင့်
အသားများကို
ပွင့်ထွက်သွားစေသည်။

နောက်တစ်ကြိမ်မလေ့ကျင့်ခင်
အကြိမ်အတော်ကြာ
အနားယူခဲ့ရသည်။ သို့သော်
အလုပ်ဖြစ်ခဲ့သည်။

သူ့ခန္ဓာကိုယ်ထဲကို တစ်စုံတစ်ခု စီးဝင်လာကြောင်း ခံစားမိသည်။ တဖြည်းဖြည်းနှင့် သူ၏ ခန္ဓာကိုယ်က အမှောင်နတ်ဘုရားလျှပ်စီးကြောင်းကို ခံနိုင်ရည်ရှိနေပြီးဟု ခံစားမိလာသည်။

ထိုကဲ့သို့ပင် နှစ်ယောက်စလုံးက လျှပ်စီးကြောင်းများဖြင့် ဆက်ပြီး အရိုက်အနှက်ခံနေခဲ့သည်။

မူလစေတီထဲတွင် နတ်ဆိုးအများအပြားက ဤမြင်ကွင်းကိုကြည့်ပြီး သဘောကျနေကြသည်။

နောက်ဆုံးတွင်
နတ်ဆိုးလေးတစ်ဖြစ်လည်း
ဝမ်အရှုးမလေးက
ထိုက်သင့်သည့်အပြစ်ဒဏ်
ခံနေရသည် မဟုတ်ပါလား...။

ဝမ်အရှုးမလေးက သူတို့အတွက်
အမကြီးတစ်ယောက်လိုဖြစ်သော်

လည်း အများစုကတော့

နတ်ဆိုးအဖြစ်ခံခဲ့သည်။ သို့သော်

ဝမ်အရှူးမလေးက

မူလစေတီထဲကနေ ရုတ်တရက်

ထွက်ခွာပြီး ကောင်းကင်ဘုံမှာ

နေမည့်အစား ငရဲသို့

ဆင်းသွားသဖြင့် သူတို့

ဝမ်းသာနေကြသည်။

သို့သော် သူတို့၏ပျော်ရွှင်မှုက
သိပ်ပြီးကြာရှည်မခံပေ။
ဒဏ်ရာရနေသော
ဝမ်အရှူးမလေးကို
မြင်လိုက်သောအခါ
နတ်ဆိုးများအားလုံး

ဆိုးရွားသောခံစားချက်ကို
ခံစားလိုက်ရသည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက
အထဲကို ဝင်လာသည်။
“နင်တို့အားလုံး
ငါ့နောက်လိုက်ခဲ့”ဟု
ပြောလိုက်သည်။

အားလုံးနှုတ်ဆိတ်နေကြသည်။
သူတို့နှုတ်ဆိတ်နေသည်ကို
မြင်သောအခါ ဝမ်အရှုးမလေးက
အေးစက်စက်ပြောလိုက်သည်။

“ဘာလဲ နင်တို့ထဲက
တစ်ယောက်ယောက်က

ငါ့ထက်သန်မာလို့

လေ့ကျင့်ဖို့မလိုဘူးလား...

ဟုတ်တယ်မလား...”

အားလုံးက

ခေါင်းယမ်းလိုက်ကြသည်။

ဝမ်အရူးမလေးက “နင်တို့

ငါ့ထက်ပိုမသန်မာတဲ့အတွက်

ငါနဲ့လိုက်ခဲ့ပါ။

ကန့်ကွက်စရာမရှိဘူးမလား…”

ဤအချိန်တွင် သူမက

မူလနဂါးကိုစိုက်ကြည့်ရင်း

“မင်းမှာ
ကန့်ကွက်စရာရှိသလား…”

မူလနဂါးက
ခေါင်းယမ်းပြလိုက်သည်။

ဝမ်အရူးမလေးက
နွားနတ်ဆိုးကိုစိုက်ကြည့်ကာ
ချက်ချင်း ခေါင်းယမ်းပြသည်။

ထိုနောက် ဘေးနားရှိ
မူလတော်ဝင်မိကျောင်းကို
စိုက်ကြည့်နေသည်။ သို့သော်
မိကျောင်းက

ခဏမျှတုံ့ဆိုင်းသွားပြီးနောက်
ခေါင်းခါလိုက်သည်။ သူက
အခြေအနေကို တဖြည်းဖြည်း
သိလာပုံရ၏။

ဝမ်အရှုံးမလေးက
ကျေနပ်စွာခေါင်းညိတ်ကာ
“ကောင်းပြီ။ ဒါဆို

လျှပ်စီးကြောင်းတွေနဲ့
သွားကစားကြရအောင်”

စကားပြောပြီးနောက်
မူလစေတီထဲမှ
ထွက်ခွာသွားသည်။

ဝမ်အရှူးမလေးက လေထဲမှာ
ခဏကြာအောင်ရပ်နေရင်းဖြင့်
ညည်းညူလိုက်သည် “မိုးကြိုး
ပစ်ချလိုက်စမ်း။ နင်ငါ့ကို
ရိုက်လိုက်တာနဲ့ ငါနင့်ကို
ဝါးစားလိုက်မယ်။
အဲ့..ငါနင့်ကိုစားနိုင်ပါ့မလားလို့
တွေးမိတယ်။ ဟမ်၊
ငါအစ်ကိုကြီးယန်ကို

အရင်စမ်းကြည့်ခိုင်းလိုက်မယ်။
သူအောင်မြင်ရင်
ငါစားလိုက်မယ်"

Translated by NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ
(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၄၉ -

ဤအချိန်တွင် မူလစေတီထဲရှိ မူလနတ်ဆိုးအုပ်ကြီးအပြင်ထွက်လာကြသည်။
သိပ်မကြာလိုက်ပေ။ နာကျင်သောအော်ဟစ်သံ ညည်းညူသံများ

ပတ်ဝန်းကျင်
အနှံ့ဆက်တိုက်ဆိုသလို
ထွက်ပေါ်လာသည်။

သေတာထက် ပိုဆိုးသော
အော်သံများပင်။

မူလနတ်ဆိုးများ အဆက်မပြတ်
အော်ဟစ် ညည်းညူနေကြသည်။
ဤအချိန်တွင် နှင်းပွင့်လေးက
ဝါးသေတ္တာလွယ်ထားသောအဘိုး
ကြီးထံမှ ရရှိသော
ကမ္ဘာဦးသစ်စေ့ကို စိုက်ပျိုးနေ၏။

အသီးတစ်လုံးပဲရှိလို့

သူမကိုယ်တိုင်သာ

စားသောက်လိုက်သည်။

လူတိုင်းကို

ဘယ်လိုခွဲပေးရမှန်းမသိသဖြင့်

မပေးတော့ပေ။ နောက်ဆုံးတွင်

အနည်းငယ်ကိုက်လိုက်ရာ

ချိုမြနေသည်ကို

တွေ့လိုက်ရသည်။

“ကမ္ဘာဦးသစ်သီး” ကမ္ဘာကနေ

မွေးဖွားလာသော

သစ်သီးတစ်မျိုးပင်။ အမှန်တော့

အဘိုးကြီးက

ကမ္ဘာဦးသစ်ပင်တစ်ပင်

မွေးဖွားလာမည်ဟု

မျှော်လင့်ထားသောကြောင့်

နှင်းပွင့်အား

သစ်သီးပေးထားခဲ့ခြင်းဖြစ်သည်။

စစ်ပွဲများနှင့်အတူ

ရှေးဟောင်းခေတ်ဦးမှ

အရာများစွာ

ပျောက်ကွယ်သွားခဲ့ရသည်။

ဥပမာအားဖြင့် ဖရိုဖရဲသစ်ပင်နှင့်

ကမ္ဘာမြေမွေးဖွားခြင်းသစ်ပင်။

ရှေးခေတ် နတ်သစ်ပင်

နှစ်မျိုးစလုံးသည် လောကတွင်

အေးချမ်းစွာ

ရှင်သန်လာခဲ့ကြသည်။

သို့သော်လည်း စစ်ပွဲများ

ရောက်ရှိလာသည်နှင့် အမျ

သက်ရှိသတ္တဝါ အမျိုးမျိုးဟာ

လောကကို လုယက်လာကြသည်။

အဆုံးတွင်
ဤရှေးဟောင်းသစ်ပင်များ
တစ်ပင်ပြီးတစ်ပင်
ပျောက်ကွယ်သွားကြသည်။

သို့သော် နှင်းပွင့်လေးက
နောက်တစ်ကြိမ်
မွေးဖွားပေးနိုင်သည်။ ထို့ကြောင့်

ဝါးသေတ္တာလွယ်ထားသောအဘိုး
ကြီးက နှင်းပွင့်ကို ကမ္ဘာဦးသစ်သီး
ပေးထားခဲ့သည့်အပြင်
မူလစေတီအထဲရှိကမ္ဘာကိုပါ
အလယ်အလတ်အဆင့်ကမ္ဘာအဖြ
စ် မြှင့်တင်ပေးခဲ့သည်။

နှင်းပွင့်လေးက သစ်ပင်များကို

နေ့စဉ်နေ့တိုင်း ဝိညဉ်စွမ်းအင်ဖြင့်

အဆင့်မြှင့်တင်ပေးခဲ့သည်။

မှတ်သားထိုက်သည့်အချက်မှာ

နှင်းပွင့်လေးဆီမှာ ထာဝရစွမ်းအင်

ပြောင်းလဲသွားခြင်းပင်ဖြစ်သည်။

၎င်းသည် ပိုသိပ်သည်းလာပြီး

ယခင်ထက် ၁၀ဆ

ပိုများပြားလာသည်။

ယခုအခါ နှင်းပွင့်လေးက ထာဝရစွမ်းအင်အများအပြားကို အချိန်မရွေးထုတ်လွှတ်ပေးနိုင်သည်။ ခဏအကြာတွင် နှင်းပွင့်လေးက ဖရိုဖရဲသစ်ပင်နှစ်ပင်ရှေ့သို့ ရောက်ရှိလာသည်။

သူရောက်လာသည်ကို

သတိပြုမိပုံဖြင့် သစ်ပင်နှစ်ပင်က

တုန်လှုပ်သွားကြသည်။

ထိုနောက်တွင်တော့

သန့်စင်သောစွမ်းအင်မျက

နှင်းပွင့်လေးဆီကို

တုန့်ပြန်လာသည်။

နှင်းပွင့်လေးက

သူမ၏လက်သည်းများဖြင့်

စွမ်းအင်ဖြင့်ထိတွေ့ပြီးနောက်

သစ်ပင်အပေါ် ရှိ အသီးများကို

စိုက်ကြည့်နေသည်။

သစ်ပင်တစ်ပင်က အသီး ၅

လုံးစီရှိသည်။ စုစုပေါင်း အသီး

၁၀လုံးရှိသည်။

မူလစေတီထဲရှိ

နတ်ဆိုးများအားလုံးကို

ဝမ်အရူးမလေးက

လေ့ကျင့်ပေးနေသော်လည်း

အားလုံးက

အရင်းအမြစ်များလိုအပ်သည်။

ဖရိုဖရဲသစ်သီးက ၎င်းတို့အတွက်

အကောင်းဆုံးအရင်းအမြစ်များဖြစ်သည်။

ဖရိုဖရဲသစ်ပင်များကို ဝိညာဉ်စွမ်းအင်များ အဆက်မပြတ်ပို့လွှတ်ပေးပြီးနောက် နှင်းပွင့်လေးက

နောက်တစ်ကြိမ်
လှည့်ထွက်သွားသည်။

ကျင့်ကြံခြင်းအခန်း။

နှင်းပွင့်လေးက မြေပြင်ပေါ်တွင်
ထိုင်နေသည်။
နတ်ဘုရားရတနာအများအပြ

သူမ၏နံဘေးတွင်

လွင့်မျောနေ၏။

တရားစီရင်ရေးဓားနှင့်

မရဏနတ်ဆိုးအတောင်ပံများလ

ည်း ရှိနေသည်။ သို့ရာတွင်

သူတို့က အခြားသော

နတ်ဘုရားရတနာများနှင့်

ခပ်ခွာခွာ လွင့်မျောနေသည်။

နှင်းပွင့်လေးက အားလုံးကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
သူမ၏အကြည့်က
မူလစေတီအပေါ်သို့
ဆင်းသက်လာသည်။ ရွှေရောင်
တလက်လက်တောက်ပနေသော
စေတီငယ်လေးတစ်ဆူပင်။

ငှင်းက သူမအရင်းအနှီးဆုံး
မိတ်ဆွေများထဲမှ
တစ်ယောက်ဖြစ်ပုံရသည်။
မူလစေတီက သူမကို
အကောင်းဆုံး
ကာကွယ်စောင့်ရှောက်ပေးခဲ့သည်
မဟုတ်ပါလား...။ နှင်းပွင့်လေးက

ရွှေစေတီငယ်လေးကို

ပွေ့ဖက်လိုက်ပြီး အဆုံးမရှိသော

ဝိညာဉ်စွမ်းအင်နှင့်

ထာဝရစွမ်းအင်များ

စီးဝင်လာသည်။

ဤခဏအတွင်းမှာပင်

မူလစေတီအတွင်းရှိ

ကမ္ဘာတစ်ခုလုံး
တုန်လှုပ်သွားပါတော့သည်။

ခဏအကြာတွင် စုချင်ရှိဟာ
နှင်းပွင့်ကို
တားရန်ပြင်လိုက်သော်လည်း
ဓားစာလိပ်က မလုပ်ရန်

တားလိုက်သည်။ စုချင်ရှိက

ခါးစားလိပ်ကို စူးစိုက်ကြည့်သည်။

ခါးစားလိပ်က

တိုးတိုးလေးရှင်းပြသည်။

“မူလစေတီက

အဆင့်တက်လာတော့မယ်”

“အဆင့်တက်မယ်”

စုချင်ရှိက အံ့ဩသွားပုံရသည်။ မူလစေတီက နတ်ဘုရားရတနာဖြစ်သောကြောင့် အဆင့်မြင့်လာပါက အထွတ်အမြတ်အဆင့်နတ်ဘုရား

ရတနာအဖြစ်သို့
တက်လှမ်းသွားနိုင်မည်လော။

စုချင်ရှိက နှင်းပွင့်ကို
စိုက်ကြည့်နေသည်။
ဤအခိုက်အတန့်တွင်
ချစ်စရာအကောင်ငယ်လေးက
ဝိဉာဉ်စွမ်းအင်အများအပြားကို

မူလစေတီအား ပိုလွှတ်နေသည်။
မူလခရမ်းရောင်စွမ်းအင်အပြင်
ထာဝရစွမ်းအင်နှင့် အခြားသော
ဝိညဉ်စွမ်းအင်များပါ
ပိုလွှတ်ပေးနေ၏။
ထူးခြားဆန်းကြယ်သောစွမ်းအင်
က နှင်းပွင့်၏ သီးသန့်
ဝိညဉ်စွမ်းအင်ဖြစ်ပုံရသည်။

၎င်းက အလွန်သန့်စင်လှသော စွမ်းအင်ပုံစံဖြစ်သည်။

ဝိညာဉ်စွမ်းအင် အဆင့်မြှင့်တင်ခြင်း။

၎င်းက ဝိညာဉ်စွမ်းအင် အဆင့်မြှင့်တင်ရာတွင်

အသုံးပြုသော နှင်းပွင့်၏

ဝိညဉ်စွမ်းအင်ဖြစ်သည်။

ထိုကဲ့သို့ပင်

သူတို့နှစ်ယောက်၏အကြည့်အော

က်မှာပဲ မူလစေတီနှင့်

ကမ္ဘာငယ်လေးသည်

တုန်လှုပ်သွားကာ ၄င်းမှ

ဝိညဉ်စွမ်းအင်များအတော်လေး

ဖရိုဖရဲ ဖြစ်စပြုလာသည်။

အချိန်များ

တရွေ့ရွေ့ကုန်ဆုံးလာသည်။

ရုတ်ခြည်းဆိုသလိုပင်

မူလစေတီမှ ဖျိုးဖျိုးဖျတ်ဖျတ်

လက်နေသော

ခရမ်းရောင်အလင်းတန်းများ

ဖြာထွက်လာပြီးနောက်

အစွမ်းထက်အရှိန်အဝါများ
ပျံ့လွင့်ကာကမ္ဘာတစ်ခုလုံး
တုန်လှုပ်သွားစေသည်။

နှင်းပွင့်လေးက ပြုံးကာ
မူလစေတီကို ညင်သာစွာ
ပွတ်သပ်ပြီးနောက် မြေပြင်အပေါ်
လဲကျသွားသည်။

ဓားစာလိပ်နှင့် စုချင်ရှိတို့လည်း

ထိတ်လန့်သွားပြီး နှင်းပွင့်လေး

အနားကို

အမြန်ပြေးသွားကြသည်။

ဤအတောအတွင်း အခြားသော

နတ်ဘုရားရတနာများကလည်း

နှင်းပွင့်ကို
ဝိုင်းပတ်ကာပျံဝဲနေသည်။

စုချင်ရှိက အလျင်စလို
မေးလိုက်သည် “ဒါ သူမ သူမ
အဆင်ပြေရဲ့လား…”

ဓားစာလိပ်က

အချိန်အတော်ကြာတိတ်ဆိတ်နေ

ပြီးနောက် သိသိသာသာ

စိတ်အေးလက်အေးဖြစ်သွားပုံရ

သည်။

ထိုနောက် "သူမ

နည်းနည်းပင်းပန်းသွားတယ်။

အဆင်ပြေနေမှာပါ

အနားယူပြီးတာနဲ့ ပြန်ပြီး

အဆင်ပြေသွားလိမ့်မယ်”

စုချင်ရှိက သက်ပြင်းချပြီး

နှင်းပွင့်ကို ငုံ့ကြည့်ကာ

သူမ၏ရင်ခွင်ထဲ

ပွေ့ချီထားလိုက်သည်။

ဤအချိန်တွင် နှင်းပွင့်၏
ဝိုင်းစက်ပြီး ထွားကျိုင်းသော
မျက်နှာလေးက ပင်းပန်း
နွမ်းနယ်မှုများ ဖုံးလွှမ်းထားသည်။

ဤအချိန်မှာတော့ သူမလေးက
ဝိညာဉ်စွမ်းအင်များအကုန်အစင်
အသုံးပြုထားပုံရသည်။

စုချင်ရှိက “မူလစေတီ”

ဆားစာလိပ်က “ဒါက အထွတ်အမြတ်နတ်ဘုရားရတနာ မဟုတ်သေးဘူး။ အဲ့ဒါကို အထွတ်အမြတ်တစ်ပိုင်းအဆင့်န တ်ဘုရားရတနာလို့ပဲ

သတိမှတ်နိုင်သေးတယ်။
ဒါတောင်မှ သူ့ရဲ့
ဉာဏ်ရည်ဉာဏ်သွေးက
အတိုင်းအတာတစ်ခုအထိ
ရောက်နေပြီ။ ကိုယ်ပိုင်တာအိုကို
ပိုင်ဆိုင်ဖို့ လိုအပ်တယ်။ ဒါဆိုရင်
အထွတ်အမြတ်အဆင့်
နတ်ဘုရားရတနာ
ဖြစ်လာလိမ့်မယ်"

နှင်းပွင့်လေးက ဒီမူလစေတီကို
အထွတ်အမြတ်အဆင့်နတ်ဘုရား
ရတနာ ဖြစ်လာဖို့
လုပ်ပေးနေတာပါ။

မူလစေတီက အနည်းငယ်
တုန်လှုပ်သွားပြီး နှင်းပွင့်ဆီသို့

လွင့်မျောလာကာ ပါးပြင်များကို
အဆက်မပြတ်
ပွတ်သပ်လိုက်သည်။
သဘာဝအတိုင်းနှင်းပွင့်ကို
ကျေးဇူးတင်နေတာပါ။ ယနေ့
ၡင်းအဆင့်တက်ခြင်းက
ကံကြမ္မာကို
ပြောင်းလဲလိုက်ခြင်းနှင့်
ညီမျှသည်။ အတိတ်တွင်တော့

ကိုယ်ပိုင်တာအိုကို ဆုပ်ကိုင်ရန်
အခွင့်အရေးမရှိသော်လည်း
ယခုတွင်တော့ ရှိလာပါပြီး။
အထွတ်အမြတ်အဆင့်နတ်ဘုရား
ရတနာ ဖြစ်လိုပါက
ကိုယ်ပိုင်တာအိုကို
ပိုင်ဆိုင်နိုင်သည်။

နှင်းပွင့်က
လမ်းကြောင်းအသစ်တစ်ခုကို
ဖောက်ပေးခဲ့သည်။

အခြားသော
နတ်ဘုရားရတနာများက
တုန်လှုပ်သွားပြီး နှင်းပွင့်၏
ပတ်ပတ်လည်တွင်

လှည့်ပတ်နေသည်။ သူတို့က

တစ်ခုခုကို

သယ်ဆောင်နေသလိုပင်။

စားစာလိပ်က

“တေသူမရဲ့ခွန်အားတွေ

အများကြီး ကုန်ဆုံးသွားလို့

ဖြည်းဖြည်းချင်းပဲလုပ်ရတော့မယ်

။ ဘာပဲဖြစ်ဖြစ် နင်တို့အားလုံးမှာ အကုန်လုံး အခွင့်အရေးတွေ ရမှာပဲမဟုတ်လား…”

လေထဲရှိ ရတနာများက အသီးသီး ငြိမ်သက်သွားကြသည်။

သူတို့ကိုယ်သူတို့ တိုးတက်ဖို့
မျှော်လင့်နေသည့်တိုင်
နှင်းပွင့်လေးက
အရေးအကြီးဆုံးပါ။

ခါးစာလိပ်က စုချင်ရှိ၏
လက်နှစ်ဖက်အကြားတွင်
ဟောက်အိပ်နေသော

နှင်းပွင့်လေးကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ခေါင်းယမ်းပြီးပြုံးကာ
“ဘယ်လိုအကောင်လေးလဲ...”

ထိုနောက် မူလစေတီကို
စူးစိုက်ကြည့်ကာ “နှင့်မှာ
အရည်အချင်းအသစ်တွေ

သေချာပေါက်ရှိတယ်မဟုတ်လား.
..”

မူလစေတီက အနည်းငယ်
တုန်ခါသွားပြီးနောက်
ဓားစာလိပ်အထက်တွင်
ရွှေရောင်စေတီငယ်လေးတစ်ဆူ
ပေါ်လာသည်။

ရွှေစေတီလေးမှ

ရွှေရောင်အလင်းတန်းများ

ဖြာထွက်လာပြီး သူမကို

လွှမ်းခြုံထားသည်။

ချပ်ဝတ်တန်ဆာကဲ့သို့

လုံးလုံးလျားလျား ဖုံးအုပ်ထား၏။

ဓားစာလိပ်

တစ်ယောက်မျှသာမဟုတ်ပေ။

စုချင်ရှိနှင့်

အခြားသောနတ်ဘုရားရတနာများ

ပင် ပါဝင်သည်။ သူတို့အပေါ်တွင်

ရွှေရောင်စေတီငယ်တစ်ဆူရှိကာ

ရွှေရောင် အလင်းတန်းများဖြင့်

လွှမ်းခြုံထားသည်။

ဓားစာလိပ်က

သူ့မပတ်ပတ်လည်ရှိ ရွှေရောင်

အလင်းတန်းများကို ငုံ့ကြည့်ကာ

"ရှေးဟောင်းနတ်ဘုရားချပ်ဝတ်"

မူလစေတီအပြင်ဘက်။

မှုလနတ်ဆိုးအုပ်စုက

ဝမ်အရှုးမလေး၏ဦးဆောင်မှုဖြင့်

နတ်လျှပ်စီးကြောင်းများအောက်

တွင် အဆက်မပြတ်

လှေ့ကျင့်နေသည်။

အကြိမ်ကြိမ်လွင့်ထွက်နေသည်။

သို့သော်လည်း

မှုလနတ်ဆိုးအုပ်က အကြိမ်ကြိမ်

ပြေးဝင်နေကြသည်။

ထိုအတိုင်းပင် မူလနတ်ဆိုးများက အချိန်ကြာလာလေလေ ဝမ်အရူးမလေးကဲ့သို့ စိတ်လှုပ်ရှားလာလေလေဖြစ်သည်။

ယန်ယဲ့ကတော့ အနည်းငယ်

အခြေအနေ ဆိုးနေသေး၏။

နွားနတ်ဆိုး

အခြားမူလနတ်ဆိုးများနှင့်

နှိုင်းယှဉ်လျှင် သူ၏ခန္ဓာကိုယ်က

အတော်လေးနိမ့်ကျလှသည်။

အားလုံးက

မူလနတ်ဆိုးများဖြစ်ရာ

ပင်ကိုယ်အားဖြင့်

အားသာချက်တစ်ခုဖြစ်သည်။
ယန်ယဲ့ကတော့ သူ့ခန္ဓာကိုယ်
လူသားအများစုထက်သန်မာနေ
သည့်တိုင် မူလနတ်ဆိုးများနှင့်
ယှဉ်ပါက နိမ့်ကျပါသည်။
ထို့ကြောင့်
အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းဖြင့် ဒါဇင်အနည်းငယ်ရိုက်နှက်

အပြီးနောက်
ဆက်ပြီးတောင့်မခံနိုင်တော့ပါ။

ယန်ယဲ့သည် နေရာတွင်
မလှုပ်ရှားဘဲ ရိုက်ချလိုက်သည်။
သူ့ပတ်ပတ်လည်တွင်
လျှပ်စီးကြောင်းများ မှိန်ဖျော့ဖျော့
လက်နေသည်။ ဤအချိန်မှာ သူ၏

မူလခရမ်းရောင်စွမ်းအင်က
သူ၏ခန္ဓာကိုယ်ကို အဆက်မပြတ်
ပြုပြင်ပေးနေသည်။

တစ်နာရီအကြာတွင် ယန်ယဲ့သည်
ဝမ်အရှူးမလေးကို
မော့ကြည့်လိုက်သည်

“ဒီကလေးမလေး
ရှုးနေတာများလား…”

အမှောင်နှတ်ဘုရားလျှပ်စီးကြော
င်းက
အကြိမ်ကြိမ်ရိုက်ခတ်နေသည့်တို
င် ဝမ်အရှုးမလေးက လေထဲမှာ
လွင့်မျောနေသည်။ သို့သော်

သူမ၏ခန္ဓာကိုယ်က
အရာအားလုံးကို
ခံနိုင်ရည်ရှိပုံရ၏။

ယန်ယဲ့၏ မျက်နှာက
အံ့သြမှုအပြည့်ပါ။ ဤအချိန်မှာ
ဝမ်အရှူးမလေးက ရုတ်တရက်

အပေါ်ကို လက်သဖြင့်
လှမ်းထိုးလိုက်သည်။

“အုန်း...”

လက်သီးချက်က
အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းကို

အပိုင်းပိုင်းဆုတ်ဖြဲလိုက်သည်။

သို့သော်လည်း

ဝမ်အရှူးမလေးလည်း

လွင့်ထွက်လာသည်။

ခွန်အားက တန်းတူပင်။

ဝမ်အရှူးမလေးက

အာကာသထဲတွင်

လွင့်ထွက်လာသော်လည်း

ခြေတစ်ချက်ဆောင့်ကာ ပြန်ပြ

ခုန်တက်လိုက်သည်။

ဤအချိန်တွင်

သူမ၏ခန္ဓာကိုယ်တစ်လျှောက်

ကြည်လင်နေသော

အပြာရောင်အလင်းတန်းများ လင်းလက်နေခဲ့သည်။

အမှောင်နတ်ဘုရားလျှပ်စီးကြောင်း၏အနှစ်သာရ။

အားလုံးက အလင်း၏ အနှစ်သာရပင်။ အနှစ်သာရက

သူ့မ၏ခန္ဓာကိုယ်တွင်
အကြေးခွံများကို အဆက်မပြတ်
အားကောင်းလာစေခဲ့သည်။
တစ်နည်းအားဖြင့်
သူ့မ၏ခန္ဓာကိုယ်ရှိ ကြေးခွံများက
အသွင်ပြောင်းနေပါသည်။

ဝမ်အရှူးမလေးက ပြုံးပြီး

လျှပ်စီးကြောင်းကို

ထပ်ခါတလဲလဲ

တိုက်ခိုက်လိုက်သည်။

သို့သော်လည်း

လျှပ်စီးကြောင်းအနက်အပိုင်းထဲ

သို့ ဝင်မသွားဝံ့ပေ။

ထိုအနက်ပိုင်းက

အားကောင်းလွန်းလှသည်။

ထိုနေရာကို ဝင်သွားပါက

လူတိုင်းအသတ်ခံရနိုင်၏။

ထို့ကြောင့်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်က

လျှပ်စီးကြောင်းအနက်ပိုင်းထဲသို့

ဝင်မသွားရန်
သတိပေးထားခဲ့သည်။

မူလနတ်ဆိုးများက
အကြည့်ချင်းဖလှယ်ကာ
ဘာလုပ်ရမှန်းမသိ
ဖြစ်နေကြသည်။

ဒီအချိန်မှာ ယန်ယဲ့က

သူတို့ဆီရောက်လာပြီး “ဒါက

မင်းတို့ကိုယ်မင်းတို့ တိုးတက်ဖို့

အကောင်းဆုံးအခွင့်အရေးပဲ။

မင်းတို့က ဒါကို

ဆုပ်ကိုင်မထားရင်

ဝမ်အရှူးမလေးနဲ့

မင်းတို့အကြားက ကွာဟချက်က

ပိုကြီးမားလာလိမ့်မယ်။

ကြီးလာရင် သူမက
မင်းတို့အားလုံးကို ဆက်ပြီး
ရိုက်နှက်နေမှာမဟုတ်ဘူး။
ဘာလို့လဲဆိုတော့
မင်းတို့အားလုံးက အဲ့ဒါနဲ့
မထိုက်တန်တော့ဘူး”

ပြောပြီးနောက် ယန်ယဲ့က
ကောင်းကင်ကို
ခုန်တက်လိုက်သည်။

မူလနတ်ဆိုးအုပ်က
ခဏငြိမ်သက်သွားသည်။
ထိုနောက် မူလနဂါးက
အရင်ဦးဆုံး ခုန်ထွက်သွားသည်။

ထို့နောက်တွင်တော့
နွားနတ်ဆိုးနှင့်
မူလနတ်ဆိုးတစ်အုပ်လုံး
အသီးသီး ခုန်ထွက်သွားကြသည်။

အားလုံးက
မူလနတ်ဆိုးများဖြစ်သောကြောင့်
ဂုဏ်သိက္ခာရှိကြသည်။ သူတို့နှင့်

ဝမ်အရူးမလေးအကြား
ကွာဟချက်ပိုကြီးလာမှာကို
မလိုလားကြပေ။
ဤသို့ဖြင့်နေရက်များ
ကုန်ဆုံးလာသည်။

တစ်လကြာပြီးနောက်
ဝမ်အရူးမလေးက

အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းကို လုံးဝမကြောက်တော့ပေ။
ယခုအခါ
အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းအောက်တွင် ရပ်နေခဲ့သည်။
သူမကို အကြိမ်ကြိမ်
ရိုက်ခတ်သည့်တိုင်
ထိခိုက်မှုမရှိပေ။
တစ်ချိန်တည်းမှာပဲ ပါးစပ်ကို

ဟပြီး နှတ်လျှပ်စီးကြောင်းကိုပင်

ဝါးမျိုနေသည်။ သို့သော်

အရသာသိပ်မကောင်းလှပေ။

သူတို့က သူမ၏ပါးစပ်ထဲ၌

ဆက်လက်ပေါက်ကွဲနေပြီး

အတော်လေး

ရှက်စရာကောင်းသောအခြေအ

နေဖြစ်ပုံရသည်။

ဝမ်အရှူးမလေးက
အမှောင်နတ်ဘုရား
လျှပ်စီးနယ်မြေမှ ထွက်လာပြီး
မူလစေတီထဲသို့ ပြန်သွားခဲ့သည်။
ထိုနောက်တွင်တော့
သူမ၏အခန်းထဲတွင်

ပုန်းအောင်းနေခဲ့သည်။
ဘာလုပ်နေမှန်းတော့ မသိပေ။

ဤအချိန်တွင် ယန်ယဲ့နှင့်
အခြားလူများကတော့
အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းများနှင့် လေ့ကျင့်နေတုန်းပါ။

နောက်ထပ်တစ်လ
ကုန်သွားပြန်သည်။

ယန်ယွဲ့သည် ရုတ်တရက်
လွင့်ထွက်လာသော်လည်း
သူ့ခန္ဓာကိုယ်အထဲမှ သန့်စင်သော
အရှိန်အဝါ
တစ်ခုထွက်ပေါ်လာသည်။

ပတ်ပတ်လည်ရှိ

အာကာသပြင်ဟာ ပြင်းထန်စွာ

တုန်လှုပ်သွားခဲ့သည်။

အကန့်အသတ်ချိုးဖျက်နယ်ပယ်

အဆင့် ရုပ်ခန္ဓာ။

ဤငရဲကဲ့သို့ နေရာမှာ
နှစ်လနီးပါးအကြာလေ့ကျင့်ရေး
ကြောင့် သူ၏ခန္ဓာကိုယ်က
နောက်ဆုံးတော့
အကန့်အသတ်ချိုးဖျက်နယ်ပယ်
သို့ ရောက်ရှိသွားခဲ့လေသည်။
တစ်နည်းဆိုရသော် လက်ရှိတွင်
သူ၏ကျင့်ကြံမှုအဆင့်ကို

အကန့်အသတ်ချိုးဖျက်နယ်ပယ်

သို့ တက်လှမ်းနိုင်ပြီးဖြစ်သည်။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၀ -

“အကန့်အသတ်ချိုးဖျက်နယ်ပယ်
အဆင့် ရုပ်ခန္ဓာကိုယ်”

ယန်ယွဲ့သည် တစ်ကိုယ်လုံး
လျှပ်စီးကြောင်းများ
ဖုံးလွှမ်းနေချိန်တွင်

အာကာသထဲမှာပဲ

စိတ်အေးလက်အေး

လဲချလိုက်သည်။

အချိန်အတော်ကြာမှ

လျှပ်စီးကြောင်းများ

တဖြည်းဖြည်း မှေးမှိန်သွားသည်။

ခဏအကြာတွင် ယန်ယဲ့သည်
မူလစေတီထဲသို့ ပြန်လာခဲ့သည်။
အခန်းထဲတွင်
တင်ပျဉ်ခွေထိုင်ချရင်း သူ့ဆီကနေ
အစွမ်းထက် အငွေ့အသက်များ
ထွက်လာသည်။

အာကာသသည်

တဆတ်ဆတ်တုန်ခါလာသည်။

သူ့အော်ရာက ပိုပိုပြီး

အားကောင်းလာသည်။

ရှုတ်တရက်

"အုန်း…"

အခန်းထဲရှိ
ကြားကွက်လပ်အလွှာတိုင်း
လှူပ်ခါနေသည်။

“ဟင်းလင်းပြင်နတ်ဘုရားအဆင့်”

ယန်ယွဲ့သည်
ဟင်းလင်းပြင်နတ်ဘုရားအဆင့်

သို့ ချက်ချင်း

တက်လှမ်းသွားခဲ့သည်။ သို့သော်

ငင်းသည် အဆုံးမဟုတ်ပေ။

တစ်နာရီခန့်အကြာတွင်

မှူလကမ္ဘာအဆင့်သို့

တက်လှမ်းသွားပြီး

နောက်နှစ်နာရီအကြာတွင်တော့

လောကသခင်အဆင့်သို့

ရောက်ရှိခဲ့သည်။

ဤခဏလေးအတွင်းမှာပဲ

ယန်ယဲ့သည် မူလတာအိုအဆင့်မှ

လောကသခင်အဆင့်သို့

တက်လှမ်းသွားခဲ့ပြီးဖြစ်သည်။

သို့သော်လည်း

အဆုံးမသတ်သေးပါ။

သူ၏အော်ရာက
ကြီးထွားနေဆဲဖြစ်သည်။

တစ်နာရီခန့်အကြာတွင်တော့

"အုန်း..."

သူ့ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော

အော်ရာတစ်ခု

လွှင့်ထွက်လာသည်။

အခန်းတစ်ခုလုံး

တုန်လှုပ်သွားလေသည်။

“အကန့်အသတ်ချိုးဖျက်နယ်ပယ်

”

ယန်ယဲ့က
မတ်တတ်ထရပ်လိုက်ပြီး
သူ၏လက်နှစ်ဖက်ကို
ဖြည်းညင်းစွာဆုပ်လိုက်သည်။
သူ၏ လက်သီးထဲမှ
ပြင်းထန်သော စွမ်းအားတစ်ခု
ထွက်ပေါ်လာသည်။

ဤအချိန်တွင် ခားစာလိပ်က

သူ့ရှေ့တွင်ပေါ်လာပြီး

“နင်ဘာယ်လိုခံစားရလဲ…”ဟုမေး

လိုက်သည်။

“ငါဘာယ်လိုခံစားရလဲ…”

ယန်ယဲ့က
အသက်ပြင်းပြင်းရှူရင်း
ပြုံးလိုက်ပြီး "ငါ့တစ်ကိုယ်လုံး
အရမ်းအားအင်တွေ
ပြည့်နေတယ်လို့ ခံစားရတယ်။
ငါ့ဓားကို အခု ဓားနယ်မြေနဲ့
ပေါင်းစပ်ထားရင်
ဓားလှိုင်းခုနှစ်ဆင့်ထုတ်ဖော်နိုင်ပြီ။
ရှစ်ဆင့်တောင်ဖြစ်နိုင်တယ်။ ငါ့ရဲ့

ဆားပုံ့တွေက ပိုမြန်လာပြီး
ပိုအားကောင်းလာလိမ့်မယ်”
စကားပြောနေရင်း
သူ၏နှလုံးသားထဲမှ စိတ်ဆန္ဒ
တစ်မျှင် ထုတ်ဖော်လိုက်သည်။

“ဝှစ်…”

ဓားစွမ်းအင်နှစ်စင်းက ကီလိုမီတာ

ထောင်နှင့်ချီ

လင်းလက်သွားသည်။

ဓားပျံနှစ်စင်း။

ဓားပျံနှစ်စင်း၏အရှိန်က

အရင်ကထက် ၅ဆ

ပိုမြန်လာပုံရသည်။
သူ၏ခွန်အားက သိသိသာသာ
တိုးတက်လာသည်။

ဓားစာလိပ်က “နင်ရဲ့
ကျင့်ကြံမှုအဆင့်ကို
ဆက်တက်နိုင်သေးလား…”

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

“အမှန်တော့

သူ၏ကျင့်ကြံမှုအဆင့်က

ဆက်ပြီး

တက်လှမ်းနိုင်သော်လည်း သူက

ရပ်တန့်ထားလိုက်သည်။

သူ၏ကျင့်ကြံမှုအဆင့်သည်

သူ၏ခန္ဓာကိုယ်နှင့်

တန်းတူရှိနေသည်က
အကောင်းဆုံးပင်ဖြစ်သည်။

သူ၏ကျင့်ကြံမှုကို  တစ်လှမ်းခြင်း
ဆက်သွားရန် ရည်ရွယ်ထားသည်။
ဖြည်းဖြည်းချင်း ဆက်သွားပါက
ပိုကောင်းသည့်

အခြေခံအုတ်မြစ်ကို

ရနိုင်သည်မဟုတ်ပါလား…။

ဓားစာလိပ်က

“ငါတို့ထာဝရနိုင်ငံတော်ကို

အခုသွားလို့ရမလား…”

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း “မင်းတကကယ်သွားချင်တာလား...”

သူမက ခဏတိတ်ဆိတ်သွားသည်။ “ငါ့ရဲ့ ပင်မကိုယ်ထည်အကြောင်း နင်အခုသိသင့်တယ်။ ငါ့ပင်မခန္ဓာကိုယ်ကို ဓားခန်းမ၊

ဓားစာလိပ်၊ ဓားစာအုပ်ဆိုပြီး

သုံးပိုင်းခွဲထားတယ်။

လွန်ခဲ့တဲ့နှစ်တွေက ဓားအိမ်နဲ့

ဓားစာအုပ်က

အပိုင်းပိုင်းကွဲကြေသွားပေမဲ့။

အပိုင်းအစတွေက

ငါ့ဂိုဏ်းထဲမှာရှိနေသေးတယ်။

အဲ့ဒီအပိုင်းအစတွေကို

ပြန်ယူရမယ်။ ပြီးတော့

ငါပြန်ကောင်းလာဖို့ ငါ့ရဲ့
စိတ်ဝိညာဉ်ကိုဖြည့်ပေးရဦးမယ်။
ငါနှင်းပွင့်ရဲ့ အကူအညီနဲ့ ငါ့ရဲ့
ပင်မခန္ဓာကိုယ်ကို
ပြန်ပြီးထူထောင်ရမယ်"

ယန်ယဲ့က
ခဏလောက်စဉ်းစားပြီး

ခေါင်းညိတ်ကာ “ကောင်းပြီ

ထာဝရနယ်စပ်က

ငါ့ကိုစွတေွပြီးတာနဲ့

သွားကြရအောင်”

သူမက ယန်ယဲ့ကိုမော့ကြည့်ပြီး

“ကျေးဇူးတင်ပါတယ်”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
“ငါကပဲ မင်းကို ကျေးဇူးတင်ရမှာ။
ငါမင်းကို ကူညီတာထက်
မင်းကငါ့ကို  ပိုပြီး ကူညီခဲ့တာ”

ဓားစာလိပ်က “ဒါဆို
တစ်ယောက်ကိုတစ်ယောက်
ကူညီလိုက်ရအောင်”

ယန်ယဲ့ကပြုံးပြီး
"အရမ်းကောင်းတယ်"

"အစ်ကိုကြီးယန်"

ဤအချိန်မှာ အပြင်ဘက်မှ ဝမ်အရှူးမလေး၏အသံထွက်ပေါ်လာသည်။

ယန်ယဲ့နှင့် ဓားလိပ်တို့က အခန်းထဲမှ ထွက်လာပြီး သူမကို ထွက်တွေ့လိုက်သည်။ သူမကိုမြင်လိုက်တဲ့အခါ

အံ့သြသွားကြသည်။

ဝမ်အရှူးမလေးက

အရင်အတိုင်းပါပဲ။ သို့သော်လည်း

သူမ၏ပါးစပ်တွင်

အစွယ်နှစ်ချောင်းရှိနေသည်။

သူမကို ကြည့်ရတာ

ဖုတ်ကောင်ငယ်လေး

တစ်ကောင်လိုပင်။

ယန်ယဲ့က "ဒါတွေက
ဘာတွေလဲ..."

ဝမ်အရှူးမလေးက
အစွယ်နှစ်ချောင်ကို ကိုင်ရင်း
ခေါင်းယမ်းကာ "မသိဘူး
စောစောလေးကပဲ

ပေါက်လာတာ။ ဟုတ်တယ်
သူတို့က နည်းနည်းယားတယ်
တစ်ခုခုကို ကိုက်ချင်နေတယ်”

ယန်ယဲ့က အံ့ဩသွားပြီး
ဘာပြောရမှန်းမသိတော့ပေ။

ခါးစာလိပ်က

ဝမ်အရှုးမလေး၏အနားသို့လျှော

က်သွားရင်း အစွယ်နှစ်ချောင်းကို

ထိလိုက်သည်။ သို့သော်

သူတို့ကိုထိလိုက်သည်နှင့်

သူမ၏လက်ချောင်းကို ချက်ချင်း

ရှသွားသည်။

ဓားစာလိပ်က လက်ကို

အမြန်ရုတ်ပြီး မျက်လုံးထဲ

ထိတ်လန့်မှု အပြည့်နှင့်

“ဒါတွေက

အရမ်းထက်မြက်တယ်”

“ထက်မြက်တာလား...”

ယန်ယဲ့လည်း အံ့သြသွားသည်။

သူက ဝမ်အရှူးမလေးအနားကို လျှောက်သွားပြီး အစွယ်နှစ်ချောင်းကိုကြည့်လိုက်သည်။ အစွယ်နှစ်ချောင်းက သိပ်ပြီးမရှည်ပဲ

သာမန်သွားများထက်
အနည်းငယ်သာပို၍ရှည်သည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
အဓိပတိဓားကိုထုတ်ကာ
“ဝမ်လေး ဒါကိုကိုက်ကြည့်စမ်း”

ဝမ်အရူးမလေးကမျက်တောင်ခတ်ပြီး "အစ်ကိုကြီးယန်၊ ငါ့ဒါကိုအပိုင်းပိုင်းဖြစ်အောင်ကိုက်လို့ရတယ်ထင်တယ်"

ယန်ယွဲ့က သူ့ကိုမော့ကြည့်လိုက်သည်။ သူမလိမ်နေတယ်လို့ မထင်မိပေ။

ထိုနောက် တရားစီရင်ရေးဓားကို

ထုတ်ပြကာ

“ဒါကရောဘယ်လိုလဲ…”

ဝမ်အရှူးမလေးက

ခဏလောက်စဉ်းစားပြီး

တရားစီရင်ရေးဓားကို

ကောက်ယူပြီး
ကိုက်ချလိုက်သည်။

"ထန်..."။

ပြတ်ပြတ်သားသား
အသံထွက်လာသည်။
တရားစီရင်ရေးဓားက

ဝမ်အရှုးမလေး၏လက်ထဲမှ

ရှုန်းကာ

ယန်ယွဲ့ထံပျံပြေးလာသည်။

ယန်ယွဲ့နှင့် ခွေးစာလိပ်တို့လည်း

ခွေးပေါ်တွင် သေးငယ်သော

သွားရာနှစ်ချောင်းကိုသတိပြုမိသ

ည်။ အကြည့်ချင်း ဖလှယ်ပြီး
နှစ်ယောက်စလုံးလည်း
ထိတ်လန့်တကြားဖြစ်သွားသည်။

တရားစီရင်ရေးဓားက
ထာဝရနတ်ဘုရားနိုင်ငံတော်၏
နံပါတ်၁ ဓားဖြစ်သည်။ သို့သော်

ဓားကိုယ်ထည်မှာ အစွယ်
အရာများ ကျန်နေသေး၏။

“ဒါက ဘယ်လိုအစွယ်တွေလဲ…”

ယန်ယဲ့က ဝမ်အရှူးမလေးကို
စိုက်ကြည့်နေသည်။ “ဝမ်လေး

မင်းမှာ ဒီအစွယ်တွေရှိနေလို့
ဘယ်လိုခံစားရလဲ...”

“ငါဘယ်လိုခံစားရလဲ...”

သူမက မျက်တောင်ခတ်လိုက်ပြီး
“ငါနည်းနည်း ယားယံတယ်

တစ်ခုခုကိုက်ချင်နေတယ်လို့
ငါခံစားရတယ်”

ယန်ယဲ့က
ကမန်းကတန်းပြောလိုက်သည်။
“တစ်ခုမှမကိုက်နဲ့ ကိုယ့်ကိုယ်ကို
ထိန်းထား ဒါတွေ အားလုံးက

ငါတို့အိမ်ပဲ ဒီတော့

မဖျက်ဆီးနဲ့နော်”

ဝမ်အရှုံးမလေး

လိုချင်တာမှန်သမျှကို

ကိုက်ခွင့်ပေးလိုက်လျှင်

ဤနေရာတစ်ခုလုံးကိုက်စားခံရနို

င်သည်။

ဝမ်အရူးမလေးက

အကူအညီမဲ့သွားပုံဖြင့် "ဒါပေမဲ့

ဒီအစွယ်နှစ်ချောင်းက

တော်တော်လေး ယားတယ်"

ယန်ယဲ့ကပြုံးပြီး "စားလိုက်လေ။

မင်းမှာ နဂါးနက်အသားတွေ

အများကြီးမရှိဘူးလား...။
အဲ့ဒါတွေကို အကုန်စားလို့ရတယ်”

ထိုနဂါးနက်အသားက အနည်းဆုံး
တစ်ပတ်
(သို့မဟုတ်)နှစ်ပတ်စားရန်
လုံလောက်ပါသည်။

ဝမ်အရူးမလေးကတော့
အတော်လေး
အကူအညီမဲ့သွားသလို
ခံစားမိလိုက်ပုံရ၏။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
ဝမ်လေး "မင်းရဲ့ခန္ဓာကိုယ်က
ဘယ်လိုနေလဲ..."

“ငါ့ရဲ့ခန္ဓာကိုယ်”

ဝမ်အရှုးမလေးက
တစ်ချက်ငုံ့ကြည့်ပြီး
“အရင်ကထက်ပိုပြီး
သန်မာတယ်လို့ ခံစားရတယ်။
အစ်ကိုကြီးယန် နင့်ရဲ့ဓားက

အခုင့်ငါ့ကို

လုံးဝမထိခိုက်နိုင်စေတော့ဘူးလို့

ထင်တယ်။

နင်စမ်းကြည့်ချင်လား...”

ယန်ယဲ့က ဘာပြောရမှန်းမသိပေ။

ဝမ်အရှူးမလေး

လိမ်ညာနေခြင်းမဟုတ်ကြောင်း

သက်သေပြခဲ့သည်။

သူမ၏ခန္ဓာကိုယ်က

တရားစီရင်ရေးဓားကို

ခုခံနိုင်သည်။ မှန်သည် တစ်ခုတော့

မေ့ထလို့မရပေ။ ယခုအချိန်တွင်

တရားစီရင်ရေးဓားက

မူလစွမ်းအား ၅၀%သာ

ဖွင့်ထားသည်။ သို့တိုင်

ဝမ်အရှုးမလေး၏အကာအကွယ်

စွမ်းအားက
ကြောက်စရာကောင်းလှသည်။
သူမ၏ခန္ဓာကိုယ်က အဆင့်၅
ရှိနေသည်ဟု ဆိုနိုင်သည်။

တစ်နည်းအားဖြင့် သူမ၏
အစွယ်နှစ်ချောင်း၊ ဦးချိုများ၊
ခြေသည်း၊ လက်သည်းများနှင့်

အမြိုးအားလုံးက

နတ်ဘုရားရတနာထက်ပင် ပိုပြီး

ကြောက်စရာကောင်းလှသည်။

ထိုပြင်

အထွတ်အမြတ်နတ်ဘုရားရတနာ

ဖြစ်သည့်

အတောင်ပံတစ်စုံပါရှိနေ၏။

ထိုကလေးမလေးက

နတ်ဘုရားရတနာအပြည့်အစုံ

ပိုင်ဆိုင်ထားသူဖြစ်သည်။

သူမ၏တစ်ခုတည်းသော

ချို့ယွင်းချက်ကတော့

ကြီးမားသော

စားသောက်ချင်စိတ်ရှိတာပင်။

အရာအားလုံးကို

စားချင်နေတာပါ။

တစ်ဖက်တွင်မူ နှင်းပွင့်လေးက

မြင်မြင်သမျှ

နတ်ရတနာတိုင်းကိုလိုချင်သည်။

ကလေးနှစ်ယောက်စလုံးက

ပြီးပြည့်စုံသော ပေါင်းစပ်မှုပင်။

တစ်ယောက်က စားချင်သည်။

တစ်ယောက်က

လုယက်ချင်သည်။

ခဏအကြာတွင် ယန်ယွဲ့သည်

မူလစေတီထဲမှ ထွက်လာသည်။

အပြင်ရောက်သည်နှင့်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်ကို တွေ့လိုက်ရသည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က ယန်ယဲ့ကို

စိုက်ကြည့်ကာ

“အကန့်အသတ်ချိုးဖျက်နယ်ပယ်”

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကောရာဇ်က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး
“ထာဝရနတ်ဘုရားနိုင်ငံတော်ကို
သွားဖို့ စီစဉ်နေပြီလား…”

ယန်ယဲ့က ခေါင်းညိတ်ပြီး

“အကြီးအကဲ၊

အကြံဉာဏ်ပေးဖို့များရှိမလား…”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကောရာဇ်က

လျစ်လျူရှုကာ“ကိုယ့်ကိုယ်ကို

နိမ့်ချပြီးနေပါ”

ထိုစကားပြောပြီး နေရာမှာပင်
ပျောက်ကွယ်သွားသည်။
ယန်ယဲ့သည်
အနည်းငယ်အံ့သြသွားပုံရသည်။
ခဏအကြာတွင်
ခေါင်းယမ်းပြီးပြုံးလိုက်သည်။

ဤအချိန်မှာနှင်းပွင့်က သူ့ပခုံးပေါ်
ရှတ်တရက် ပေါ်လာသည်။

သူက နှင်းပွင့်ကို စိုက်ကြည့်ရင်း
"ကလေး အဆင်ပြေရဲ့လား..."

နှင်းပွင့်လေးက
ခေါင်းသေးသေးလေးကို

ခါယမ်းလိုက်သည်။ စောစောက
ပင်ပန်းသွားဖြင့်
အချိန်တော်တော်ကြာအောင်
အိပ်စက်ပြီးနောက်
ပိုကောင်းလာသည်။

ဤအချိန်တွင် နှင်းပွင့်က သူမ၏လက်သည်းများကိုငှေ့ယမ်းလိုက်သည်။

ယန်ယဲ့က အံ့ဩသွားပြီး "မင်းသဘောကျနေလို့လား…"ဟု မေးလိုက်သည်။

နှင်းပွင့်က

ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က

ခဏလောက်တုံ့ဆိုင်းသွားပြီး

“မင်းသဘောကျနေတယ်ဆိုရင်

ငါတို့နဲ့ ယူလာလို့ရမလား…”

ဟုမေးလိုက်သည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး

သူမ၏မျက်နှာပေါ်တွင်

ယုံကြည်မှုအပြည့်ဖြင့်

လက်သည်းများ

ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့ကပြုံးပြီး "ဒါဆို ယူလိုက်"

နှင်းပွင့်လေးက

ခေါင်းညိတ်လိုက်ပြီး လေထဲသို့

လွင့်ပျံသွားသည်။ ယန်ယဲ့က

သဘာဝအတိုင်း

စိတ်ပူနေသေးသည်။

ထို့ကြောင့်သဘာဝအတိုင်းနောက်

ကနေ ကပ်လိုက်သွားခဲ့သည်။

ဝမ်အရူးမလေးကလည်း
ယန်ယဲ့အနားတွင်ပေါ်လာသည်။

သူမက
အရိုးချောင်းကိုနမ်းလိုက်ပြီး
ယန်ယဲ့ကိုကြည့်ကာ

“အစ်ကိုကြီးယန် နှင်းပွင့်လေးက
သူခိုးလား...”

ယန်ယဲ့၏မျက်နှာက
မည်းမှောင်သွားသည်
“နှင်းပွင့်ကသူခိုးလို့
မင်းထင်နေတာလား...”

ဝမ်အရှုးမလေးက

ခဏလောက်စဉ်းစားလိုက်ပြီး

“နည်းနည်း”ဟု

ပြန်ဖြေလိုက်သည်။

ယန်ယဲ့က “သူမက ဓားပြဖြစ်ရင်

မင်းကအစားကြူးတယ်။

မင်းတို့နှစ်ယောက်က
ပြီးပြည့်စုံတဲ့ တွဲဖက်ပဲ”

ဝမ်အရှူးမလေးက နှင်းပွင့်ကို
မော့ကြည့်ရင်း
စိတ်အလိုမကျစွာဖြင့်
“အစ်ကိုကြီးယန်၊ နှင်းပွင့်လိုချင်တဲ့

အပေါင်းအပါးတွေကဘယ်တော့မှ အရှုံးမပေးဘဲနေမှာလဲ...”

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည်။

ဝမ်အရှူးမလေးက အေးစက်စွာအော်လိုက်သည်။ “လူယုတ်မာတွေ

ငါသူတို့အားလုံးကို အနေးနဲ့
အမြန်သလို စားရမယ်”

ယန်ယဲ့ကပြုံးပြီး
ဘာမှပြန်မပြောပေ။

ဤအချိန်တွင် နှင်းပွင့်လေးက
အမှောင်နတ်ဘုရားလျှပ်စီးကြော

င်းနယ်မြေ၏ အနက်ပိုင်းထဲသို့
ပျံသန်းသွားသည်။ ယန်ယဲ့နှင့်
ဝမ်အရှူးမလေးတို့လည်း
ထိုမြင်ကွင်းကြောင့်
သတိအပြည့်ဖြစ်သွားကြသည်။
နှင်းပွင့်၏သေးငယ်သော
ခန္ဓာကိုယ်လေး
တစ်ခုခုဖြစ်သွားမှာ
စိုးရိမ်နေကြသည်။

နှင်းပွင့်လေးက
လျှပ်စီးကြောင်းကို ငေးကြည့်ရင်း
သူမ၏လက်သည်းများကိုဖွင့်လို
က်သည်။ ထိုနေရာရှိ
လျှပ်စီးကြောင်းက ချက်ချင်းပင်
အရှိန်မြင့်လာသည်။

နှင်းပွင့်က မူလအတိုင်း

သူမ၏လက်ဖဝါးလေးကို

ထပ်မံခါယမ်းလိုက်သည်။

လက်ဝါးမှမရေမတွက်နိုင်သော

ဝိညဉ်စွမ်းအင်များ ထိုနေရာသို့

တက်လာသည်။ ခဏအကြာတွင်

လျှပ်စီးကြောင်း အကုန်လုံးက

ဝိညဉ်စွမ်းအင်ဖြင့်

ဖုံးလွှမ်းသွားခဲ့သည်။

"ခလွပ် ခလွပ်"

ခဏအကြာတွင်

ရေိယာအနှံ့မရေမတွက်နိုင်သော

လျှပ်စီးကြောင်းများ ပျံ့နှံ့လာပြီး

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

ဝိညာဉ်စွမ်းအင်
အဆင့်မြှင့်တင်ခြင်း။

နှင်းပွင့်လေးက ထိုနေရာရှိ
လျှပ်စီးကြောင်းကို ဝိညာဉ်စွမ်းအင်
အဆင့်မြှင့်တင်ခြင်းစွမ်းအား
အသုံးပြုထားသည်။

နှင်းပွင့်လေးကြောင့်

လျှပ်စီးကြောင်းကအတော်လေး

အံ့အားသင့်သွားသော်လည်း

သိပ်မကြာပေ။

ပျော်ရွှင်သွားပုံရသည်။

သို့ရာတွင် ပျော်ရွှင်မှုက

ကြာရှည်မခံပါ။ နှင်းပွင့်က

လက်ဝါးကို ပြန်ရုတ်ပြီး
လျှပ်စီးကြောင်းများကို
လှည့်မကြည့်ဘဲ
ထွက်ခွာသွားခဲ့သည်။ သို့သော်
တစ်စုံတစ်ခုကို
စောင့်မျှော်နေသလို ဖြည်းညင်းစွာ
ပျံသန်းလာသည်။

ဝိညာဉ်စွမ်းအင်များ
ပျောက်ကွယ်သွားသည်နှင့်
လျှပ်စီးကြောင်းများ
အံ့သြသွားပုံရသည်။

“ဘာကြောင့်ရပ်သွားတာလဲ...”

အချိန်တော်တော်ကြာပြီးနောက်

လျှပ်စီးကြောင်းက

နှင်းပွင့်၏နောက်ကို

ပျံသန်းလာသည်။ သို့သော်

သူမကို မထိခိုက်ပေ။ သူတို့သည်

နောက်ကနေ အနီးကပ်လိုက်ကာ

တစ်ခုခုကို

သယ်ဆောင်လာပုံရသည်။

နှင်းပွင့်လေးက ရှေ့သို့
ဖြည်းညင်းစွာ
ဆက်လျှောက်လာနေသလို
လျှပ်စီးကြောင်းများကလည်း
ဖြည်းညင်းစွာ
ကပ်လိုက်နေခဲ့သည်။ ထိုကဲ့သို့ပင်
ယန်ယွဲ့နှင့် ဝမ်အရှုးမလေးတို့က

အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းများ နှင်းပွင့်လေးနှင့်အတူ
မူလစေတီထဲဝင်ရောက်သွားသည်
ကို အံ့အားသင့်စွာကြည့်နေသည်။

ထိုနောက် မူလစေတီ
ကောင်းကင်ယံ၌
နတ်လျှပ်စီးကြောင်းများ

ပေါ်လာသည်။ အနည်းဆုံး အမှောင်နတ်ဘုရားလျှပ်စီးကြောင်း ၁၀၀ကျော် အစုလိုက်အပြုံလိုက် ရှိနေသည်။

လျှပ်စီးကြောင်းများကို ငေးကြည့်ရင်း နှင်းပွင့်လေးက ပျော်ရွှင်နေခဲ့သည်။

သို့သော်လည်း မူလနဂါးနှင့်
အခြား မူလနတ်ဆိုးများကတော့
နာကျင်မှုကို ခံစားလိုက်ရသည်။
အကြောင်းမှာ အနာဂတ်တွင်
အားလုံးက
အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းများဖြင့် အဆက်မပြတ်
လေ့ကျင့်ရမည်ဖြစ်လို့ပါ။
သူတို့အပေါ်

နာကျင်စရာနေ့ရက်တွေကျရော
က်လာပါပြီ။

မူလစေတီအပြင်ဘက်။

ယန်ယဲ့နှင့် ဝမ်အရှူးမလေးတို့က
အံ့အားသင့်နေကြဆဲပင်။

“နှင်းပွင့်လေးနှင့်အတူ
လိုက်လာသည်လား…”

“ဒါက တော်တော်လေးကို
နှိမ့်ချနေတာမဟုတ်ဘူးလား…။
နည်းနည်းလေးတော့
ခုခံသင့်တယ်”

သို့သော်
အမှောင်နတ်ဘုရားလျှပ်စီးကြော
င်းများက လုံးဝ
ပြင်းပယ်ခြင်းမရှိပေ။

ဝမ်အရှူးမလေးက
သူမ၏အရိုးချောင်းကို နမ်းပြီး

“နှင်းပွင့်ကအကောင်းဆုံး။
နှင်းပွင့်လေးက အံ့သြစရာပဲ…”

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ
(ထာဝရနတ်ဘုရားနိုင်ငံတော်)
ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၁ - ဟွာရှိနိုင်ငံ

ထိုကဲ့သို့ပင် မူလစေတီထဲ၌ လျှပ်စီးရေကန်ကြီးတစ်ခုပေါ်လာသည်။ ယန်ယဲ့သည် လျှပ်စီးကြောင်းက ဘယ်အဆင့်ကို ရောက်နေမှန်းမသိပေ။

မည်သို့ပင်ဖြစ်စေကာမူ
ဝမ်အရှူးမလေးပင် ၎င်းအား
မခုခံနိုင်မှန်းတော့သိခဲ့သည်။

ဝမ်အရှူးမလေက လျှပ်စီးကြောင်း
တစ်ခုချင်းစီကို ခုခံနိုင်သော်လည်း
လျှပ်စီးကြောင်းအားလုံးကိုတော့
မခုခံနိုင်ပေ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမြို့တော် အဝင်ဝ။

ဟွမ်ယင်က ယန်ယွဲ့ကို လာပြီးနှုတ်ဆက်ပါသည်။ သူက ယန်ယွဲ့အား လက်သီးဆုပ်ကာ "အစ်ကိုယန် မင်းရဲ့

ထာဝရနတ်ဘုရားနိုင်ငံတော်ခရီးစ
ဉ်မှာ အစစအရာရာ သတိထားပါ”

ယန်ယဲ့က ခေါင်းညိတ်ပြီး
“နှုတ်ဆက်ပါတယ်”

စကားပြောပြီးနောက်
နောက်လှည့်ကာ နေရာမှာတင်
ပျောက်ကွယ်သွားသည်။

ယန်ယဲ့ထွက်သွားသည်နှင့်
ဟွမ်ယင်၏နောက်ကွယ်မှ
ဟွမ်တျန်းရှင်းနှင့်
ဟွမ်ယဲ့တို့နှစ်ယောက်ပေါ်လာသ

ည်။ လက်ရှိတွင်
သူတို့နှစ်ယောက်က
ဟွမ်ယင်၏ညာလက်ရုံးများသဖွ
ယ်ဖြစ်သည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်က အလွန်စည်းလုံးကြသည်။

ဟွမ်ယဲ့က ရုတ်တရက် “မင်းသူ့ကို နေခိုင်းသင့်တယ်”

ဟွမ်တျန်းရှင်းကလည်း သဘောတူတယ်ဟု ပြသရန် ခေါင်းညိတ်လိုက်သည်။

ဟွမ်ယင်

“ဝိညဉ်ဖန်ဆင်းရှင်နဲ့သူက

ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့လ

က်ထဲ ရောက်သွားမှာကို

မင်းတို့က

စိုးရိမ်နေတာမဟုတ်လား…”

နှစ်ယောက်စလုံး
ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့အနားတွင်
ဝိညာဉ်ဖန်ဆင်းရှင်
ရှိနေသောကြောင့်
ထာဝရနတ်ဘုရားနိုင်ငံတော်၏
လက်ထဲသို့ ကျရောက်သွားခဲ့လျှင်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်အတွက် သေချာပေါက်

ဒုက္ခများပြီးဖြစ်သည်။

ဟွမ်ယင်က ပြုံးပြီး“မဟုတ်ဘူး။

သူတို့က

ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့

လက်ထဲကျသွားမှာ မဟုတ်ဘူး”

ဟွမ်တျန်းရှင်းနဲ့ ဟွမ်ယဲ့က ဘာမှမပြောကြပေ။

ဟွမ်ယင်က သူတို့ကိုတစ်ချက်ကြည့်လိုက်ပြီး "ငါတို့ ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်က အရင်လိုမောက်မာပြီး
ဘဝင်မြင့်နေလို့မရဘူး။
မင်းတို့နှစ်ယောက်အတွက်
အင်အားစုတွေအသီးသီးကို
စုဆောင်းခိုင်းလိုက်မယ်”

ဟွမ်ယဲ့က ခေါင်းညိတ်လိုက်ပြီး
“ငရဲကမ္ဘာအပါအဝင်

ကမ္ဘာအနည်းငယ်ရဲ့ ပံ့ပိုးမှုကို ငါရထားပြီး သူတို့က ငါတို့ဘက်မှာရှိတယ်။ ဒါပေမဲ့ ထာဝရနတ်ဘုရားနိုင်ငံတော်ကလည်း ဒီလိုမျိုးလုပ်နေတယ်။ သူတို့ရဲ့ အခြေအနေတွေက  ငါတို့တွေ့ သတိပြုထားတာထက်တောင် ပိုပြီးကောင်းနေသေးတယ်”

ဟွမ်ယင်က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။
“ဘာပဲဖြစ်ဖြစ်
မင်းအကောင်းဆုံးကြိုးစားပါ။
ဘာပဲဖြစ်ဖြစ်
ဒါတွေအားလုံးအပေါ်

ဒီကလန်ရဲ့သဘောထားကရော ဘယ်လိုလဲ…”

ဟွမ်တျန်းရှင်းက လေးနက်စွာ ပြောခဲ့သည်။ “သူတို့ရဲ့ သဘောထားက သိပ်တော့မရရာဘူး။ အရင်က သူတို့ ငါတို့ကို အတော်လေး

အလေးအနက်ထားပေမဲ့ ယန်ယဲ့နဲ့

ချိတ်ဆက်ပြီးမှတော့ သူတို့ရဲ့

သဘောထားက

နည်းနည်းပြန်တွန့်သွားသလိုပဲ။

ငါ့အသိအရ သူတို့က

ထာဝရနတ်ဘုရားနိုင်ငံတော်နဲ့

တောင် စပြီး

ဆက်သွယ်နေကြတယ်”

ဟွမ်ယင်က

အချိန်အတော်ကြာအောင်

တိတ်ဆိတ်သွားပြီး "အစ်ကိုကြီး

မင်း သူတို့ကို

သွားမေးကြည့်လိုက်

ကောင်းကင်သခင်ကို

မင်းနဲ့အတူခေါ်သွား..."

ဟွမ်တျန်းရှင်းက သူ့ကို
တစ်ချက်ကြည့်ခဲ့သည်။
"ငါနားလည်ပြီ"

နှစ်ယောက်စလုံး နေရာမှာပင်
ပျောက်ကွယ်သွားသည်။

ဟွမ်ယင်က ကောင်းကင်ကို
မော့ကြည့်ပြီး “အစ်ကိုယန် ငါ့မှာ
မိတ်ဆွေတွေအများကြီးမရှိဘူး။
အခုငါမင်းကို မဆုံးရှုံးချင်ဘူး။
ဒါကြောင့်
ထာဝရနတ်ဘုရားနိုင်ငံတော်မှာ
ကိုယ့်ကိုယ်ကို နှိမ့်ချပြီးနေမယ်လို့
မျှော်လင့်ပါတယ်”

စကားဆိုးသည်နှင့်
ဟွမ်ယင်လည်း နေရာမှာပင်
ပျောက်ကွယ်သွားသည်။

ထာဝရနယ်နိမိတ် ၊
မိုးကောင်းကင်ဓားမြို့တော်။

ယန်ယဲ့သည်
မိုးကောင်းကင်ဓားမြို့တော်
တည်ထောင်သူ
ဘိုးဘေး၏အလောင်းကို
ငင်းတို့ထံ ပြန်ယူလာခဲ့သည်။
အလောင်းကိုမြင်သောအခါ
ကောင်းကင်ဓားမြို့တော်၏
မြို့တော်ဝန် ဖုန်ထျန်းယုက
မျက်နှာပေါ်တွင် အတော်လေး

ရှုပ်ထွေးသော အမူအရာ ရှိနေသည်။

အချိန်အတော်ကြာအောင် ငြိမ်သက်သွားပြီးနောက် ယန်ယဲ့ကိုစိုက်ကြည့်ကာ "ကျေးဇူးတင်ပါတယ်"

ယန်ယဲ့က အနည်းငယ်
ခေါင်းညိတ်ပြီး “ဒါကမလိုပါဘူး”

ဖုန်ထျန်းယုက
ခဏမျှတုံ့ဆိုင်းသွားပြီး
“ဖရိုဖရဲအခြေအနေက
ရောက်လာပြီး

ငါ့ကောင်းကင်ဓားမြို့တော်က
ဘာဆက်လုပ်ရမလဲ…"

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ် ထွက်ပေါ်လာသည်က
လျှို့ဝှက်ချက်မဟုတ်ပေ။ ထို့ပြင်
ထာဝရနတ်ဘုရားနိုင်ငံတော်နဲ့
အခြားသော အင်အားစု

အသီးသီးလည်း
ပေါ်လာကြသည်။
ထိုသို့သောအခြေအနေများသည်
အင်အားစုလေးများအတွက်
ရှင်သန်ရပ်တည်ဖို့က
အတော်လေး ခက်ခဲပေသည်။

“မိုးကောင်းကင်ဓားမြို့တော်လား..
.”

ယန်ယဲ့က ခဏမျှစဉ်းစားပြီး “မင်းတို့ တစ်ခုခုလိုအပ်ရင် ဟင်းလင်းပြင်ပျက်သုဉ်းခြင်း မျိုးနွယ်ကိုသွားပြီးတော့ လက်ရှိ အိမ်ရှေ့စံမင်းသား

ဟွမ်ယင်ကိုတွေ့လိုက်ပါ။
ငါမင်းကို သူ့ဆီကို
သွားခိုင်းတာလို့ပြောလိုက်ရင်
သူနားလည်လိမ့်မယ်။ ဒါပေမဲ့
ငါတစ်ခုတော့ပြောရဦးမယ်။
မင်းသူ့ဆီသွားလိုက်ရင်
မိုးကောင်းကင်ဓားမြို့တော်က
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်နဲ့ ကိုယ်စားပြုတယ်။

ရိုးရိုးသားသား ပြောရရင် ငါ့မှာ

ထာဝရနတ်ဘုရားနိုင်ငံတော်နဲ့

ထာဝရမပြေနိုင်တဲ့

ရန်ငြိုးတွေရှိတယ်။

ဒါကြောင့်မင်းကို

ထာဝရနတ်ဘုရားနိုင်ငံတော်ဘက်

မှာ မတွေ့ချင်ဘူး”

ဖုန်ထျန်းယုက အကူအညီမဲ့စွာ ရယ်မောလိုက်သည်။ “ဟုတ်တယ် ဒါကို ငါနားလည်ပါတယ်။ ဒါပေမဲ့ ဟင်းလင်းပြင်ပျက်သုဉ်းခြင်း မျိုးနွယ်က ငါ့လို သေးငယ်တဲ့ အင်အားစုကို မလိုချင်မှာ ကြောက်မိတယ်”

ယန်ယဲ့က

ခကာလောက်စဉ်းစားပြီး “မင်းရဲ့

ခွန်အားက အရမ်းအားနည်းတယ်။

ဒါပေမဲ့

တိုးတက်ဖို့အလားအလာရှိတယ်။

ဟုတ်တယ်

အထောက်အပံ့တွေမပါပဲနဲ့

မင်းသွားလို့မရဘူး”

စကားပြောပြီးချိန်တွင်
သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ မြို့အထက်
ကောင်းကင်ယံ၌ ဓား (၁၀၀,၀၀၀)
လွင့်မျောလာသည်။

ဓားအစီအရင်။

အားလုံးက
နတ်ဘုရားတစ်ပိုင်းအဆင့်လက်န
က်များချည်းသာပင်။

ဖုန်ထျန်းယုက အံ့သြသွားပြီး
"ဒါက ဘာတွေလဲ..."

ယန်ယဲ့က “ဒီဓား (၁၀၀,၀၀၀) က
မိုးကောင်းကင်ဓားမြို့တော်အတွ
က် ငါ့ဆီက လက်ဆောင်လို့
ထည့်တွက်လိုက်ပါ။
အကန့်အသတ်ချိုးဖျက်နယ်ပယ်
တွေအတွက် အတော်လေး
ခြိမ်းခြောက်မှုပေးနိုင်တယ်။
ဒါကြောင့် ဒီအစီအရင်ရှိနေရင်

မင်းတို့ ဒီမှာအသုံးမဝင်ဘဲ
ရှိမှာမဟုတ်ဘူး”

ဖုန်ထျန်းယုက ယန်ယဲ့ကို
ရိုသေစွာ ဦးညွှတ်ပြီး
“ကျေးဇူးတင်ပါတယ်”

သူက ရိုးသားစွာ
ကျေးဇူးတင်ကြောင်း
ပြောလိုက်ခြင်းပင်။

ယန်ယဲ့က အနည်းငယ်
ခေါင်းညိတ်ပြီး "ဂရုစိုက်ပါ"
ပြောပြီးနောက် နေရာမှာပင်
ပျောက်ကွယ်သွားသည်။

ဖုန်ထျန်းယုက ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ဤအချိန်မှာ သူ့ရဲ့ကံ ကောင်းတယ်လို့ ခံစားလိုက်ရသည်။ ထိုနေ့က သူချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ကံကောင်းတယ်လို့

ခံစားမိခဲ့သည်။

ထာဝရနယ်နိမိတ်တစ်လျှောက်ရှိ

အင်အားစုများက

ယန်ယဲ့ကိုသတ်ပြီး

လုယက်ချင်ကြသည်။ သို့သော်

မိုးကောင်းကင်ဓားမြို့တော်က

ယန်ယဲ့နှင့် မိတ်ဆွေဖြစ်ရန်သာ

ရွေးချယ်ခဲ့သည်။

နောက်ဆုံးရလဒ်ကတော့

အတိတ်တစ်ချိန်က

ယန်ယဲ့ကိုသတ်ဖို့ ကြိုးစားခဲ့သော

အင်အားစုအားလုံးပျောက်ကွယ်ခဲ့

သည်။ သို့သော်လည်း

မိုးကောင်းကင်ဓားမြို့တော်က

တော့ ဆက်ပြီး

နည်ရှိနေသည့်အပြင် ယန်ယဲ့နှင့်ပါ

ထာဝရမိတ်ဆွေဖြစ်နေကြပြီးဖြစ်

သည်။

ထို့ကြောင့်

အစောင့်အရှောက်များအပါအဝင်

ထာဝရနယ်နိမိတ် တစ်လျှောက်ရှိ

အင်အားစုတိုင်းက

မိုးကောင်းကင်ဓားမြို့တော်ကို
အလွယ်တကူ
ပြသနာရှာလိုစိတ်မရှိခဲ့ပေ။
ထိုနေက သူပြသခဲ့သော
ကြင်နာမှုက
မိုးကောင်းကင်ဓားမြို့တော်အတွ
က် ရလဒ်ကောင်းတစ်ခု
ဖြစ်လာခဲ့သည်။

နန်လီမျိုးနွယ်စု

ခန်းမထဲတွင် ယန်ယဲ့နှင့်
နန်လီမုန့်တို့ ရှိနေသည်။

နန်လီမုန့်က “နင်
ထာဝရနတ်ဘုရားနိုင်ငံတော်ကို

သွားတော့မှာလား…”ဟုမေးလိုက်သည်။

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

“ငါသွားကြည့်လိုက်မယ်”

သူမက  အနည်းငယ်
ခေါင်းညိတ်ကာ“သတိထားပါ”

ယန်ယဲ့က “လူတချို့ရဲ့
အချက်အလက်တွေကို
သိရအောင် မင်းကို
အကူအညီတောင်းချင်လို့
လာတွေ့တာ”

နန်လီမုန့်က “နင်နဲ့အတူ

ထာဝရနေနယ်နိမိတ်ကို

ရောက်လာတဲ့

နင့်မိတ်ဆွေတွေလား...”

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။ သူက

သဘာဝအတိုင်း ယန်လျန်ရှမ်း၊
ကောင်းကင်ကေရီနှင့်
အခြားသူများကို သူမမေ့ခဲ့ပေ။

နန်လီမုန့်က ခဏတုံ့ဆိုင်းသွားပြီး
“နင့်အတွက် သူတို့ကို
ငါလိုက်ရှာနေတယ်။ ဒါပေမဲ့
အကုန်လုံးတော့မဟုတ်ဘူး။

ဥပမာအနေနဲ့ ငရဲခန်းမရဲ့
ညာဏ်ကြီးရှင်တွေ သူတို့နဲ့
ပတ်သက်ပြီးတော့ ငါ့မှာ
ဘာအချက်အလက်မှမရှိဘူး”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
“ဘာလို့လဲ...”

နန်လီမုန့်က
မျက်မှောင်ကြုတ်လိုက်ပြီး
“နင်တကယ်ပဲ ငါက  အနှိုင်းမဲ့
အစွမ်းထက်တယ်လို့
ထင်နေတာလား…
အဲ့ဒီအမျိုးသမီးတွေက
သာမန်မဟုတ်ဘူး။ သူတိုမှာ
ထူးခြားဆန်းကြယ်တဲ့
နောက်ခံတွေရှိတယ်။

သူတို့အတွက်
စိတ်ပူစရာမလိုဘူးလို့ထင်ပါတယ်
။ သူတို့အားလုံးက ထူးခြားတဲ့
ညဏ်ကြီးရှင်တွေဆိုတော့ နင်နဲ့
မိန်းကလေးအန်ထက်
နိမ့်ကျတယ် ဆိုရင်တောင် သိပ်ပြီး
နိမ့်ကျမှာမဟုတ်ဘူး”

ယန်ယဲ့က သိသိသာသာ
သက်သာရာ ရသွားသည်။

ငရဲခန်းမ၏ ခန်းမတပည့်များက
သာမန်လူများမဟုတ်သောကြော
င့် ကိုယ်ပိုင်လမ်းကြောင်းကို
လျှောက်ခွင့်ပေးခြင်းက
အကောင်းဆုံးသာဖြစ်သည်။

ယန်ယဲ့က “အခြားသူတွေရော
ဘယ်လိုလဲ သူတို့က
ထာဝရနယ်နိမိတ်ထဲမှာလား…’

နန်လီမုန့်က “နင်ပြောချင်တာက
အဲ့ဒီအမျိုးသမီး
ယန်လျန်ရှမ်းကိုလား။

ဟုတ်တယ်၊ သူမက
လူတစ်အုပ်ကို ဦးဆောင်ပြီးတော့
မှုလကမ္ဘာလို့ခေါ်တဲ့
နေရာတစ်ခုဆီသွားခဲ့တယ်။
သူမက အဲ့ဒီနေရာမှာ
နိုင်ငံငယ်တစ်ခုကို
ထူထောင်ခဲ့တယ်။ ထူးခြားတဲ့
အမျိုးသမီးပဲ။ အဲ့ဒီနိုင်ငံတော်ရဲ့
နည်းစနစ်တွေက

တော်တော်လေးထူးခြားတယ်။
နင်ကိုယ်တိုင်သွားပြီး
ကြည့်သင့်တယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး
ထွက်သွားရန်ပြင်လိုက်သည်။

ဤအချိန်တွင် နန်လီမုန့်က
ရုတ်တရက် ပြောခဲ့သည်။
“ငါ့အသိအရ
ထာဝရနတ်ဘုရားနိုင်ငံတော်ရဲ့
လက်ရှိထာဝရသခင်က
သာမန်မဟုတ်ဘူး။ ဒါအပြင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်နဲ့
ထာဝရနတ်ဘုရားနိုင်ငံတော်

နှစ်ဖက်စလုံးက တစ်စုံတစ်ခုကို
စောင့်မျှော်နေပုံပဲ။ ဘာဖြစ်နေမှန်း
မသိပေမဲ့ အချိန်တန်ရင်
သူတို့အားလုံးက
ချက်ချင်းတိုက်ခိုက်မယ်ဆိုတာကို
တော့ သိသာတယ်။ ဒါအပြင်
ထာဝရနတ်ဘုရားနိုင်ငံတော်က
နှင်းပွင့်လေးကို ရယူဖို့
စိတ်ပိုင်းဖြတ်ထားလို့ ဂရုစိုက်ပါ"

ယန်ယဲ့ကသူ့ကိုတစ်ချက်ကြည့်လိုက်ပြီး
“မင်းဘယ်ဘက်ကိုရွေးမှာလဲ…”

သူမက အနည်းငယ် ပြုံးပြီး
“ငါ့မျိုးနွယ်စုကို

ကယ်တင်နိုင်တယ့်
ဘယ်ဖက်မဆိုငါပါမယ်”

ယန်ယဲ့က ဘာမှပြန်မပြောဘဲ
ကောင်းကင်အထက်တွင်
ပျောက်ကွယ်သွားခဲ့သည်။

....

နန်လီမျိုးနွယ်စုမှ

ထွက်ခွာပြီးနောက်တွင်

ယန်ယဲ့သည်

စကြဝဠာမှတ်တမ်းကို

ထုတ်ယူကာ မူလကမ္ဘာကို

ရှာဖွေလိုက်သည်။

မူလကမ္ဘာသည်

သေးငယ်လှသည်။ သို့သော်လည်း

ကမ္ဘာအနှံ့အပြား

အင်အားစုအများအပြား

ရှိနေသည်။ နန်လီမုန့်က

သူ့ကိုပေးခဲ့သော

အချက်အလက်အရ

ယန်လျန်ရှမ်းနဲ့

အပေါင်းအပါများက

တောင်ဘက်အကျဆုံး

ဧရိယာတွင် ရှိနေကြသည်။

သူတို့အဖွဲ့က “ဟွာရှ”ဟုခေါ်သော တိုင်းပြည်တစ်ခုကိုထူးထောင်ခဲ့ကြသည်။

“ဟွာရှလား…”

ယန်ယဲ့သိလိုက်သောအခါ

အနည်းငယ်ပျော်ရွှင်သွားသလို

ခံစားလိုက်မိသည်။

တစ်နာရီခန့်ကြာသောအခါ

ယန်ယဲ့သည် မြို့တံခါးများ ရှေ့သို့

ရောက်လာသည်။ မြို့တံခါးထိပ်၌

ဟွာရှ ဟူသော စာလုံးကြီးသုံးလုံး

ရေးထိုးထားသည်။

"ဟွာရှနိုင်ငံတော်"

ဟုခေါ်သော်လည်း အမှန်တော့

မြို့တစ်မြို့သာဖြစ်သည်။

သေချာသည်မှာ ထိုကဲ့သို့

ထူးထူးခြားခြား ပုံစံဖန်တီးခဲ့သူက

ယန်လျန်ရှမ်း ဖြစ်ပုံရ၏။

ယန်ယဲ့သည် မြို့ထဲသို့
ဝင်လာသည်။ သို့သော် မြို့ပြင်မှ
အစွမ်းထက် အော်ရာအနည်းငယ်
ပျံ့လွင့်လာပြီး မြို့တစ်ခုလုံးအား
ဖိအားလှိုင်းများ
လွှမ်းခြုံသွားသည်။

ယန်ယဲ့က လှည့်ကြည့်လိုက်ရာ

လူတစ်စုကို တွေ့လိုက်ရသည်။

ဦးဆောင်လာသူက

အကန့်အသတ်ချိုးဖျက်နယ်ပယ်ရှိ

သက်လတ်ပိုင်းအမျိုးသား

တစ်ဦးပင်။

သက်လတ်ပိုင်းအမျိုးသားက

အောက်ဘက်ရှိမြို့ကို

ငုံ့ကြည့်လိုက်သည်။

"ယန်လျန်ရှမ်း နင့်ကို
နောက်ဆုံးအခွင့်အရေးတစ်ခုပေး
မယ်။ နင့်ရဲ့ ဒီခေါင်းမာတဲ့ နိုင်ငံက
ငါ့မူလကောင်းကင်ဘုံဂိုဏ်းကို
လက်အောက်ခံမှာလား..."

မြို့ထဲမှာ အသံတစ်သံ

ရုတ်တရက် ထွက်ပေါ်လာသည်

“ဟွာရှုက ဘယ်တော့မှ

လက်အောက်ခံမှာ မဟုတ်ဘူး”

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၂ - အိမ်ပြန်မယ်

ယန်ယဲ့က ခေါင်းညိတ်ပြီးနောက်

ပြုံးလိုက်သည်။။

ယန်လျှန်ရှမ်းက ယခုအထိ
ရုန်းရင်းဆန်ခတ်ဖြစ်ရသည်ကို
သဘောကျနေသေးပုံရ၏။

သိပ်မကြာလိုက်ပေ
မြို့ပြင်ထွက်လာသည်။

ယန်ယဲ့ကို သတိထားမိချိန်တွင်

ခဏကြာအောင်

အံ့အားသင့်သွားပြီး“နင်

ရောက်လာပြီလား ”

ယန်ယဲ့ကပြုံးပြီး “ငါအခုလေးတင်

ရောက်လာတာ”

ယန်လျန်ရှမ်းက အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက်
သက်လတ်ပိုင်းအမျိုးသား
ဦးဆောင်သော လူတစ်စုကို
လှမ်းကြည့်ကာ "ငါ
လူသားချင်းစာနာမှုသဘောထား
ကို ယုံကြည်ပါတယ်။ ဒါကြောင့်
အကြံဉာဏ်တစ်ခုပေးမယ်။

နင်အခုထွက်သွားရင်
အကောင်းဆုံးပဲ”

သက်လတ်ပိုင်းအမျိုးသားက
မျက်နှာပျက်သွားကာ
“ယန်လျန်ရှမ်း မင်းက
ခေါင်းမာနေသေးတာပဲ” ဟု
ပြောပြီးသည်နှင့် ညာလက်ကို

မြှောက်ပြီး ဖိလိုက်ရာ ပြင်းထန်သော ဖိအားလှိုင်းများ မြို့ပေါ်သို့ ဆင်းသက်လာသည်။

အကန့်အသတ်ချိုးဖျက်နယ်ပယ်၏ဖိအားပင်ဖြစ်သည်။

သို့သော် အောက်ကနေ

ဓားပျံတစ်စင်း ရုတ်တရက်

ပျံသန်းလာပြီး

လေထဲသို့ပစ်ခတ်လိုက်သည်။

“ဆူး…”

သက်လတ်ပိုင်းအမျိုးသား၏

ညာဘက်လက်က လေထဲသို့

ပျံတက်သွားသည်။

သက်လတ်ပိုင်းအမျိုးသားနှင့်

ပတ်ဝန်းကျင်ရှိ

သူ့အပေါင်းအပါများ အားလုံး

အံ့အားသင့်သွားကြသည်။

နှစ်စက္ကန့်ကျော်လောက်
ထိတ်လန့်သွားပြီးမှ
သတိပြန်ဝင်လာပြီး
ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

ယန်ယဲ့က သူတို့ကို လျစ်လျူရှုပြီး
ယန်လျန်ရွှမ်းအား
လှည့်ကြည့်နေသည်။

သူကပြုံးပြီး "မင်းငါ့ကို
မဖိတ်ဘူးလား..."

သူမက "နင်သူတို့အလုံးကို
သတ်မယ်လို့ ငါထင်ခဲ့တာ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
"ဒါကိုနောက်မှ ဖြေရှင်းတာပေါ့။
လိုအပ်ရင် အားလုံးကို
ငါချက်ချင်း သတ်ပေးလိုက်မယ်"

ယန်လျန်ရှမ်းက ခေါင်းညိတ်ပြီး
"လာ နင့်ကို အစ်ကိုကြီးယွမ်တို့နဲ့
တွေ့ပေးမယ်"

စကားပြောနေစဉ် ယန်ယဲ့ကို
ခေါ်ကာ မြို့ထဲသို့ဝင်သွားသည်။

ဤအချိန်တွင် မြို့အပြင်ရှိ
သက်လတ်ပိုင်းအမျိုးသား၏
မျက်နှာက အတော်လေး

ကြည့်မကောင်းလောက်အောင် ဆိုးရွားနေသည်။

“လာ.. ငါတို့ဂိုဏ်းချုပ်ကိုသွားပြီး အကြောင်းကြားရအောင်”

စကားပြောပြီးနောက်
တစ်ဖွဲ့လုံးပျောက်ကွယ်သွားကြသ
ည်။

ယန်ယဲ့နှင့် ယန်လျန်ရှမ်းတို့ဟာ
မြို့ထဲသို့ ဝင်သွားကြသည်။ ဤမှာ
လူသိပ်မရှိပေ။
လူတစ်သိန်းလောက်သာရှိသည်။

အများစုက သူတို့နှင့်အတူ

လောကသုံးပါးမှ

လိုက်ပါလာသောကြောင့်

ယန်ယဲ့ကို သဘာဝအတိုင်း

မှတ်မိကြသည်။

သူ့ကိုမြင်သောအခါ အားလုံး

လုပ်လက်စများ

ရပ်တန့်သွားကြသည်။

“ယန်ယဲ့ ရောက်နေပြီလား…”

လူသိသွားသည်နှင့် ယန်ယဲ့နှင့်
ယန်လျန်ရှမ်းတို့ရှိရာသို့
လူပိုများလာကြသည်။
မရေမတွက်နိုင်သော လူများက
ယန်ယဲ့ကို

ကျေးဇူးတင်နေကြဆဲပင်။
သူ့ကြောင့်သာမဟုတ်ရင်
အားလုံးနီးပါး လောကသုံးပါးမှာ
သေဆုံးသွားကြပေမည်။

ယန်ယဲ့က ရပ်လိုက်ပြီး
လူအုပ်ကိုကြည့်ကာ
“မတွေ့ရတာကြာပြီ”

အားလုံးက သူ့ကို
ဦးညွှတ်ကြသည်။

ယန်ယဲ့က သူတို့ကို
ငုံ့ကြည့်လိုက်သည်။ အားလုံးက
အဆင့်မြင့်
ကျင့်ကြံသူများမဟုတ်ကြပေ။

သို့သော် အားလုံးက ဤနေရာတွင် ပျော်ရွှင်နေကြသည်ကို ခံစားမိပါသည်။

ငြိမ်းချမ်းသောဘဝ။

အကြိမ်အများစုမှာ လူအများစုသည်

ချမ်းသာသောဘဝ သို့မဟုတ်။
ထာဝရအသက်ကို မရှာခဲ့ကြပေ။
ငြိမ်းချမ်းသောဘဝကိုသာ
ရှာဖွေခဲ့ကြသည်။ အမှန်တော့
လူတော်တော်များများက
ငြိမ်းချမ်းသောဘဝကို
နှစ်သက်မြတ်နိုးကြသည်။

အထူးသဖြင့် လောကသုံးပါးမှ

ရောက်လာသူများပင်။ စစ်ပွဲကို

ကြုံဖူးမှသာ ထိုငြိမ်းချမ်းမှု

ချစ်မြတ်နိုးကြသည်။

ခဏအကြာတွင် ယန်ယဲ့နှင့်

ယန်လျန်ရှမ်းတို့သည် လူအုပ်ကို

နှုတ်ဆက်ပြီး

ခန်းမတစ်ခုတည်းသို့ရောက်လာ

သည်။

အမှန်တော့ တော်ဝင်နန်းတော်ပါ။

သို့သော် ၎င်းက

အလွန်သေးငယ်သောကြောင့်

တော်ဝင်ခန်းမနဲ့တော့ မတူပေ။

ယန်လျန်ရှမ်းက

စကားပြောလိုက်သည်။ “ငါ

ပျင်းလာလို့

ဒီအရာတွေကိုအပျော်အနေနဲ့လုပ်

နေတာ”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်
“မင်းရဲ့လက်ရှိကျင့်ကြံမှုအဆင့်က
ဘာလဲ…”

ယန်လျန်ရှမ်းက
ပခုံးတွန့်လိုက်သည် “ငါက
အကန့်အသတ်ချိုးဖျက်နယ်ပယ်
ကို ရောက်နေပြီ။ ဒီနေရာမှာရှိတဲ့

ဝိညာဉ်စွမ်းအင်က

လောကသုံးပါးထက်

အများကြီးသန့်နေတယ်ဆိုတာ

ပြောနေစရာတောင်မလိုဘူး။

တကယ်လို့ ငါသာ အဲ့ဒီနေရာမှာ

ကျင့်ကြံနေရင် ငါ့ကျင့်ကြံမှုက

အခုအချိန်မှာ

ဘယ်ရောက်နေမလဲဆိုတာ

တွေးရုံပဲတွေးနေလောက်တယ်။

တော်တော်များများက ပိုမြင့်တဲ့
စကြဝဠာကို သွားချင်တာ
အံ့သြစရာတော့မဟုတ်ဘူး”

ထိုနောက်
ယန်ယဲ့ကိုစိုက်ကြည့်ရင်း “အခုနင်
ဒီကိုရောက်လာပြီ။ ငါနင့်ကို

ပြောစရာရှိသေးတယ်” ဟု ဆက်ပြောသည်။

ယန်ယဲ့က “ဒါကဘာလဲ...”

“ငါအိမ်ပြန်တော့မယ်” ဟုပြန်ဖြေသည်။

ယန်ဘော့်က အံ့အားသင့်သွားသည်

"မင်းရဲ့အိမ်ပြန်တော့မှာလား..."

သူမက ခေါင်းညိတ်လိုက်သည်

"ငါ့ဒီကို ထွက်လာတာ

အရမ်းကြာနေပြီ ဟိုမှာ

ဘယ်လိုတွေရှိနေလဲဆိုတာ

ငါမသိဘူး။ ငါ့ဒီကို ရောက်နေတာ

နှစ်တွေမရေမတွက်နိုင်အောင်
ကြာမြင့်နေပြီးဆိုတော့
အခုအချိန်အထိ ပြန်သွားရမှာကို
ကြောက်နေသလိုပဲ။ ဒါကြောင့်
အခုပြန်သွားရင်
ကျန်တာဘာမှဖြစ်မှာမဟုတ်ဘူး။
ဒါပေမဲ့ မကြာသေးခင်တုန်းကပဲ
လျှို့ဝှက်ဆန်းကြယ်တဲ့
လူအိုကြီးတစ်ယောက်က ငါ့ကို

အိမ်ပြန်နိုင်ပြီလို့ ပြောခဲ့တယ်။
ဒီနေရာရဲ့အချိန်က အဲ့ဒီနေရာရဲ့
အချိန်လည်ပတ်တာနဲ့မတူဘူး။
ဒါမှမဟုတ် ငါတို့ရဲ့စကြဝဠာထဲမှာ
အချိန်တာအို ဖြတ်သန်းမှုက
ကွဲပြားတယ်လို့ ပြောရမယ်။
ဘာပဲဖြစ်ဖြစ်
ငါတကယ်နားလည်ပါဘူး။
ငါသိတာက အခုပြန်သွားရင်

ထွက်သွားတာ ၁၀နှစ်လောက်ပဲ ကြာသေးတာလို့ပြောတယ်”

“လျှို့ဝှက်ဆန်းကြယ်ပြီးတော့...”

ယန်ယဲ့က အနည်းငယ် မျက်မှောင်ကြုတ်ပြီး “သူ့ပုံစံက ဘယ်လိုလဲ..”

"အဘိုးကြီးတစ်ယောက်ပဲ... ဝါးသေတ္တာကို ကျောပေါ်မှာ လွယ်ထမ်းထားတယ်"ဟုပြန်ဖြေသည်။

"ဝါးသေတ္တာလွယ်ထားတဲ့အဘိုးကြီးလား..."

ယန်ယဲ့က အံ့သြသွားသည်။
ယန်လျန်ရှမ်းလည်း အဘိုးကြီးကို
တွေ့ဖူးသလား...။

သူမက ယန်ယဲ့ကိုစိုက်ကြည့်ရင်း
"နင်လည်း သူနဲ့
တွေ့ဖူးတာလား..."

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“ဟုတ်တယ်။ သူက နင့်အိမ်ကို ရောက်ခဲ့တာလား...”

ယန်လျန်ရှမ်းက

“ငါသိပ်တော့မသေချာဘူး၊ ဒါပေမဲ့ သူရောက်ဖူးသင့်တယ်။

အဲ့ဒီနေရာက
တော်တော်ကောင်းတဲ့နေရာလို့
တော့ပြောသွားတယ်"

ယန်ယဲ့က အံ့သြသွားသည်
"သူဘာပြောဖို့ကြိုးစားနေတာလဲ"

ယန်လျန်ရှမ်းက “ငါ့အိမ်မှာ အကြွင်းမဲ့ တရားမျှတမှုကို ထိန်းထားဖို့မဖြစ်နိုင်ပေမဲ့ တခြားကမ္ဘာတွေနဲ့ ယှဉ်ရင် တော်တော်လေး တရားမျှတတဲ့ကမ္ဘာတစ်ခုလို့ ဆိုလိုတာပါ။ ငါ့အိမ်မှာ အာဏာနဲ့ ချမ်းသာကြွယ်ဝတဲ့ လူတွေ ့က လူ့အဖွဲ့အစည်းရဲ့ထိပ်ဆုံးမှာ

ရှိနေတယ်။ ဒါ့အပြင် လူတိုင်းက

အာဏာနဲ့ စည်းစိမ်ဥစ္စာတွေ

အကုန်ရနိုင်တယ်။ ငါတို့ကမ္ဘာမှာ

ဥပဒေတွေရှိတယ်၊ အကြွင်းမဲ့

တရားမျှတမှုကို ထိန်းသိမ်းဖို့

မဖြစ်နိုင်ပေမယ့်

ဒီဥပဒေစည်းမျဉ်းတွေက

အခြားလူတွေကို

ထိန်းချုပ်ထားနိုင်တယ်”

ယန်ယဲ့က “ဥပဒေတွေ
စည်းမျဉ်းတွေက မင်းအိမ်က
လူတွေကို တားနိုင်ပါ့မလား…”

ယန်လျန်ရှမ်းက ပြုံးပြီး
“ဟုတ်ပါတယ်
ဥပဒေရှေ့မှောက်မှာ လူတိုင်းက

တန်းတူပါပဲ။ ဟုတ်တယ် အဲ့ဒါက

လုံဝမမှားဘူး။  ဒါပေမဲ့

ရှ်။ဥပဒေစည်းမျဉ်းတွေက

လူတော်တော်များများကို

ထိန်းချုပ်ထားနိုင်တယ်။

တကယ်တော့ ဒါကလည်း

ပုံမှန်ပါပဲ။ အကြွင်းမဲ့

တရားမျှတမှုရှိတဲ့ ကမ္ဘာဆိုတာ

ရှိသလား...။ ငါ့ကမ္ဘာက အဲ့ဒါ

ပြီးမြောက်အောင်လုပ်ခဲ့တာ

တကယ်တော့ မဆိုးပါဘူး။

ရိုးရိုးသားသား ပြောရရင်

အခုငါ့အိမ်ကို ပိုလွမ်းတယ်။

နင်လည်း

ဒီကိုရောက်နေပြီဆိုတော့ ငါနင့်ကို

နှုတ်ဆက်လို့ ရပြီးပေါ့”

ယန်ယဲ့က

ခဏလောက်တုံ့ဆိုင်းသွားသည်

“မင်းငါ့ကို အဲ့ဒီနေရာ

လိုက်ပို့ပေးစေချင်သလား...”

ဟုမေးလိုက်သည်။

သူမက ခေါင်းခါလိုက်သည်

“ဒီလျှို့ဝှက်ဆန်းကြယ်တဲ့

လူကြီးက ငါ့ကို
ရတနာတစ်ခုပေးခဲ့တယ်။ အဲ့ဒါက
ပြန်သွားနိုင်တယ်”

ထို့နောက် ခဏတုံ့ဆိုင်းနေပြီးမှ
“ငါသွားတဲ့အခါ နှင်းပွင့်ကို
ငါ့ကမ္ဘာဆီ

ခေါ်သွားလို့ရမလား…”ဟုပြောလို
က်သည်။

ယန်ယဲ့က “ဘာဖြစ်လို့လဲ…”

သူမက ယန်ယဲ့ကို
မျက်လုံးပြူးကြည့်ပြီး “နင်သူမကို

လိုက်လည်ခိုင်းလို့မရဘူးလား...အခြား ဘာရှိရမှာလဲ...”

ယန်ယဲ့က ပြုံးပြီး “ဟုတ်တယ်။ ဒါပေမဲ့ အခုလေးတင် ထာဝရနတ်ဘုရားနိုင်ငံတော်ကို သွားတော့မယ်ဆိုတော့

အနာဂတ်မှာ အဲ့ဒီနေရာကို
သွားလို့ရပါတယ်”

ယန်လျန်ရှမ်းက
ခေါင်းညိတ်သည်။
“ငါ့ကမ္ဘာပေါ်က လူတွေက
အဲ့ဒီကမ္ဘာကြီးကို ဆိုးဆိုးရွားရွား
ပျက်စီးစေတဲ့အတွက် နှင်းပွင့်ကို

ခေါ်လာချင်တာ။

အထူးသဖြင့်တော့

ဝိညာဉ်စွမ်းအင်နဲ့ ပတ်သက်လာရင်

လက်တွေ့မှာ

လုံးလုံးမရှိတော့ဘူး။

နှင်းပွင့်အဲ့ဒီကိုသွားမယ်ဆိုရင်

သူမက ငါ့ကမ္ဘာကို

ပြုပြင်ပေးနိုင်တယ်။ ဒါအပြင်

အဲ့ဒီမှာ ပျော်စရာတွေ အများကြီး

ရှိတယ်။ သူ့အဲ့ဒီမှာဆိုရင်
အရမ်းပျော်မှာ သေချာတယ်”

“အဲ့ဒီမှာ
အရသာရှိတာတွေရှိသလား…”

ဝမ်အရူးမလေးက အရိုးချောင်းကို
လျှာဖြင့် လျက်ရင်း ယန်ယဲ့၏

နံဘေးမှာ ရုတ်တရက်
ပေါ်လာသည်။

ယန်လျန်ရှမ်းက အံ့သြသွားသည်။

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း
“ဒီမိန်းကလေးက ဘယ်သူလဲ...”

ယန်ယဲ့ပြောခါနီးတွင်

ဝမ်အရှုံးမလေးက ရုတ်တရက်

"ငါက ဝမ်လေး၊ နှင်းပွင့်နဲ့

အစ်ကိုကြီးယန်ရဲ့မိတ်ဆွေပါ။

အစ်မကြီး နင်နေတဲ့ကမ္ဘာမှာ

ရတနာတွေအများကြီးရှိတယ်။

အရသာရှိတာတွေ

အများကြီးရှိတယ်လို့

နင်ပြောခဲ့တာမဟုတ်လား..."

ယန်လျန်ရွှမ်းက

ဝမ်အရူးမလေးကို

တစ်ချက်ကြည့်ပြီး "အဲ့ဒီမှာ

အရသာရှိတဲ့

အစားအသောက်တွေ

အများကြီးရှိတယ်။

နင်တစ်ယောက် စားဖို့
လုံလောက်တယ်”

ဝမ်အရှုးမလေး၏မျက်လုံးများက
တောက်ပလာသည်။

ထိုနောက်တွင် ယန်ယွဲ့က
ခေါင်းယမ်းကာ

ခါးသက်သက်ရယ်မောပြီး “သူက မင်းရဲ့ ကမ္ဘာကြီးတစ်ခုလုံးကို စားနိုင်တယ်နော်”

ဝမ်အရှုးမလေးက ယန်ယွဲ့ကို မကျေမနပ်စိုက်ကြည့်ရင်း “အစ်ကိုကြီးယန် ငါသူမနဲ့ အတူတူသွားလို့မရလား...”

ယန်ယဲ့က အနည်းငယ်
ချီတုံချတုံဖြစ်နေပုံရသည်။

ယန်ဘော့က
အချိန်အတော်ကြာစဉ်းစားပြီး
ယန်လျန်ရှမ်းကိုကြည့်ကာ
"လူအိုကြီးပေးခဲ့တဲ့ ရတနာတွေက

ရှိသမျှလူတိုင်း ဟိုဘက်ကို
ပေါ်တယ်ကူးလို့ရမလား…”

ယန်လျန်ရှမ်းက ခေါင်းညိတ်ပြီး “
ဖြစ်နိုင်ပါတယ် ဒါက
ပေါ်တယ်စနစ်လေ။
သူ့အဆိုအရတော့
ဒီပေါ်တယ်စနစ်က ငါတို့

စကြဝဠာမှရှိတဲ့တစ်ခုတည်းသော ပေါ်တယ်စနစ်ပဲ။ ဒါက အရင်တုန်းက အဲ့ဒီနေရာကို တစ်ခုတည်းသော နည်းလမ်းပဲ။ ငါတို့ ကမ္ဘာတစ်ခုလုံးမှာ အင်အားကြီးတဲ့ အစီအရင်တစ်ခု ရှိနေတယ်။ အဲ့ဒီအရာက ငါတို့ရဲ့ ကြယ်စင်စုတွေတွေကို ချိတ်ပိတ်ထားသလိုပဲ။ ဒါပေမဲ့

တစ်ဖက်မှာလည်း ငါတို့အနေနဲ့ ကြယ်စင်စုတွေကို ကာကွယ်ပေးထားသည်။

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း "နင်သိပါတယ်။ ငါ့ကမ္ဘာက သာမန်မဟုတ်ဘူးလို့ ခံစားရတယ်။ စကြဝဠာ

တစ်ခုလုံးမှာ

အခြားကမ္ဘာတွေမရှိပါဘူး။

ဒါအပြင် အခြားကမ္ဘာတွေနဲ့

နှိုင်းယှဉ်ရင် အားနည်းလွန်းတယ်။

ဒါပေမဲ့လို့ ငါတို့ရဲ့ ဒီကမ္ဘာက

ဆက်ပြီးတည်ရှိနေတယ်။

ဟုတ်တယ်

ဝါးသေတ္တာလွယ်ထားသောအဘိုး

ကြီးက ဘယ်လောက်တောင်

သန်မာလဲ”

ယန်ယဲ့က

လေးစားစွာပြောလိုက်သည်။“အ

င်မတန် သန်မာတယ်။

နားမလည်နိုင်လောက်အောင်ပဲ”

ယန်လျန်ရှမ်းက

"ကြည့်ကြည့်လိုက်တာနဲ့

ဒီကမ္ဘာကြီးက

ထူးထူးခြားခြားပါပဲ။

ဘာကြောင့်လဲဆိုတော့

သူပြောကတည်းက

သူ့မျက်နှာအပေါ်မှာ ရှုပ်ထွေးတဲ့

အမူအရာတွေ အပြည့် ရှိနေလို့။

ဒါအပြင် သူက တစ်ခုခုကို

နည်းနည်းလေး
ကြောက်သွားသလိုပဲ။ ဒါက
ငါသတိထားမိလိုက်တာ”

“ထူးထူးခြားခြား”

ယန်ယဲ့က
ခဏတိတ်ဆိတ်သွားသည်။ သူက

ဝမ်အရူးမလေးကို စိုက်ကြည့်ရင်း

“ဝမ်လေး မင်းရဲ့အစ်မကြီး

လျှန်ရှမ်းနဲ့ လိုက်သွားမယ်ဆိုရင်

မင်းရဲ့တာဝန်က စားဖို့မဟုတ်ဘူး။

သူ့ကို

ကောင်းကောင်းကာကွယ်ဖို့ဆိုတာ

သတိရပါ။ ဒါအပြင်

အချိန်အကြာကြီး ပျောက်ပြီးမှ

ပြန်လာလို့ရတယ်”

ဝမ်အရူးမလေးက အတော်လေး
ပျော်ရွှင်သွားပုံရသည်။
တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
“ဒါပေမဲ့ မင်းသူမရဲ့စကားကို
နားထောင်မယ်လို့ ငါ့ကို
ကတိပေးရမယ်။ ပြီးတော့
အဲ့ဒီနေရာမှာ စိတ်ထင်တိုင်း

မလုပ်ရဘူး။ ဘာပဲဖြစ်ဖြစ်
သူ့စကားကိုပဲ နားထောင်ရမယ်”

ဝမ်အရူးမလေးက
ခေါင်းညိတ်လိုက်သည်။
ဤအချိန်မျိုးမှာ သဘာဝအတိုင်း
ငြင်းဆန်မှာမဟုတ်ပေ။

ဤအချိန်မှာ နှင်းပွင့်လေးက
ယန်ယဲ့ရှေ့တွင် ပေါ်လာပြီး
ယန်ယဲ့ကို စိုက်ကြည့်ကာ
မျက်တောင် ခတ်လိုက်သည်။
ယန်လျန်ရှမ်းက သူမနေသည့်
နေရာတွင် ပျော်စရာများ
အများအပြား ရှိနေသည်ကို
ကြားလိုက်ရလို့ပါ။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
"မင်းလည်း
လိုက်သွားချင်သလား..."

နှင်းပွင့်က ခေါင်းညိတ်ပြီး
လက်သည်းများကို
မြှောက်လိုက်သည်။

ရက်အတော်ကြာအောင်

လည်ပတ်ပြီးပါက ပြန်လာမည်ဟု

ပြောနေတာပါ။ အမှန်တော့

သူမ၏လက်သည်းလေးများကို

မြှောက်လိုက်ရာ

ဘယ်နှစ်ရက်ရှိမှန်းမသိပေ။

ယန်လျန်ရှမ်းက “သူ့ကို ငါတို့နဲ့ လိုက်ခိုင်းလိုက်ပါ။ သူက ငါ့ကို အဲ့ဒီနေရာရဲ့လေထု သန့်စင်သွားအောင် လုပ်နိုင်တယ်။ ဟိုမှာရှိတဲ့လေထုက နည်းနည်း ကြောက်စရာကောင်းတယ်”

ဝမ်အရှုးမလေးက “စိတ်မပူပါနဲ့
အစ်ကိုကြီးယန်
ငါသူ့အနားမှာရှိရင် ဘယ်သူမှ
ဒုက္ခမပေးနိုင်ဘူး။ ဒါအပြင်
နှင်းပွင့်မှာ လူအိုကြီးပေးတဲ့
အသက်ကယ်အဆောင်တစ်ခုရှိတ
ယ်။ အဲ့ဒါက
အရမ်းအန္တရာယ်များတယ်လို့

ငါထင်တယ် ဒါကြောင့်

နှင်းခဲလေးက အရမ်းလှုံခြုံတယ်"

ယန်ယဲ့က

ခဏတုံ့ဆိုင်းသွားသော်လည်း

သူမကြာခင်

ထာဝရနတ်ဘုရားနိုင်ငံတော်ကို

သွားတော့မည်ကို

တွေးမိလိုက်သည်။

ထိုကြောင့်သူက မဆိုင်းမတွ

သဘောတူလိုက်သည်။

ယန်ယွဲ့သဘောတူသည်နှင့်

နှင်းပွင့်လေးရော

ဝမ်အရှူးမလေးပါ ဝမ်းသာအားရ

ခုန်ပေါက်သွားကြသည်။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၃ - နှုတ်ဆက်ကြခြင်း

ယန်ယဲ့သည် နှင်းပွင့်လေးနှင့်
ဝမ်အရှူးမလေးကို လိုက်ခွင့်ပြုရန်
မဆုံးဖြတ်ခင်
တော်တော်များများစဉ်းစားပြီးမှ
လိုက်ပါခွင့်ပြုခဲ့သည်။

အရင်ဦးဆုံး ယန်လျန်ရှမ်းက
အနည်းငယ်

အားနည်းသေးသောကြောင့်

တစ်ယောက်တည်း

ပြန်သွားခွင့်မပြုနိုင်ပေ။

ဝမ်အရှူးမလေးနှင့် အတူ

ထည့်လိုက်ပါက

အဆင်ပြေသွားပေမည်။

ဒုတိယအနေနဲ့ သူသည်

ထာဝရနတ်ဘုရားနိုင်ငံတော်သို့

သွားရန် စီစဉ်နေသည်။ သူ၏

ရည်ရွယ်ချက်က ဓားစာလိပ်၏

ပင်မကိုယ်ထည်ကို

ပြန်လည်ရယူရန်ဖြစ်သည်။

ဓားစာလိပ်က

ဤတစ်လျှောက်လုံး အများကြီး

ကူညီပေးခဲ့သဖြင့်

သူမအကူအညီလိုနေချိန်တွင်
ငြင်းမည်မဟုတ်ပေ။

ဒုတိယအနေဖြင့် အထူးသဖြင့်
သူတို့၏ခွန်အား
ထာဝရနတ်ဘုရားနိုင်ငံတော်ကို
ကြည့်ရှုလိုသည်။
ထာဝရနတ်ဘုရားနိုင်ငံတော်အ

ကြောင်း
ယခုအထိသူဘာမှမသိသေးပါ။
ထိုပြင် သူ၏ခရီးစဉ်က
အန္တရာယ်များလှသည်။

ကလေးနှစ်ယောက်ကို
ချန်ထားခဲ့တာက သူတို့အတွက်
ကောင်းပါသည်။

အကြောင်းကတော့

သူတစ်ခုခုဖြစ်ခဲ့လျှင်တောင်

နှစ်ယောက်စလုံး

ဘေးကင်းမှာမို့လို့ပါ။ ထိုကြောင့်

သူတို့ကို

အားလပ်ရက်အဖြစ်သဘောထား

ပြီး လိုက်ပါခွင့်ပြုလိုက်သည်။

ဝမ်အရူးမလေးနှင့်

နှင်းပွင့်လေးက မူလစေတီထဲသို့

သွားခဲ့သည်။

ကလေးမလေးနှစ်ယောက်က

အခြားလူများကို နှုတ်ဆက်ရန်

ပြင်ဆင်နေပုံရ၏။ ယန်ယဲ့နှင့်

ယန်လျန်ရှမ်းက ခန်းမထဲ

ကျန်နေခဲ့၏။

သူမက

တိုးတိုးလေးပြောလိုက်သည်။

"မင်းစိတ်ပူနေတာလား..."

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

ဤအချိန်မှာ အန်နန်ကျင်းက သူ့အနားမှာ ရုတ်တရက် ပေါ်လာသည်။

ယန်ယဲ့က သူမကို စိုက်ကြည့်လိုက်ရာ "ငါသူတို့နဲ့ လိုက်သွားမယ်"ဟုပြောလိုက်သည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

“ကောင်းပြီ”

အန်နန်ကျင်းလိုက်သွပါက

အရာအားလုံး

စိတ်ချမည်ဖြစ်သည်။

သေချာသည်မှာ အန်နန်ကျင်းက

ယန်လျန်ရှမ်းနှင့်အတူ
ထိုနတ်ဆိုးလေးနှစ်ကောင်ကို
ထည့်လိုက်သောကြောင့်
အနည်းငယ် စိုးရိမ်နေပုံရ၏။

ပထမအချက်မှာ
ထိုကလေးငယ်နှစ်ယောက်
ဥပဒေမဲ့ လုပ်ချင်ရာ

လုပ်တက်သူဖြစ်သည်။
ယန်လျန့်ရှမ်းက
နှစ်ယောက်စလုံးကို လုံးဝ
ထိန်းချုပ်နိုင်ခြင်းမရှိပေ။

ဒုတိယအချက်ကတော့ သူမက
ကလေးနှစ်ယောက်စလုံးအတွက်

စိတ်ပူသည်။ တစ်ခုခု ဖြစ်မည်ကို စိုးရိမ်ခဲ့သည်။

ယန်လျန်ရှမ်းက ပြုံးပြီး "နင်လိုက်လာရင်တော့ သဘာဝအတိုင်း အကောင်းဆုံးပေါ့"

ယန်ယဲ့ကပြောခါနီးတွင်

လေထဲသို့မော့ကြည့်လိုက်သည်။

အထက်မှပြင်းထန်သော

ဖိအားလှိုင်းကြီးဆင်သက်လာသ

ည်။

အန်နန်ကျင်းက "ဒါက မူလကောင်းကင်ဘုံပဲဖြစ်နိုင်တယ် "

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။ အန်နန်ကျင်းက မူလစေတီထဲသို့ ပြန်ဝင်သွားသည်။

ယန်ယဲ့ကတော့ ခန်းမထဲကနေ
ထွက်လာသည်။

သူ့အထက်ကောင်းကင်ယံ၌
ငွေရောင်ဝတ်စုံဝတ်သက်လတ်ပို
င်းအမျိုးသားတစ်ဦး
လွင့်မျောနေသည်။

သူထုတ်လွှတ်လိုက်သည့်အရှိန်အဝါကို အခြေခံပြီး အဆင့်၄ ပညာရှင်တစ်ယောက်ဖြစ်ပုံရ၏။ ထို့ပြင် သူ့အနောက်ဘက်၌ အဘိုးကြီးတစ်ယောက် ရပ်နေ၏။ အဘိုးကြီးက အဆင့်၃ပညာရှင်ဖြစ်၏။

ယန်ယဲ့နှင့် ယန်လျန်ရှမ်းက
သက်လတ်ပိုင်းအမျိုးသားတို့
အဖွဲ့ရှေ့တွင်ပေါ်လာသည်။

သူက
သူတို့ကိုတစ်ချက်ကြည့်လိုက်ပြီး“
မင်းတို့က...”

ယန်ယဲ့က “မင်းက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်ရဲ့
လက်အောက်ငယ်သားတွေလား…
”

သက်လတ်ပိုင်းအမျိုးသားက
ခေါင်းညိတ်ပြီး “ဟုတ်တယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး
"ထွက်သွား မင်းတို့က ငါ့ရဲ့
ကာကွယ်မှုအောက်မှာရှိတယ်။
ဒါကြောင့် ထပ်ပြီး မနှောင့်ယှက်နဲ့"

သက်လတ်ပိုင်းအမျိုးသား၏
မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားသည်။ "မင်းသိပ်ပြီး ယုံကြည်လွန်းနေတာ မဟုတ်ဘူးလား..."

ယန်ယဲ့က သူ့ကိုတစ်ချက်ကြည့်လိုက်ပြီး "ဟွမ်ယင်ကို

ငါမျက်နှာသာပေးထားလို့

ထွက်သွားခိုင်းနေတာ။

မင်းထွက်သွားမလား...မထွက်

သွားဘူးလား...”

သက်လတ်ပိုင်းအမျိုးသားက

“မင်းက ဟွမ်ယင်ကိုသိလား...” ဟု

လေးလေးနက်နက်
ပြောလိုက်သည်။

ယန်ယဲ့က "သူက ငါ့မိတ်ဆွေပဲ။
မှန်တယ်.. ငါက ယန်ယဲ့ပဲ။
မင်းငါ့အကြောင်း ကြားဖူးလား..."

"ယန်ယဲ့လား..."

သက်လတ်ပိုင်းအမျိုးသားက ခေါင်းခါလိုက်သည်။ “တစ်ခါမှ မကြားဖူးဘူး”

ယန်ယဲ့က အနည်းငယ် ရှက်ရွံ့သွားသလိုပင်။

သူက ယန်လျန်ရှမ်းကို

ငုံ့ကြည့်ကာ

ရှက်ရွံ့စွာပြုံးလိုက်သည်။

“ဒီကမ္ဘာက

သတင်းကောင်းကောင်း

အလုပ်မလုပ်ဘူးထင်တယ်။ ငါ့ကို

ဘာမှမသိဘူး”

သက်လတ်ပိုင်းအမျိုးသားက
"မင်းက ဘယ်သူပဲဖြစ်ဖြစ်
ငါ့မူလကောင်းကင်ဘုံဂိုဏ်းရဲ့
ကိစ္စကို ဝင်စွက်ဖက်ရဲလို့ ..."

သို့သော် ဓားအူသံ ရုတ်တရက်
ပဲ့တင်ထပ်လို့
သက်လတ်ပိုင်းအမျိုးသား၏

စကားသံ ရပ်တန့်သွားသည်။
ခဏအကြာတွင် သေွးများ
စမ်းရေကဲ့သို့ ပန်းထွက်လာပြီး
သူ့ခေါင်းဟာ လည်ပင်းမှ
ပြုတ်ကျသွားသည်။

အနောက်ရှိ အဘိုးကြီးက
ထိတ်လန့်သွားသော်လည်း

သိပ်မကြာလိုက်ပေ။

သတိပြန်လည်လာသည်။

သူကယန်ယဲ့ကို

စိုက်ကြည့်လိုက်ပြီး

ကောင်းကင်အထက်၌

ပျောက်ကွယ်သွားသည်။

ယန်လျန်ရှမ်းက “နင်သူတို့ကို သတ်မှာမဟုတ်ဘူးလား…”

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည် “သူတို့က ဒီလူအကုန်လုံးကို သတ်ခွင့်ပြုမယ်မထင်ဘူး။ ဒီတော့ ဆုံးဖြတ်ချက်ချနိုင်တဲ့သူကို

စောင့်ကြည့်ရအောင်။ ငါသူတို့ကို
လိုက်ပြီးတိုက်ခိုက်ဖို့
စိတ်မဝင်စားဘူး”

ယန်လျန်ရှမ်းက
ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က “မင်းဘယ်တော့

ထွက်သွားဖို့ စဉ်းစားထားလဲ...”

ယန်လျန့်ရှမ်းက

“ဘယ်အချိန်ဖြစ်ဖြစ် ရတယ်”

ယန်ယဲ့ကခေါင်းညိတ်လိုက်သည်။

“အဲ့ဒီကလေးလေးနှစ်ယောက်ကို

ငါသွားတွေ့လိုက်ဦးမယ်”
စကားပြောပြီးနောက်
မူလစေတီထဲကို ဝင်သွားသည်။

မူလစေတီတွင် နှင်းပွင့်နှင့်
ဝမ်အရှူးမလေးတို့က အားလုံးကို
နှုတ်ဆက်နေကြသည်။
အမှန်တော့

မှုလနတ်ဆိုးတစ်အုပ်က သူတို့ကို
မမြင်ချင်ကြပေ။
ဝမ်အရှုးမလေးက သူတို့ကို
အမြဲတမ်းလေ့ကျင့်ပေးနေသော်
လည်း
အချိန်ပြည့်ရိုက်နှက်နေကြသဖြင့်
လုံးဝမလိုလားကြပေ။

နှင်းပွင့်လေးကတော့ ပိုဆိုးသည်။ အစပိုင်းမှာတော့ နှင်းပွင့်ကြောင့် မူလစေတီထဲမှာ နေဖို့ ဆန္ဒရှိခဲ့သည်။ သို့သော် ယခုကြတော့ နှင်းပွင့်လေး ထွက်သွားသည်နှင့် တွန့်ဆုတ်နေပုံရသည်။ ကံကောင်းထောက်မစွာ အချိန်တစ်ခုသာကြာမည်။

နှင်းပွင့်လေးက သူမ၏လက်ကို

မြှောက်လိုက်သည်။

အဝိပ္ပါယ်ကတော့

သူမသွားရမည့်အချိန်ကို

ပြောနေတာပါ။ သို့သော် ၎င်းက

မည်မျှကြာမည်ကို

ဘယ်မှူလနတ်ဆိုးမှ မသိခဲ့ပါ။

၅ရက်လား..။
၅နှစ်လား..ဟုတ်ပါတယ်
နှစ်၅၀ဖြစ်ခဲ့ရင်တောင်
မူလနတ်ဆိုးများအတွက်
အလွန်တိုတောင်းသော
အချိန်ကာလတစ်ခုပါ။

ယန်ယဲ့က ဝမ်အရှူးမလေးနှင့်
နှင်းပွင့်လေးကို
ဆင့်ခေါ်လိုက်သည်။
ကလေးနှစ်ယောက်၏မျက်နှာပေါ်
မှ စိတ်လှုပ်ရှားမှုကို မြင်သောအခါ
ခေါင်းယမ်းကာ ပြုံးလိုက်သည်။

ယန်ယဲ့က သူ့အပြုံးကို
ထိန်းလိုက်ပြီး "ပြဿနာမရှာနဲ့
နားလည်ကြလား..."

နှစ်ယောက်သား ကမန်းကတန်း
ခေါင်းညိတ်လိုက်သည်။
ယခုအချိန်တွင်
ယန်ယဲ့ပြောသမျှကို

သဘောတူမည်မှာ သဘာဝပါ။
ခဏအကြာတွင် ယန်ယဲ့က
သူတို့ကို ပြောဆိုဆုံးမပြီး
အရာအားလုံးကို
သဘောတူလိုက်သည်။

အမှန်တော့ ယန်ယဲ့က သိပ်ပြီး
စိတ်မပူရပေ။ နောက်ဆုံးတွင်

အန်နန်ကျင်းလိုက်ပါသွားမည်ဖြစ်ရာ သူတို့၏ လုံခြုံရေးအတွက် စိတ်ပူစရာ မလိုတော့ပေ။

အမှန်တော့ ဝမ်အရှုးမလေး၏ ခွန်အားကလည်း ကြောက်စရာကောင်းသောကြောင့်ပင်။

ဤအတောအတွင်း

ကောင်းကင်ဓားစင်မြင့် အထက်၌

မူလနတ်ဆိုးအားလုံး နှင်းပွင့်နှင့်

ဝမ်အရှူးမလေးကို

နှုတ်ဆက်ကြသည်။

ခန်းမအပြင်ဘက်။

အကြီးအကဲယွမ်က အပြင်ကနေ
အသင့်စောင့်နေပုံရ၏။

ယန်ယဲ့ကပြုံးပြီး
“အစ်ကိုကြီးယွမ်၊
မတွေ့တာကြာပြီ”

အဘိုးကြီးက ယန်ယဲ့ကို
ငုံ့ကြည့်ကာ
ခေါင်းညိတ်ပြလိုက်သည်။ သူက
“ငါမင်းရဲ့ခွန်အားကို
နားမလည်နိုင်တော့ဘူး”

ယန်ယဲ့ကပြုံးပြီး “မင်းလည်း
အလုပ်ကြိုးစားနေတာပဲမဟုတ်

လား။ အခုဆို မင်းက အဆင့် ၂ ပညာရှင်တောင်ဖြစ်နေပြီ”

အကြီးအကဲယွမ်က ခေါင်းခါပြီး “ငါ့ရဲ့ဖြစ်တည်မှုက ဒါလောက်ပါပဲ။ ငါ့ရဲ့ ကိုယ်ပိုင်အတိုင်းအတာကို ငါသိတယ်။ အဆင့်၃ ဒါမှမဟုတ်

အဆင့်၄ က ငါ့ရဲ့အကန့်အသတ်ဖြစ်နိုင်တယ်။ ဒါပေမဲ့ မင်းရဲ့အနာဂတ်ကျ အကန့်အသတ်မရှိဘူး”

သူက ခဏတုံ့ဆိုင်းသွားပြီး “မင်းထာဝရနတ်ဘုရားနိုင်ငံတော်ကို

သွားမလို့လား…”ဟုမေးလိုက်သ
ည်။

အကြီးအကဲယန်က
“ထာဝရနယ်နိမိတ်၊
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းနဲ့
ထာဝရနတ်ဘုရားနိုင်ငံတော်တို့ကို
ငါလေ့လာခဲ့တယ်။ ဒါကြောင့်

နည်းနည်းလေးသိတယ်။
အခုသွားနေတာ မင်းအတွက်
တော်တော်လေး
အန္တရာယ်များလိမ့်မယ်”

ယန်ယဲ့က “ငါအဲ့ဒီကို ပေါ်တင်
မသွားပါဘူး။ ခိုးဝင်ဖို့
စီစဉ်ထားတယ်”

ဤအချိန်တွင်

သူတို့နှစ်ယောက်က

ခန်းမအပြင်သို့ကြည့်လိုက်သည်။

ထိုနေရာမှ

အသံတစ်သံထွက်လာသည်။

“ငါက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်စုရဲ့ ဒုတိယတပ်မှူးပါ။
သခင်လေးယန်နဲ့ ဒီဟွာရှနိုင်ငံရဲ့
ခေါင်းဆောင်ကို တွေ့ချင်ပါတယ်”

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး
နွယ်”

ယန်ယဲ့လည်း ခန်းမထဲကနေ

ထွက်လာလိုက်သည်။

အနီးအဝေးတွင်

အနက်ရောင်ချပ်ဝတ်တန်ဆာ

ဝတ်ဆင်ထားသော

သက်လတ်ပိုင်းအမျိုးသားကို

တွေ့လိုက်ရသည်။

ထိုလူက ယန်ယဲ့အား
“ဆရာကြီးယန်” ဟုခေါ်ရင်း
အနည်းငယ် ဦးညွှတ်လိုက်သည်။

ယန်ယဲ့က“မူလကောင်းကင်ဘုံဂို
ဏ်း က ဘာဖြစ်ချင်နေတာလဲ...”
ဟုမေးလိုက်သည်။

ထိုလူက “သူတို့က ငါ့ဟောင်းလင်းပြင်ပျက်သုဥ်းခြင်း မျိုးနွယ်ရဲ့ လက်အောက်ခံတွေပါ။ ဒီနိုင်ငံက မင်းတည်ထောင်ထားတဲ့ အင်အားစုဆိုတာကို ငါတို့မသိလိုက်ဘူး။ ဒါက နားလည်မှုလွဲမှားရုံလောက်ပဲ။

ဒီအမှားလေးအတွက်

ခွင့်လွှတ်ပေးဖို့ မျှော်လင့်ပါတယ်”

ယန်ယဲ့က ခေါင်းခါလိုက်သည်

“ဘာမှအရမ်းကြီး

မပြင်းထန်ပါဘူး။

ဒီတိုင်းပြည်လေးက

ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုးနဲ့

ယ် ဒါမှမဟုတ်

ထာဝရနတ်ဘုရားနိုင်ငံတော်အတွ

က်

ဘာအကူအညီမှပေးနိုင်မှာမဟုတ်

ဘူး။

ကြားနေရုံလောက်ပဲနေခွင့်ပေးလို

က်ပါ။ ဟုတ်ပြီလား...”

ထိုလူက "ဟုတ်ပါတယ်။
ဒီမြို့လေးဟာ အခုကစလို့
ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ် ကာကွယ်မှုအောက်မှာ
ရှိနေမယ်။ လိုအပ်ရင် မင်းဟာ
တစ်စုံတစ်ယောက်ကို
မှုလကောင်းကင်ဘုံဂိုဏ်းဆီလွှတ်
ပြီးတော့
အကြောင်းကြားနိုင်တယ်"

ယန်ယဲ့က ခေါင်းညိတ်သည်
“ဒီလိုဆို ကျေးဇူးတင်ပါတယ်”

ထိုလူက ယန်ယဲ့ကို အနည်းငယ်
ဦးညွှတ်ကာ “နှုတ်ဆက်ပါတယ်”
ထိုစကားပြောပြီးနောက်

အဝေးဆီသို့

ပျောက်ကွယ်သွားသည်။

တစ်ဖက်မှာလည်း

ယန်လျန်ရှမ်းက “ဟွန့်…

မနာလိုစရာပဲ။ သူတို့က နင့်ကို

မျက်နှာသာပေးထားတယ်”

ယန်ယဲ့က “ငါက သူတို့ရဲ့

အိမ်ရှေ့မင်းသားနဲ့

မိတ်ဆွေအရင်းတွေလေ။ ဘာပဲ

ဖြစ်ဖြစ်

လက်တလောအရေးကြီးတဲ့

ကိစ္စတွေကို ပြန်သွားရအောင်။

မင်းဒီမြို့အတွက် အကုန်လုံး

ပြင်ဆင်ထားပြီးပြီလား…”

သူမက ခေါင်းညိတ်ပြီး

“ငါအားလုံးကို

လက်တွေ့ကျကျပြင်ဆင်ထားပြီး

ပြီ။ ဒီမှာက အစ်ကိုကြီးယွမ်လည်း

ရှိနေတော့ အဆင်ပြေသွားမှာပါ။

နည်းနည်းတော့

မငြိမ်မသက်ဖြစ်ရင်ဖြစ်နိုင်တယ်။

အဓိက ပြဿနာက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်နဲ့

ထာဝရနတ်ဘုရားနိုင်ငံတော်ပဲ။

အချင်းချင်းစစ်ဖြစ်ရင် ငါတို့

ဒုက္ခရောက်လိမ့်မယ်။ ဒါပေမဲ့

နင်ရဲ့ဩဇာလွှမ်းမိုးမှုကို

ငါမြင်တွေ့ရတယ်။ အခု

ငါအေးအေးဆေးဆေးထွက်သွားနိုင်ပြီ”

ထိုနောက် ဝမ်အရှူးမလေးနဲ့နှင်းပွင့်ကိုစိုက်ကြည့်ကာ “မင်းတို့နှစ်ယောက်က အစ်မကြီးလျန်ရှမ်းရဲ့စကားကိုနားထောင်မှာမဟုတ်လား…”

နှစ်ယောက်စလုံးက
ကမန်းကတန်း
ခေါင်းညိတ်လိုက်ကြသည်။
နှစ်ယောက်စလုံးက
ယခုအချိန်တွင် ဘယ်အရာမဆို
သဘောတူပါလိမ့်မည်။

ယန်လျှန်ရှမ်းက ပြုံးပြီး

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“နင်လည်း ဂရုစိုက်ပါ။

အထူးသဖြင့် နင့်ရဲ့

ကြောက်စရာကောင်းတဲ့ ဒေါသနဲ့

ပတ်သက်ပြီး

သင့်တော်သလိုပြောင်းလဲနိုင်အော

င် ကြိုးစားပါ။ အထူးသဖြင့်တော့

ထာဝရနတ်ဘုရားနိုင်ငံတော်မှာ

အတတ်နိုင်ဆုံး ကိုယ့်ကိုယ်ကို
နှိမ့်ချနေဖို့ ကြိုးစားပါ”

ယန်ယဲ့ကပြုံးပြီး “ငါလုပ်မယ်”

“အစ်ကိုကြီးယန်”

ဝမ်အရူးမလေးက ရုတ်တရက်

“နှင်းပွင့်နဲ့ငါ

ရက်နည်းနည်းကြာအောင်

ပျော်ပါးနေပြီးတာနဲ့ ပြန်လာမှာပါ။

ဒါကြောင့် ပြန်တွေ့ရင်

နင်အသက်ရှင်နေဖို့

မျှော်လင့်ပါတယ်။

နှင်းခဲလေးပြန်လာလို့

မတွေ့ရင်သူမ

အရမ်းဝမ်းနည်းနေလိမ့်မယ်။
ဒါပေမဲ့ စိတ်မပူပါနဲ့ ငါတို့
လက်စားချေပေးမယ်”

ယန်ယဲ့က သူမ၏ခေါင်းကို
ပုတ်လိုက်ပြီး “အပိုတွေမပြောနဲ့”

သူမက

လျှာထုတ်ပြောင်ပြလိုက်သည်။

နှင်းပွင့်လေးက ယန်ယဲ့ဆီသို့

ပျံသန်းသွားပြီး

သူမ၏လက်သည်းများကို

ဝှေ့ယမ်းလိုက်သည်။ သူ့ကို

သတိထား ဂရုစိုက်ဖို့
ပြောနေတာပါ။

ယန်ယဲ့က သူ့မ၏ခေါင်းလေးကို
ပွတ်သပ်ရင်း“စိတ်မပူပါနဲ့ ငါက
အရမ်းသန်မာတယ်။
မင်းမသိဘူးလား…”

ထိုနောက် အန်နန်ကျင်းကို
ကြည့်ပြီး “သတိထားပါ”

သူမက ခေါင်းညိတ်ပြီး
“နင်လည်းပဲ”

ဤအချိန်တွင် ယန်လျန်ရှမ်းက
လက်နှစ်ဖက်ဖြင့် ထူးဆန်းသော

တံဆိပ်တစ်ခုကို
ဖန်တီးလိုက်သည်။
သိပ်မကြာလိုက်ပေ
ခန်းမအပြင်ဘက်တွင်
အပြာရောင်
အလင်းစက်ဝန်းကြီးတစ်ခုပေါ်လာ
သည်။

ထိုနောက်တွင် ယန်လျန်ရှမ်းက
အန်နန်ကျင်း
ဝမ်အရှူးမလေးနှင့်နှင်းပွင့်တို့အား
ခေါ်ကာ အလင်းစက်ဝန်းထဲသို့
ဝင်ရောက်သွားသည်။
ဝမ်အရှူးမလေးနှင့် နှင်းပွင့်လေးက
လက်ကို ဝှေ့ယမ်းလိုက်ကြသည်။
နှင်းပွင့်လေးက ယန်ယဲ့ကို
လှည့်ကြည့်ရင်း မျက်ရည်များ

ရုတ်တရက် စီးကျလာသည်။
သူမ၏ ဆုံးဖြတ်ချက်ကို
ပြန်ပြင်ချင်နေပုံရသည်။

သူမ၏ပုံစံက မသွားချင်တော့ပေ။
သို့သော် နောက်ကျသွား၏။
ပေါ်တယ်စနစ် အသက်ဝင်လာပြီး

အားလုံး
ပျောက်ကွယ်သွားကြသည်။

ယန်ယဲ့သည် ထိုနေရာကို
အကြာကြီး စိုက်ကြည့်နေသည်
“နှုတ်ဆက်ခြင်းလား...ဒါက
သိပ်တော့ မကောင်းသလိုပဲ”

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၄ - ထာဝရနိုင်ငံတော်

သို့ဝင်ရောက်ခြင်း

နှင်းပွင့်လေး၊ ဝမ်အရှူးမလေးနှင့်
အန်နန်ကျင်းတို့
ထွက်ခွာသွားကြသည်။
ယန်ယဲ့သည် အနည်းငယ်
ဗလာကျင်းသွားသလို
ခံစားလိုက်ရသည်။ ယခုမှသာ
သူက ထိုလူများ၏တည်ရှိမှုကို
သတိပြုမိပုံရသည်။ သူ့ဘေးနားရှိ
လူတိုင်းအတွက်

ခံစားမိလာသည်။ ၎င်းက

သဘာဝအတိုင်းပါ။

ဆုံးရှုံးသွားတဲ့အခါ တစ်ခုခုကို

ပိုပြီး မြတ်နိုး

တန်ဖိုးထားကြသည်။

ကံကောင်းထောက်မစွာ

နှင်းပွင့်လေး ဝမ်အရှုးမလေးနှင့်

အန်နန်ကျင်းတို့က ယန်လျန်ရှမ်း
နှင့် ပျော်ပျော်ရွှင်ရွှင်
အလည်အပတ်သွားကြတာပါ။

ယန်ယဲ့က အချိန်အတော်ကြာ
ငြိမ်သက်သွားပြီး အကြီးအကဲ
ယွမ်ကို စိုက်ကြည့်ကာ
“မင်းအတွက်

ဒီမှာအရာအားလုံးကို

လက်လွှဲပေးထားခဲ့မယ်။

လိုအပ်ရင်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်ဆီကို လူလွှတ်ပြီး

အကူအညီတောင်းနိုင်တယ်”

အကြီးအကဲယွမ်က
ခေါင်းညိတ်သည်
“မင်းသတိထားပါ”

ယန်ယဲ့ကပြုံးပြီး “မင်းလည်းပဲ”

ယန်ယဲ့သည် အကြာကြီးမနေဘဲ ကောင်းကင်အထက်သို့ပျောက်ကွယ်သွားသည်။

မူလစေတီထဲမှာ မူလနဂါးက ဝမ်အရူးမလေးနှင့် နှင်းပွင့်လေးတို့မရှိသောကြောင့် ယခုအခါ မူလနတ်ဆိုးအုပ်၏ခေါင်းဆောင်

ဖြစ်သည်။

မူလနတ်ဆိုးအောက်က

ကောင်းကင်ဓားစင်မြင့်

အထက်တွင် ရပ်နေကြသည်။

မျက်နှာများ မှုန်ကုပ်ကုပ်

ဖြစ်နေကြသည်။

ဝမ်အရှုးမလေးနှင့် နှင်းပွင့်

ထွက်သွားခဲ့သောကြောင့်

စိတ်အလိုမကျ ဖြစ်နေပုံရသည်။

သို့သော် ဘဝက ကိုယ်လမ်းကို

ဆက်လျှောက်ရသည်မဟုတ်ပါ

လား...။

မူလနဂါးက ရုတ်တရက်
"လေ့ကျင့်ရမယ်"

"လေ့ကျင့်ရမှာလား..."

အားလုံး တုန်လှုပ်သွားကြသည်။
ဤအခိုက်အတန့်တွင် အကုန်လုံး
ဝမ်အရှုးမလေး

ပြောခဲ့သည့်စကားကို

သတိပြန်ရသွားခဲ့ကြသည်။

ထိုနောက်တွင်တော့

လျှပ်စီးကန်ဆီသို့

ဦးတည်လိုက်ကြသည်။

အလွန်နာကျင်သော်လည်း

တော်တော်လေး

ထိရောက်ခဲ့ကြသည်။

ယန်ယဲ့နှင့် ဝမ်အရှုးမလေးတို့မှ
အကျိုးအမြတ်
ကြီးကြီးမားမရခဲ့သည်မဟုတ်ပေ။
မူလနတ်ဆိုးများအားလုံးလည်း
အကျိုးရှိခဲ့ကြသည်။ ၎င်းတို့က
အဆင့်တူ မူလနတ်ဆိုးများထက်
သာလွန်သည်ဟု ဆိုနိုင်ပါသည်။

အလွန်ကြောက်မက်ဖွယ်ရာကောင်းသော တိုက်ခိုက်ရေးစွမ်းအားပိုင်ဆိုင်ထားသည့် မူလနတ်ဆိုးအုပ်ကြီးပင်ဖြစ်သည်။

ထိုပြင် အားလုံးက ပို၍ကြီးထွားသန်မာလာကြသည်။

ယန်ယွဲ့သည် ထာဝရမြစ်သို့

ဦးတည်မသွားပေ။ ထိုအစား

ထာဝရနယ်နိမိတ်သို့

ဦးတည်သွားခဲ့သည်။

ထာဝရနယ်နိမိတ်ရှိ

အာကာသထဲတွင်

ယန်ယွဲ့သည်အနက်ရောင်

နန်းတော်ကြီးတစ်ခုရှေ့သို့

ရောက်လာသည်။

နန်းတော်ထိပ်ပိုင်း၌
“စောင့်ရှောက်သူများ”ဟူသော
စာလုံးကြီးသုံးလုံးကို
ရေးထိုးထားသည်။

“အစောင့်အရှောက်တွေ”

လက်တွေ့အားဖြင့် သူ့ကို
လိုက်လံဖမ်းဆီးသော
လူတိုင်းပျက်သုဉ်းသွားပြီးဖြစ်သ
ည်။ သို့သော် အစောင့်အရှောက်
အင်အားစုသာ ကျန်တော့သည်။
သဘာဝအတိုင်း
မေ့ထားမည်မဟုတ်ပေ။

ယန်ယဲ့သည် နန်းတော်သို့

သွားလိုက်သော်လည်း

လွတ်နေသည်။

နတ်ဘုရားစိတ်အာရုံအသိဖြင့်

စစ်ဆေးလိုက်သော်လည်း

သက်ရှိအရိပ်အယောင်ကိုပင်

မတွေ့ပေ။

“ထွက်သွားကြပြီလား…”

ယန်ယဲ့က နန်းတော်ကို ငုံ့ကြည့်ပြီး သူ့စားကို ပိုင်းချလိုက်သည်။

“ဆူး…”

မရေမတွက်နိုင်သော

ဓားစွမ်းအင်များ

ဆင်းသက်လာပြီး

အနက်ရောင်နန်းတော်ကြီးက

ချက်ချင်းပင်

အစိတ်စိတ်အမြွာမြွာ

ကွဲထွက်သွားသည်။ ထိုနောက်

ယန်ယွဲ့သည်လည်း

လှည့်ထွက်သွားသည်။

ခဏအကြာတွင် ယန်ယဲ့သည်
မြောက်ပိုင်းဓားဂိုဏ်း၏မြေအော
က်ခန်းမထဲသို့ရောက်လာသည်။

ချန်းရှမ်နန်က
"မင်းထာဝနတ်ဘုရားနိုင်ငံတော်ကို
သွားတော့မလို့လား..."

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။

ချန်းရှမ်နန်က အနည်းငယ်
ခေါင်းညိတ်ပြီး
“အတွေ့အကြုံတစ်ခုကို
ကိုယ်တိုင်ကြုံတွေ့ရတာ

ကောင်းပါတယ်။ အဲ့ဒီမှာရှိတဲ့
သိုင်းတာအိုက ဒီစကြဝဠာမှာ
အကောင်းဆုံးပဲ”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
“အကြီးအကဲ လူတွေက
သိုင်းတာအိုရဲ့အခြေအနေကို
အမြဲပြောကြတယ်။ ဒါကြောင့်

သိုင်းတာအို မဟုတ်ဘဲနဲ့ တခြား
ဝိညာဉ်တာအို၊ ဒါမှမဟုတ်
ရုပ်ခန္ဓာတာအိုတို့
ရှိကောင်းရှိမလား...”

ချန်းရှမ်နန်က ပြုံးပြီး “ဘာပြောဖို့
ကြိုးစားနေတာလဲ...”

ယန်ယဲ့က “မင်းဆီက
လမ်းညွှန်ချက်တစ်ခုလိုချင်လို့
ငါလာတွေ့တာ။
ငါ့အမြင်အရတော့ လူတွေက
အသက်ပိုကြီးလေလေသူတို့ရဲ့
သေခြင်းတရားကို
ပိုကြောက်လေလေပဲ။ သူတို့ရဲ့
ရည်မှန်းချက်က ပိုကြီးလေလေ
လို့ပြောရမယ်။

ဘာကြောင့်လဲဆိုတော့ သူတို့

စိုးရိမ်စရာ ဘ၀ကလွဲလို့

အခြားဘာမှမလိုအပ်ဘူး။ အခြား

အရာအားလုံးကို

စွန့်လွှတ်နိုင်လို့ပဲ။

ထာဝရအသက်ရဲ့

မဟာတာအိုထက်

ပိုပြီးအရေးကြီးတဲ့ အရာဆိုတာ

မရှိဘူး။ အရာအားလုံးက

ထာဝရအသက်ရဲ့ရှေ့မှာ
ပုရွက်ဆိတ်တစ်ကောင်သာသာပဲ
လို့ လူအများစုက ထင်ကြတယ်”

ချန်းရှမ်နန်က “ဒါက
မှားသလား…။ လူတိုင်းမှာ
ပြင်းပြတဲ့အလိုဆန္ဒရှိတယ်။
တကယ်လို့ မင်းမှာ

ထာဝရအင်မော်တယ်သလင်း

ကျောက် (၁၀,၀၀၀) ရှိရင်

နောက်ထပ်

(၁၀၀,၀၀၀)ကိုလိုချင်နေလိမ့်မယ်

။ ပြီးရင်

၁ သန်းလောက်ရှာမယ်။

လူသားတွေရဲ့ဆန္ဒနဲ့ အလိုဆန္ဒက

အဆုံးမရှိဘူး။

သူ့မှာကောင်းတာတစ်ခုခုရပြီးဆို
တာနဲ့ ပိုကောင်းတဲ့အရာကို
လိုချင်ကြတယ်။ လူသားတွေရဲ့
နှလုံးသားက ဒီလိုပဲ။
အတိအကျပြောရရင်မမှားဘူး”

ယန်ယဲ့လည်း ငြိမ်သွားသည်။
“အလိုဆန္ဒနဲ့ ရည်မှန်းချက်”
မည်သူက လွှန်ဆန်နိုင်မည်နည်း။

ချန်းရှမ်နန်က ဆက်ပြောသည်။
“မင်းပြောတာကို
ငါနားလည်တယ်။
သန်မာတဲ့လူတွေကိုပဲ လေစားလို့

ငါတို့နေတဲ့ကမ္ဘာက

ရက်စက်လွန်းတယ်လို့

ထင်နေသလား...။ ဒါပေမဲ့

လူတိုင်းက ကျင့်ကြံနေတယ်။

ဒါကြောင့်

အရင်းအမြစ်တွေအတွက်

အဆုံးမရှိ တိုက်ပွဲဝင်နေရတယ်။

ဒီသဘောတရားကို

မင်းသဘောပေါက်ရမယ်။

အရင်းအမြစ်တွေအတွက်

တိုက်ပွဲဆိုတာ

ငါတို့လောကအတွက်မဟုတ်ဘဲ

လောက

အသီးသီးမှာဖြစ်နေတာပါပဲ။

ရှေးခေတ်ကနေ အခုအချိန်ထိ

အသက်ပိုရှင်လာတဲ့အတွက်

အများကြီးတွေ့ခဲ့ရတယ်။

နိဂုံးချုပ်ပြောရရင် ဒါက

သင့်တော်ဆုံး ရှင်းပြမှုကို

ပြောရမယ်”

ယန်ယဲ့က

ခါးသက်သက်ရယ်မောပြီး

ဘာမှပြန်မပြောပေ။

ချန်းရှမ်နန်က “မင်းက

ဓားသမားပဲလေ။ စိတ်ခံစားမှုနဲ့

ဆက်ဆံရေးကို အဓိက မြတ်နိုးတဲ့

ဓားသမားတစ်ယောက်ပေါ့။

ဒါပေမဲ့ မင်းရဲ့ပုံစံက

အသေးအမွှားပုံစံတစ်ခုပဲ။ အဲ့ဒါရဲ့

အဓိက ပုံစံတော့မဟုတ်သေးဘူး။

မင်းရဲ့ဓားက

ချစ်ရသူတွေအတွက်တိုက်ပွဲဝင်တ

ယ်။ အဲ့ဒါက မင်းရဲ့

ဓာတ်ာအိုလမ်းစဉ်ပုံစံပဲ။ ဒါပေမဲ့

ခေါင်းတယ် ဓားတာအိုမှာတောင်

အရာအားလုံးကို

ပြီးဆုံးအောင်လုပ်ရဦးမယ်။

အရာရာတိုင်းက

လုပ်ငန်းစဉ်လိုတယ်။

နောက်ဆုံးအနေနဲ့

ငါမင်းကိုတစ်ခုပြောမယ်။

စစ်မှန်တဲ့ ကျင့်ကြံသူတွေနဲ့

စစ်မှန်တဲ့ စွမ်းအားရှင်တွေက

အားနည်းသူတွေရဲ့ဘဝကို

လျစ်လျူမရှုဘူး။

အားနည်းသူတွေကို

သတ်ဖြတ်တာ ဒါမှမဟုတ်

အနိုင်ကျင့်တာကနေ

ပျော်ရွှင်မှုမရှာဘူး။ မင်းက

အတိုင်းအတာ တစ်ခုအထိ

သန်မာလာတဲ့နေ့ရောက်ရင် မင်းရဲ့
စိတ်နှလုံးကို
သစ္စာစောင့်သိနေနိုင်မယ်လို့
ငါမျှော်လင့်ပါတယ်”

ယန်ယဲ့က ချန်းရှမ်နန်ကို
ဦးညွှတ်ပြီး ထွက်သွားသည်။

ယန်ယဲ့ထွက်သွားတာနဲ့
ချန်းရှမ်နန်က ခေါင်းယမ်းကာ
ပြုံးလိုက်သည်။ "သူနှလုံးသားက
ကြင်နာတက်တာပဲ"

သူက ယန်ယဲ့ကို အတော်လေး
မျှော်လင့်ထားမိသည်။
ယန်ယဲ့သည် လုံး၀

တစ်ကိုယ်ကောင်းဆန်သူ

သို့မဟုတ် လိုချင်သောအရာကို

ရယူရန်

တုံ့ဆိုင်းနေတက်သူမဟုတ်ပေ။

ထို့ပြင်

ရက်စက်ကြမ်းကြုတ်သော်လည်း

နှလုံးသားမဲ့သူမဟုတ်ပါ။ ထို့ပြင်

ပို၍တိကျအောင်ပြောရလျှင်

သူနှလုံးသားထဲ၌
ခံစားချက်အပြည့်ရှိနေခဲ့သည်။

ချန်းရှမ်နန်၏ အမြင်အရတော့
ရန်သူအပေါ်
ရက်စက်ကြမ်းကြုတ်ခြင်းသည်
မမှားပါ။ ရန်သူအပေါ်သနား
ညှာတာရမည်လား။ ရန်သူအပေါ်

ငဲ့ညှာတက်သူများက
အသက်ကြာကြာမရှည်နိုင်ပေ။

ယန်ယွဲ့သည်
မြောက်ပိုင်းဓားဂိုဏ်းမှ
ထွက်လာပြီး ထာဝရမြစ်သို့
ရောက်ရှိလာခဲ့သည်။
ဤအချိန်တွင်တော့

ဘယ်နတ်ဆိုးကမှ

သူ့ကိုမတားကြပေ။

နောက်ဆုံးတွင် နတ်ဆိုးများက

ယန်ယဲ့နှင့်

ဝမ်အရှူးမလေးတို့၏တိုက်ပွဲကို

မြင်တွေ့ခဲ့သောကြောင့်

ငြိမ်သက်နေခဲ့ကြသည်။

ထိုလှိုဝှက်ဆန်းကြယ်သော

ကလေးမလေးက

ပင်းလယ်နတ်ဆိုးတိုင်း

ကြောက်လန့်နေသူတစ်ယောက်ပ

င်။

ထိုအတွက်ကြောင့်ယန်ယဲ့သည်

စကြဝဠာတံတိုင်း ရှေ့သို့

ချောချောမွေ့မွေ့ရောက်လာခဲ့သ

ည်။

စကြဝဠာတံတိုင်းကို

စိုက်ကြည့်ရင်း တစ်စုံတစ်ခု

ထုတ်ယူလိုက်သည်။

သူ့စိတ်ထဲကနေ

စိတ်ဆန္ဒအမျှင်တစ်ခုထုတ်လိုက်

ရာ စကြဝဠာတံဆိပ်က

တုန်လှုပ်သွားသည်။

ခဏအကြာတွင် တံဆိပ်က
နံရံကိုဖိလိုက်ပြီး
အလယ်ဗဟိုကနေ
ဖြည်းဖြည်းချင်း
ကွဲထွက်သွားသည်။
ပွင့်ထွက်သွားသည်နှင့်
တစ်ပြိုင်နက် တစ်ဖက်မှ

အလွန်သိပ်သည်းသန့်စင်သော
ဝိညာဉ်စွမ်းအင်
ကြိုးတစ်ချောင်းထွက်လာသည်။
၎င်းသည် ထာဝရနယ်နိမိတ်ရှိ
ဝိညာဉ်စွမ်းအင်က
အစပေါင်းများစွာ
သိပ်သည်းသန့်စင်သော
ဝိညာဉ်စွမ်းအင်ဖြစ်သည်။

ထာဝရမြစ်တစ်စင်းလုံး
လှူးလှိမ့်စပြေလာသည်။
ဤနေရာရှိ သက်ရှိတိုင်းဟာ
ထာဝရနတ်ဘုရားနိုင်ငံတော်၏
အရှိန်အဝါကို ခံစားမိပုံရ၏။
ယန်ယဲ့ဝင်သွားပြီး
စကြဝဠာတံတိုင်း ပိတ်သွားသဖြင့်

ထာဝရမြစ်တစ်လျှောက်
မရေမတွက်နိုင်သော နတ်ဆိုး
အောင်သံများ
ထွက်ပေါ်လာခဲ့သည်။

စကြဝဠာတံတိုင်းနှင့်
သိပ်မဝေးသော နေရာတွင်

အမျိုးသမီးတစ်ဦး တိတ်တဆိတ်ရပ်နေ၏။ နန်လီမုန့်ပင်ဖြစ်သည်။

စကြဝဠာတံတိုင်းကို အကြာကြီးစိုက်ကြည့်နေရင်းမှ ရုတ်တရက်ဘေးကို လှည့်ကြည့်လိုက်ရာ အနက်ရောင်ဝတ်စုံဝတ်လူတစ်ယောက်ပေါ်လာသည်။

အနက်ရောင်ဝတ်စုံဝတ်လူက
နန်လီမုန့်ကို ရှိသေစွာ
ဦးညွတ်လျက် “မုန့်အာ
ထာဝရနတ်ဘုရားနိုင်ငံတော်နဲ့
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်က ငါတို့ဆီကို
ရောက်လာပြီ။ အခုတော့

ရွေးချယ်ရတော့မယ်။

ဆရာကြီးက မင်းရဲ့အမြင်ကို

မေးခိုင်းလိုက်တယ်”

နန်လီမုန့်က “သူက

ဘယ်လိုထင်လဲ”

အနက်ရောင်ဝတ်စုံဝတ်အမျိုး
သားက ခေါင်းခါပြီး “မသိဘူး။
ငါက  သူ့အမြင်ကိုပြောဖို့ပဲ
တာဝန်ရှိတယ်”

နန်လီမုန့်က ခဏငြိမ်သက်သွားပြီး
“ငါတို့အချိန်ဆွဲထားလို့မရဘူးလား
…”

အနက်ရောင်ဝတ်စုံဝတ်အမျိုး
သားက “မရနိုင်မှာ
ငါကြောက်တယ်။ နှစ်ဖက်စလုံးက
စိတ်ရှည်ရှည်ထားပေးမှာမဟုတ်
တော့ဘူး။ တမင်အချိန်ဆွဲထားရင်
နှစ်ဖက်စလုံးကို စော်ကားရာ
ရောက်မယ်။ ဒါဆို ပိုဆိုးမယ်”

နန့်လီမုန့်က
“ထာဝရနယ်နိမိတ်အပေါ် သူတို့ရဲ့
သဘောထက ဘယ်လိုလဲ...”ဟု
ထပ်မေးသည်။

အနက်ရောင်ဝ်တ်စုံဝတ်အမျိုး
သားက

ခဏကတိတ်ဆိတ်သွားပြီး“ထာဝရနယ်နိမိတ်က

စစ်မြေပြင်ဖြစ်လာလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့

စစ်ပွဲတစ်ခုလုံးရဲ့ရလဒ်ကို

ဆုံးဖြတ်မဲ့ နောက်ဆုံး

အခိုက်အတန့်မဖြစ်ရင်

သူတို့နှစ်ဖက်စလုံးက

သက်ဆိုင်ရာနယ်မြေအပေါ်မှာ

တိုက်ခိုက်မှာမဟုတ်လို့ပဲ။

တစ်နည်းပြောရရင် စစ်ပွဲပြီးရင်

ထာဝရနယ်နိမိတ်က

ပျောက်ကွယ်သွားလိမ့်မယ်။

လွန်ခဲ့တဲ့ နှစ်တွေမှာ

ဝိညာဉ်ဖန်ဆင်းရှင် ရှိနေလို့

ထာဝရနယ်နိမိတ်က ခံသာနေတာ

လက်ရှိဝိညာဉ်ဖန်ဆင်းရှင်က

ဒီအချိန်က သူက

တော်တော်လေး…”

မပြောဖြစ်တော့ပေ။

သူတို့၏စုံစမ်း စစ်ဆေးမှုအရ

လက်ရှိခေတ်၏

ဝိညာဉ်ဖန်ဆင်းရှင်က

ချစ်စရာအိမ်မွေးသားရဲလေးတစ်ကောင်ထက်မပိုပါ။

ဝိညာဉ်ဖန်ဆင်းရှင်က လောကကို ကယ်တင်မည်လား။ မဖြစ်နိုင်ပေ။

ယန်ယွဲ့သည်သာ သူမ၏ကမ္ဘာဖြစ်ပြီး ယန်ယွဲ့ကိုသာ ဂရုစိုက်နေသည်။

သို့သော် ယန်ယဲ့သည်
ထာဝရနယ်နိမိတ်ကို
ဂရုဏာမထားသောကြောင့်
ကယ်တင်မည်မဟုတ်ပေ။
ယန်ယဲ့အနေဖြင့်
ထာဝရနယ်နိမိတ်တစ်ခုလုံးကို
မဖျက်ဆီးတာကပင်
သူတို့အတွက် ကောင်းနေပြီးဟု
ပြောရမည်ဖြစ်သည်။

ထို့ကြောင့်
အနက်ရောင်ဝတ်စုံဝတ်အမျိုး
သား၏ အမြင်အရတော့
ထာဝရနယ်နိမိတ်က
ပြီးဆုံးသွားပြီဖြစ်သည်။

နန်လီမုန့်က ခေါင်းညိတ်ပြီး

"ငါနားလည်ပြီ။

ဘယ်သူ့ကိုမှအဖြေပြန်မပေးနဲ့။

ငါတို့သဘောတူလိုက်ရင်

နှစ်ဖက်စလုံးအတွက်

အကြောက်စာကလွဲပြီး

ဘာမှမဟုတ်ဘူး။ လွတ်

မြောက်ရင်တောင်မှ

သွေးခင်းထားတဲ့ လမ်းပဲ"

အနက်ရောင်ဝတ်စုံဝတ်အမျိုး

သားက ခါးသက်သက်ရယ်မောပြီး

“မုန့်အာ ငါတို့မှာ

အခြားရွေးချယ်စရာမရှိတော့ဘူး။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

မျိုးနွယ်နဲ့

ထာဝရနတ်ဘုရားနိုင်ငံတော်

နှစ်ခုစလုံးကို ငါတို့
စော်ကားဖို့မတတ်နိုင်ဘူး။
တကယ်တော့
ငါတိုမလိုချင်ရင်တောင်မှ
ငါတို့ရွေးချယ်ရမှာ”

နန်လီမုန့်က သူ့ကို
တစ်ချက်ကြည့်လိုက်ပြီး “ငါတို့

သူတို့ကို စော်ကားဖို့ မတတ်နိုင်ရင်
ပုန်းနေလို့မရဘူးလား…”

ထိုလူက ခဏတုံ့ဆိုင်းသွားပြီး
“ငါတို့ ဘယ်မှာပုန်းနေကြမှာလဲ…”

နန်လီမုန့်က “မူလကမ္ဘာ
ဟွာရှနိုင်ငံတော်။ အဲ့ဒီနိုင်ငံမှာ

သူတို့ချမှတ်ထားတဲ့ စည်းမျဉ်း
သဘောထားတွေကို ခံယူမယ်လို့
ကတိပေးပြီးကိုယ့်ကိုယ်ကို
နှိမ့်ချနေကြမယ်။
ဟိုမှာရှိတဲ့အရာအားလုံးကို
လိုက်နာနိုင်အောင်
ကြိုးစားကြတာပေါ့”

အနက်ရောင်ဝတ်စုံဝတ်အမျိုး
သားက ခဏတုံ့ဆိုင်းသွားပြီး
"ဒါက ယန်ယဲ့ပိုင်တဲ့
အင်အားစုလား..."

သူမကခေါင်းညိတ်သည်
"နင်သူတို့ကို ပြန်ပြီးရှင်းပြလိုက်။
ဟွမ်ယင်က ယန်ယဲ့ကို

မျက်နှာသာပေးတဲ့အနေနဲ့ ငါတို့ကို
ခွင့်ပြုလိမ့်မယ်။ ဟုတ်တယ်၊
သူဒီလိုလုပ်မလား ဆိုတာတော့
ငါမပြောရဲဘူး။
ငါတို့ကြိုးစားကြည့်နိုင်တယ်”

အနက်ရောင်ဝတ်စုံဝတ်အမျိုး
သားက ခဏလောက်စဉ်းစားပြီး

“နှုတ်ဆက်ပါတယ်” ဟုပြောပြီး
နေရာမှာပင်
ပျောက်ကွယ်သွားသည်။

နန်လီမုန့်က စကြဝဠာတံတိုင်းကို
တစ်ချက်ကြည့်လိုက်ပြီး
“ဂရုစိုက်ပါ”

ထိုနောက်နေရာမှာပင် ပျောက်ကွယ်သွားသည်။

Translated by NyiNyiSoe